# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက် | ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၄ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၈)၊ အမှတ် (၀၆၅)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ပါတီကော်မတီ အတွင်းရေးမှူး မစ္စတာ ချန်းဟောင်အား လက်ခံတွေ့ဆုံ

## နယ်စပ်ဒေသ တည်ငြိမ် အေးချမ်းရေးအတွက် သက်ဆိုင်ရာအာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၃**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်ပါတီကော်မတီ၊ အတွင်းရေးမှူး မစ္စတာ ချန်းဟောင်အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးတွင် ယူနန်ပြည်နယ်သည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် နယ်စပ်ဒေသ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတိုးမြှင့်ရေး၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေး၊ ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုမြှင့်တင်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် သက်ဆိုင်ရာအာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးတို့အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ခဲ့ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်ပါတီကော်မတီ၊ အတွင်းရေးမှူး မစ္စတာ ချန်းဟောင်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်



## (၁၃) ကြိမ်မြောက် ပြင်ဦးလွင်ပန်းပွဲတော်တွင် အပင်ပေါင်းသုံးသိန်းကျော် စိုက်ပျိုးပြသမည်

**မန္တလေး ဒီဇင်ဘာ ၃**

ယခုနှစ် ကျင်းပမည့် ပြင်ဦးလွင်ပန်းပွဲတော်တွင် ပန်းအပင်ပေါင်းသုံးသိန်းကျော် စိုက်ပျိုးပြသသွားမည်ဖြစ်ကြောင်း အမျိုးသားကန်တော်ကြီးဥယျာဉ်မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးဝေမျိုးအောင်က ပြောသည်။

ယခုနှစ်တွင် ပန်းအမျိုးအစားပေါင်း ၆၉ မျိုးပါဝင်ပြီး အပင်ပေါင်း သုံးသိန်းကျော်ကို စိုက်ပျိုးပြသသွားမည်ဖြစ်သည်။

"အရင်ဆိုအပင်အရေအတွက် တစ်သိန်းခွဲ ၊ နှစ်သိန်းစိုက်ပျိုးပြသတယ်။ ဒီနှစ်မှာ အပင်အရေအတွက် သုံးသိန်းကျော် စိုက်ပျိုးထားပါတယ်" ဟု ဦးဝေမျိုးအောင်က ပြောသည်။ အပင်ပေါင်းသုံးသိန်းကျော်တွင် ပြည်တွင်းမျိုး ၇၀၀၀၀ ကျော် ၊ ဂျပန်၊ တရုတ်၊ ထိုင်းနိုင်ငံတို့မှ ပြည်ပမျိုး ၂၄၀၀၀၀ ပါဝင်ပြသမည်ဖြစ်သည်။ ယခုနှစ်ပန်းပွဲတော်တွင် ချင်းမိုင်မှ Garden and Friends ကုမ္ပဏီပူးပေါင်းပါဝင်ကာ ပန်းပွဲတော်ဒီဇိုင်းထုတ်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

ပြင်ဦးလွင်ပန်းပွဲတော်ကို ဒီဇင်ဘာ ၁၅ ရက်မှ ဇန်နဝါရီ ၁၅ ရက်အထိ တစ်လတိတိ ပြုလုပ်သွားမည်ဖြစ်ပြီး ဖျော်ဖြေပွဲ၊ ဈေးရောင်းပွဲ၊ သစ်ခွအလှပြိုင်ပွဲ၊ ပန်းအလှထိုးပြိုင်ပွဲနှင့် ဓာတ်ပုံပြိုင်ပွဲများကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အိမ့်မို့ခိုင်**




**မြန်မာ့အလင်း**

# စာရင်းဇယား အချက်အလက်နှင့် နိုင်ငံတိုးတက်ရေး

တိုးတက်ဖွံ့ဖြိုးရေးအကြောင်းပြောလျှင် စာရင်းဇယား၊ သတင်းအချက်အလက်တို့အကြောင်းကို ယှဉ်တွဲပြောရန် လိုပါမည်။ လက်တွေ့ဘဝထဲရှိ အချက်အလက်မှန်၊ သတင်းမှန်၊ စာရင်းဇယားမှန်တို့ကို မသိဘဲ စီမံကိန်းကြီးများ အကောင်အထည်ဖော်ရေးကိုသာ ဟန်တပြင်ပြင် မာန်တတင်းတင်းလုပ်နေ၍ အောင်မြင်မည်မဟုတ်ဆိုသည်ကို ဖြတ်သန်းလာခဲ့ပြီးသည့် သမိုင်းအတွေ့အကြုံများအရ မိမိတို့ သိရှိနားလည်ခဲ့ကြပြီး ဖြစ်ပါသည်။

စာရင်းဇယားနှင့် အချက်အလက်အတုအယောင်များ၊ အလိမ်အညာများဖြင့် ဖုံးလွှမ်းနေသော ခေတ်ကာလရှည်တစ်ခုအတွင်း နေခဲ့ရသည့်နိုင်ငံတော်အဖို့ ယနေ့သိမြင်နေရသည့် အချက်အလက်များ မည်မျှလောက် မှန်ကန်သလဲဟူသည်မှာ ဆန်းစစ်သင့်သည့် ကိစ္စမျိုးဖြစ်ပါမည်။

ထို့ကြောင့်ပင် ယခင်ခေတ်က ငွေရေးကြေးရေးကိစ္စများ စာရင်းဇယားများကို ပြန်လည်စိစစ်ရင်း ပေါ်လာသည့်ကြွေးမြီများ၊ မမှန်မကန် လုပ်ထားမှုများ၏ ကိန်းဂဏန်းကြီးများကို ကြားသိတွေ့ရှိနေရခြင်း ဖြစ်ပါသည်။

စာရင်းဇယား သတင်းအချက်အလက်များဟုဆိုရာတွင် နိုင်ငံ၏ ကဏ္ဍအသီးသီး၊ နယ်ပယ်အသီးသီးကို ယေဘုယျအားဖြင့် လေ့လာစိစစ်ခြုံငုံမိရန်လိုပါမည်။ လယ်ယာမြေ၊ ကျောက်မျက်၊ သစ်တော စသည့် သယံဇာတဆိုင်ရာများ၊ ဆောက်လုပ်ရေး၊ စည်ပင်၊ အကောက်ခွန်၊ အခွန်ဦးစီး၊ လူဝင်မှု၊ တရားရေး၊ ပြည်ထဲရေး၊ စက်မှု၊ ဆည်မြောင်း၊ ပြန်ကြားရေး၊ ယဉ်ကျေးမှု၊ သယ်ယူပို့ဆောင်ရေး၊ ဟိုတယ်နှင့်ခရီး စသည် စသည်...။

အထက်ပါ ခေါင်းစဉ်များကိုကြည့်လျှင်ပင် မှန်ကန်တိကျသော စာရင်းဇယားနှင့် အချက်အလက်များ လိုအပ်သည်ဆိုခြင်းကို ရိပ်မိလောက်ပါမည်။ အနာဂတ်စီမံကိန်းများနှင့် လုပ်ငန်းစဉ်များကို မည်သည့် အချက်အလက်များပေါ်မှာ အခြေခံကာ တွက်ချက်နေကြသလဲ၊ မည်သည့် စာရင်းဇယားများပေါ်မူတည်ကာ စီမံကိန်းများ ရေးဆွဲနေသလဲ ဆိုသည်တို့က စိန်ခေါ်မှုစစ်စစ်များ ဖြစ်ပါလိမ့်မည်။

တိုင်းဒေသကြီးများ၊ ပြည်နယ်များရှိ မြို့နယ်များ၊ ရပ်ကွက်များ၏ လူဦးရေတိုးတက်လာမှု စာရင်းများသည်ပင် မှန်မှန်ကန်ကန် ရှိပါရဲ့လား၊ ပြီးခဲ့သော အနှစ် ၂၀ တွင်းက မှုခင်းဖြစ်ပွားမှုနှင့် မှုခင်းအမျိုးအစားဆိုင်ရာ ရာခိုင်နှုန်းနှင့် စာရင်းဇယားများက အစစ်အမှန်ဖြစ်ပါရဲ့လား စသည့် ရရှိရန် မခက်ခဲလှသော အချက်အလက်များသည်ပင် လက်တွေ့ဘဝတွင်းမှာ အမှန်အတိုင်း ရနေပါရဲ့လားဆိုသည်က မေးခွန်းများ ဖြစ်နေသည်။

ဥပမာဆိုရပါမူ လေယာဉ်ကွင်းမှာ နေ့တိုင်း အတက်အဆင်းလုပ်နေသည့် လေယာဉ်ပျံများထံမှ ရရှိသောဝင်ငွေက တိုင်းပြည်ဘဏ္ဍာငွေထဲသို့ မည်မျှမည်ပုံ ဝင်ရောက်နေသည်ကို တိတိကျကျ ခွဲခြမ်းစိတ်ဖြာထည့်မတွက်ဘဲ လေယာဉ်ကွင်းအသစ်တည်ဆောက်ရေး စီမံကိန်းတစ်ခုကို မည်သို့အကောင်အထည်ဖော်မှာလဲ။

လမ်းအကျယ် မည်ရွေ့မည်မျှရှိပါမှ တိုက်အမြင့် မည်မျှလောက်ဆောက်သင့်သည်ဆိုသည့် အခြေခံစည်းမျဉ်းစည်းကမ်းများ ခိုင်ခိုင်မာမာ မပြဋ္ဌာန်းနိုင်သေးခင် ရှာလမ်းသာသာနေရာများတွင် ၆ ထပ် ၇ ထပ် ဆောက်ချင်သလို ဆောက်ခွင့်ပြုနေသည့် ဖွံ့ဖြိုးမှုထိန်းကွပ်ခြင်းဆိုင်ရာ အချက်အလက်များ မပြည့်မစုံဖြစ်နေခြင်းက မြို့များ စည်ပင်သာယာရေးကို အထောက်အကူပြုမည်လား၊ အကျပ်အတည်းတွေ့စေမည်လား ဆိုသည်ကို မည်သို့ဆုံးဖြတ်ကြမလဲ။

အချက်အလက်များ၏ တိကျသေချာမှု၊ မှန်ကန်မှုကို နှစ်ပေါင်းများစွာ လျစ်လျူရှုထားခဲ့သောအခါ ယနေ့ လက်ထဲရောက်နေသည့် စာရင်းဇယားများကို ယုံကြည်ရသော အချက်အလက်များဖြစ်အောင် မည်ကဲ့သို့ ပြန်လည်စိစစ်ကြမလဲဆိုသည်ကို ဆန်းစစ်ကြရလိမ့်မည်ဟု ထင်မြင်မိပါကြောင်း။ ။



# ရာဇဝတ်အထူးအယူခံမှု လေးမှုကို စီရင်ချက်ချ၊ သုံးမှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဒီဇင်ဘာ ၃**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁) ၌ ရုံးထိုင်၍ ရာဇဝတ်အထူး အယူခံမှု လေးမှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ရာဇဝတ်အထူးအယူခံမှု သုံးမှုနှင့် တရားမအထူးအယူခံမှု နှစ်မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# ၂၀၁၈ ခုနှစ် (၉၈)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃**

၂၀၁၈ ခုနှစ် (၉၈)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း (ဒဂုံ)ရှိ ဦးဘလွင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော (၉၈)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက အမှာစကားပြောကြားရာတွင် (၉၈)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ကျင်းပရခြင်းသည် နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာတွင် ပါရှိသည့်အတိုင်း ၁၉၂၀ ပြည့်နှစ်တွင် ယူနီဗာစီတီအက်ဥပဒေကို မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်သန်သည့် တက္ကသိုလ် ကျောင်းသား ကျောင်းသူများက ယူနီဗာစီတီအက်ဥပဒေတွင်ပါသည့် နိုင်ငံသူ နိုင်ငံသားများ၊ တိုင်းရင်းသား တိုင်းရင်းသူများ၏ တက္ကသိုလ်ပညာ လွတ်လပ်စွာ သင်ယူခွင့်ကို ကန့်သတ်ထားသည့်အတွက် တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ ဦးဆောင်မှုဖြင့် ယူနီဗာစီတီအက်ဥပဒေကို သပိတ်မှောက်ခဲ့ကြပါကြောင်း၊ မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့သည် ယူနီဗာစီတီအက်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် ကျောင်းသား ကျောင်းသူများက သပိတ်မှောက်သည့်နေ့၊ အမျိုးသားရေးစိတ်ဓာတ်ဖြင့် အောင်ပွဲရရှိစေရန် ဦးတည်ခဲ့သည့်နေ့ ဖြစ်သည့်အတွက် ၁၉၂၁ ခုနှစ် မန္တလေးမြို့တွင် ကျင်းပခဲ့သည့် နဝမအကြိမ် ဂျီစီဘီအေကွန်ဖရင့်က အမျိုးသားအောင်ပွဲနေ့အဖြစ် သတ်မှတ်ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ပညာရေးကို ကြည့်ပါက ရန်ကုန်တက္ကသိုလ်သည် မြန်မာနိုင်ငံ၏ ပထမဆုံးတက္ကသိုလ် ဖြစ်ပါကြောင်း၊ တက္ကသိုလ်၏ သမိုင်းကြောင်းကို ကြည့်ပါက ၁၈၇၈ ခုနှစ်တွင် ကာလကတ္တား တက္ကသိုလ်၏ လက်အောက်ခံအနေဖြင့် စတင်ခဲ့ပြီး တက္ကသိုလ်ပညာရပ်များကို သင်ကြားပို့ချခဲ့ပါကြောင်း၊ တက္ကသိုလ်၏ သမိုင်းကြောင်း သင်ခန်းစာများရယူပြီး ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များကို ၂၁ ရာစုတွင် လိုအပ်သော အပြန်အလှန်နားလည်မှု၊ လေးစားမှု၊ ကူညီဖြည့်ဆည်း၍ ဖြေရှင်းဆောင်ရွက်တတ်ရန်၊ အသင်းအဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်တတ်ရန်၊ တာဝန်ယူ တာဝန်ခံ၍ ပြည်သူများ၊ နိုင်ငံတော်နှင့် ကမ္ဘာကြီး၏ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် တာဝန်ကျေပွန်စွာ အကောင်းဆုံး တီထွင်ကြံဆလုပ်ဆောင်တတ်ရန် သင်ကြားသင်ယူလေ့ကျင့်ပေးရမည် ဖြစ်ပါကြောင်း ပြောကြားသည်။ **(အောက်ပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အထက(၂) ဒဂုံမှ ခြောက်ဘာသာ ဂုဏ်ထူးရရှိသူ နှစ်ဦးအား လည်းကောင်း၊ ဆရာကြီး ဦးဘလွင်၏သမီး ဒေါ်စုစုလွင်က အထက (၂) ဒဂုံမှ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအနက် အမှတ်အများဆုံးရရှိသူ တစ်ဦးအား ဦးဘလွင် ပညာသင်ဆုကို လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**သတင်းစဉ်**



# ရန်ကုန်တက္ကသိုလ်ဝင်ခွင့်ရရှိပြီး ကျောင်းအပ်နှံရန် နောက်ကျနေသူများကို လက်ခံဆောင်ရွက်ပေးနေ

**ရန်ကုန် ဒီဇင်ဘာ ၃**

ရန်ကုန်တက္ကသိုလ်ဝင်ခွင့်ရရှိပြီး အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နှံရန် နောက်ကျနေသူများ၏ ကျောင်းအပ်နှံမှုကို လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း ရန်ကုန်တက္ကသိုလ် ကျောင်းသားရေးရာဌာနမှ သိရသည်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်၌ ရန်ကုန်တက္ကသိုလ်တွင် ဖွင့်လှစ်သင်ကြားနေသော ဘာသာရပ်အသီးသီး၏ ပထမနှစ်သင်တန်းများသို့ ဝင်ရောက်ခွင့်ရရှိသူဦးရေမှာ ၁၉၆၂ ဦးဖြစ်ပြီး ကျောင်းအပ်လက်ခံချိန်တွင် ကျောင်းသား ကျောင်းသူပေါင်း ၁၃၈၉ ဦး လာရောက်အပ်နှံခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ရန်ကုန်တက္ကသိုလ် ဝင်ခွင့်ရရှိပြီး အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နှံရန် နောက်ကျနေသူများအနေဖြင့် ရန်ကုန်တက္ကသိုလ်ကိုယ်စားပြုပညာရေးအဖွဲ့ထံ နောက်ကျရသော အကျိုးအကြောင်း ခိုင်လုံစွာ တင်ပြလာသည့် ဝင်ခွင့်ရရှိသူများကို ကျောင်းအပ်နှံမှုလက်ခံဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

ထို့ပြင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၌ ကျရှုံးခဲ့သော ပထမနှစ်ကျောင်းသား ကျောင်းသူများ၏ ကျောင်းအပ်နှံမှုကိုလည်း လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်တက္ကသိုလ်၌ သင်ကြားနေသော ဘာသာရပ်များအနက် ဘာသာရပ် ၂၅ ခု၏ ပထမနှစ်သင်တန်းများကို ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)တွင် လည်းကောင်း၊ ငါးလုပ်ငန်းဆိုင်ရာ ဘာသာရပ်ကို ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်နောက်ကျောရှိ မစ္ဆဗေဒဌာနတွင် လည်းကောင်း စတင်ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တက္ကသိုလ်၌ ဘွဲ့ကြို(ရိုးရိုး/ဂုဏ်ထူးတန်း) သင်တန်းများ၊ ဘွဲ့လွန်နှင့် ပါရဂူသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

**ထင်သာမြင်သာ ပြုပြင်စရာ**

# သီပေါမြို့လယ်ချောင်း အမှိုက်များပိတ်ဆို့မှု ရှင်းလင်းရန်လိုအပ်နေ

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ ပန်းတိမ်မြောက်ရပ်ကွက် သဇင်လမ်းနှင့် အောင်သပြေလမ်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအနီး လမ်းလေးခွဆုံရာ မြို့လယ်ချောင်းအတွင်း အမှိုက်များ စည်းကမ်းမဲ့ စွန့်ပစ်မှုကြောင့် မြင်မကောင်းအောင် အမှိုက်များ စုပုံပိတ်ဆို့နေပြီး ရေစီးရေလာ စီးဆင်းမှု ဟန့်တားလျက်ရှိသည်ကို နိုဝင်ဘာ ၂၉ ရက်က မြင်တွေ့ရသည်။



သီပေါမြို့သည် သာယာလှပပြီး ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ နေ့စဉ်လာရောက်လည်ပတ် အပန်းဖြေရာမြို့ဖြစ်သည်နှင့်အညီ အဆိုပါချောင်းအတွင်းရှိ အမှိုက်ပုံကြီးကြောင့် မြို့၏သာယာလှပကောင်းမွန်သောပုံရိပ် ပျက်ပြားစေပြီး ဧည့်သည်များ အထင်မြင်သေးစရာဖြစ်စေသည့်အပြင် ရေစီးရေလာရပ်တန့်ပြီး ချောင်းရေလျှံ၍ လမ်းပျက်စီးမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ကြိုတင်ကာကွယ်ရှင်းလင်းရန် လိုအပ်ကြောင်း ယင်းရပ်ကွက်မှ ပြည်သူများက ပြောသည်။

**စိုင်း(သီပေါ)**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်ဂုဏ်ပြုဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်ဗဟိုအဆင့် ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ သတင်းစဉ်

❑ *ကျောဖုံးမှ*

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ကျောင်းသား ကျောင်းသူများက ထမ်းရွက်သယ်ပိုးနိုင်ငံ့အကျိုးတေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အမှာစကားပြောကြားရာတွင် ၁၉၉၂ ခုနှစ်မှ စတင်၍ နှစ်စဉ်ဒီဇင်ဘာလ ၃ ရက်ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် ကုလသမဂ္ဂအဖွဲ့ကြီးက ဂုဏ်ပြုသတ်မှတ်ထားပါကြောင်း၊ မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ၏အခွင့်အရေးနှင့် စွမ်းဆောင်နိုင်စွမ်းများကို လူ့အဖွဲ့အစည်းအတွင်း သိရှိအလေးထားလာကြစေရန် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ကို ၁၉၉၄ ခုနှစ်က စတင်၍ နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်တွင် အစဉ်အလာမပျက် ဂုဏ်ပြုကျင်းပခဲ့ရာ ယခု ၂၀၁၈ ခုနှစ်ဆိုလျှင် (၂၅)ကြိမ်ပြည့်မြောက်ပြီဖြစ်ပါကြောင်း။

**ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်**

ကမ္ဘာ့လူဦးရေ သန်းပေါင်းခုနစ်ထောင်ကျော်အနက် ဆယ်ပုံတစ်ပုံခန့်သည် မသန်စွမ်းသူများဖြစ်ကြပြီး ၈၀ ရာခိုင်နှုန်းခန့်သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်လျက်ရှိကြပါကြောင်း၊ မသန်စွမ်းသူများ ခံစားတွေ့ကြုံနေကြရသည့် အခက်အခဲအတားအဆီးများသည် ၎င်းတို့၏ ချို့ယွင်းအားနည်းမှုကြောင့်မဟုတ်ဘဲ ပတ်ဝန်းကျင်ရုပ်ပိုင်းဆိုင်ရာ၊ စိတ်သဘောထားအမြင်ပိုင်းဆိုင်ရာနှင့် အခြားအတားအဆီးများကြောင့်သာဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် စစ်တုရင်ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အာရှအားကစားပြိုင်ပွဲတွင် ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ သတင်းစဉ်

သုတေသနတွေ့ရှိချက်များအရ မသန်စွမ်းမှုသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုက်ရိုက်သက်ဆိုင်နေသည့်အပြင် မသန်စွမ်းမှုနှင့် ဆင်းရဲနွမ်းပါးမှုတို့သည်လည်း ဆက်နွယ်မှုရှိနေပါကြောင်း၊ ကမ္ဘာ့နိုင်ငံအချို့တွင် မသန်စွမ်းသူများ၏အလုပ်အကိုင်ရရှိမှုသည် ယင်းနိုင်ငံရှိမသန်စွမ်းလူဦးရေ၏ ၃ ပုံ ၁ ပုံသာရှိပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ မသန်စွမ်းကလေးသူငယ်များ၏ အခြေခံပညာမူလတန်းအဆင့် တက်ရောက်သင်ကြားမှုနှုန်းနှင့် အခြားကလေးသူငယ်များအကြား ကွာဟမှုအနေဖြင့်လည်း ၁၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ ရှိပါကြောင်း။

၂၀ ရာစု နှစ်အစောပိုင်းကစတင်၍ မသန်စွမ်းမှုနှင့် မသန်စွမ်းသူများ၏ အရေးကိစ္စများကို ကမ္ဘာတစ်ဝန်းတွင် ရှုထောင့်သစ်၊ အမြင်သစ်များဖြင့် သိရှိနားလည်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံများသည် မသန်စွမ်းသူများ၏ အခွင့်အရေးများအတွက် အခြေခံကျသည့် အပြည့်အဝပါဝင်ဆောင်ရွက်ခွင့်နှင့် သာတူညီမျှခွင့်များကို ကာကွယ်မြှင့်တင်ရန် အခိုင်အမာပြောဆိုဆောင်ရွက်ခဲ့ကြသော်လည်း စိန်ခေါ်မှုများ ကျန်ရှိနေဆဲဖြစ်ပါကြောင်း။

**အတည်ပြုချမှတ်ခဲ့**

မသန်စွမ်းသူများအပေါ် မသိနားမလည်ခြင်း၊ လျစ်လျူရှုခြင်း၊ အယူသီးခြင်းနှင့် ကြောက်ရွံ့စိုးရိမ်ခြင်းများကြောင့် အထီးကျန်ဘဝသို့ရောက်ရှိခဲ့ရသည့် မသန်စွမ်းသူများ၏ အခွင့်အရေးကိစ္စသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများက အထူးအာရုံစိုက်ရသည့် ကိစ္စတစ်ရပ်ဖြစ်လာခဲ့ပါကြောင်း၊ ထို့ကြောင့် (၆၁) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (United Nations Convention on the Rights of Persons with Disabilities - UNCRPD) ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် အတည်ပြုချမှတ်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း မသန်စွမ်းသူများ၏ လူ့အခွင့်အရေးများကို ပိုမိုအလေးထား ဆောင်ရွက်နိုင်ရေးအတွက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ထို့နောက် ကွန်ဗင်းရှင်းနှင့်အညီ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅)၊ မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေများ(၂၀၁၇)၊ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ (၂၀၁၆-၂၀၂၅) ကို အတည်ပြုချမှတ်နိုင်ခဲ့ပါကြောင်း။

**ဆပ်ကော်မတီများ ဖွဲ့စည်း**

အဆိုပါဥပဒေ၊ နည်းဥပဒေနှင့် မဟာဗျူဟာများကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့်ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ပြီး အမျိုးသားကော်မတီကို အထောက်အကူပြုနိုင်ရန် လုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နေပြည်တော်ကောင်စီ ကော်မတီများနှင့် ဆပ်ကော်မတီများကိုလည်း ဖွဲ့စည်းခဲ့ပါကြောင်း။

*စာမျက်နှာ ၄ သို့*



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် တာဝန်ရှိသူများ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုစဉ်။ သတင်းစဉ်




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

အမျိုးသားကော်မတီအစည်းအဝေးများကို ၂၀၁၇ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၈ ခုနှစ်တွင်တစ်ကြိမ် စုစုပေါင်းနှစ်ကြိမ် ကျင်းပခဲ့ပြီး ယခုလအတွင်း တတိယအကြိမ် အစည်းအဝေးကို ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီအစည်းအဝေးကို ၂၀၁၈ခုနှစ်အတွင်း နှစ်ကြိမ်၊ မသန်စွမ်းရန်ပုံငွေတစ်ရပ် ထူထောင်ရေးအတွက် အစည်းအဝေးကို ၂၀၁၈ ခုနှစ်အတွင်း တစ်ကြိမ် ကျင်းပခဲ့ပါကြောင်း၊ အဆိုပါအစည်းအဝေးများမှ မသန်စွမ်းသူများ၏ အခွင့်အရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ မသန်စွမ်းသူများအကျုံးဝင် ဖွံ့ဖြိုးတိုးတက်ရေးများနှင့်ဆက်စပ်သည့် စီမံကိန်းများနှင့် လုပ်ငန်းစဉ်များအတွက် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခဲ့ပါကြောင်း။

**လက်သင်္ကေတပြ ဘာသာစကား ထုတ်ဝေနိုင်ခဲ့**

ရက် ၁၀၀ လုပ်ငန်းစီမံချက်အရ ကလေးသူငယ်၊ အမျိုးသမီးနှင့် မသန်စွမ်းသူများဆိုင်ရာ ကွန်ဗင်းရှင်းများကို အမြင်အာရုံချို့ယွင်းမသန်စွမ်းသူများ လက်လှမ်းမီ သိရှိနိုင်ရေးအတွက် မျက်မမြင်စာဖြင့် ပုံနှိပ်ထုတ်ဝေခြင်းကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အကြားအာရုံချို့ယွင်းမသန်စွမ်းသူများအတွက်လည်း နားမကြားသူများ သတင်းအချက်အလက်များ လက်လှမ်းမီရရှိနိုင်ခွင့်သေချာစေရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး အကျိုးရလဒ်အဖြစ် အမျိုးသမီးနှင့် မသန်စွမ်းသူများဆိုင်ရာကွန်ဗင်းရှင်းနှင့် ဥပဒေများကို လက်သင်္ကေတပြ ဘာသာစကားဖြင့် ပြုစုထုတ်ဝေနိုင်ခဲ့ပါကြောင်း၊ လက်သင်္ကေတပြ ဘာသာစကားတတ်ကျွမ်းသည့် စကားပြန်များ မွေးထုတ်ပေးလျက်ရှိသည့်အပြင် လက်သင်္ကေတပြ ဘာသာစကားကူညီပံ့ပိုးသူများသင်တန်းကိုလည်း စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချပေးလျက်ရှိပါကြောင်း။

၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းခဲ့ပြီးနောက် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရေရှည်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် မူဝါဒအစီအစဉ်များ၊ စီမံကိန်းများနှင့် လုပ်ငန်းစဉ်များချမှတ်နိုင်ရန် ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရေးအတွက် ဆက်စပ်ကော်မတီများကိုလည်း ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

အကောင်အထည်ဖော်မှုအပိုင်းတွင် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ နည်းဥပဒေများကို မိတ်ဆက်ဖြန့်ချိခြင်း၊ အမြင်အာရုံချို့ယွင်းမသန်စွမ်းသူများ၏ အားသာချက်ဖြစ်သည့် မျက်မမြင်အနှိပ်စနစ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကိုယ်အင်္ဂါချို့ယွင်းမသန်စွမ်းသူများအတွက် အလုပ်အကိုင်ဖန်တီးပေးရေးကို ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ယူတတ်မြောက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**အလုပ်ခန့်ထားခြင်းဆိုင်ရာ လက်စွဲစာအုပ်**

မသန်စွမ်းမှုဆိုင်ရာ ဝေါဟာရအသုံးအနှုန်းများ လက်စွဲလမ်းညွှန်စာအုပ် ပြုစုထုတ်ဝေခြင်းနှင့် အကြားအာရုံချို့ယွင်းသူများအတွက် မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေများကို လက်သင်္ကေတပြဘာသာစကားနှင့် ထုတ်ဝေခြင်းများ ပြုလုပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်ရေး ပိုမိုမြှင့်တင်ဆောင်ရွက်ရန် မသန်စွမ်းသူများအား အလုပ်ခန့်ထားခြင်းဆိုင်ရာ လက်စွဲစာအုပ်ကိုလည်း မြန်မာနိုင်ငံရှိ အလုပ်ရှင်များအတွက် ပြုစုထုတ်ဝေပြီးဖြစ်ပါကြောင်း၊ ယနေ့ကျင်းပသည့် အခမ်းအနားတွင် ယင်းစာအုပ်များ ဖြန့်ချိပေးအပ်သွားမည်ဖြစ်ပါကြောင်း။

နည်းပညာခေတ်နှင့်အညီ ဉာဏ်ရည်ချို့ယွင်းမသန်စွမ်းသူအပါအဝင် မသန်စွမ်းသူများအနေဖြင့် နည်းပညာ၏အကူအညီဖြင့် အလုပ်အကိုင်အခွင့်အလမ်းရရှိမှု ပိုမိုမြင့်မားစေရန်နှင့် သတင်းအချက်အလက်များကို လက်လှမ်းမီသိရှိနိုင်ရန် Information, Communication, Technology Training Center ကိုဖွင့်လှစ်၍ သင်တန်းများ ပို့ချပေးလျက်ရှိပါကြောင်း။

ထို့ပြင် မသန်စွမ်းသူများအနေဖြင့် နိုင်ငံတော်အစိုးရနှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများက ထောက်ပံ့သည့်သက်ဆိုင်ရာ သင်တန်းများနှင့် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များတွင် ပါဝင်၍ အများနည်းတူ အကျိုးကျေးဇူးများရရှိခံစားနိုင်စေရန် အရေးပါသည့် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ် ပေါ်ထွက်လာစေရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် မသန်စွမ်းသူများအတွက် ငွေကြေးထောက်ပံ့မှုများ ဆောင်ရွက်ခဲ့ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ၁၂၈၅ ဦး၊ ၂၀၁၈-၂၀၁၉(၆)လ ဘဏ္ဍာနှစ်အတွင်း ၁၂၁၂၉ဦး စုစုပေါင်း ၂၄၉၈၄ ဦးကို ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း၊ မသန်စွမ်းမှုနှင့် ဆက်စပ်သည့် မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်နေပြီး မိုင်းဒဏ်သင့်ပြည်သူများကို ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်မှစတင်၍ ငွေကြေးထောက်ပံ့ပေးခဲ့ရာ ကချင်ပြည်နယ်တွင် ၁၁၂ ဦး၊ ကယားပြည်နယ်တွင် ၁၆ ဦး၊ ကရင်ပြည်နယ်တွင် ၃၉ ဦး၊ ရှမ်းပြည်နယ်တွင် ၈၅ ဦး၊ ပဲခူးတိုင်းဒေသကြီးတွင် ၆၂ ဦး၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၈၆ ဦး စုစုပေါင်း ၄၀၀ ကို ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း။

အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များပြည့်မီစေရေး အပြင် ကော်မတီအသီးသီးအတွက် တိကျသေချာသည့် လုပ်ငန်းစဉ်များချမှတ်နိုင်ရေး၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် Department for International Development နှင့် ပူးပေါင်း၍ Technical Assistant Group ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။ မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ အကျုံးဝင်ဖွံ့ဖြိုးတိုးတက်ရေး ဖိုရမ် ၂၀၁၈ ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါကြောင်း။

**ဘဏ္ဍာနှစ်အလိုက် ထည့်သွင်းဆောင်ရွက်လျက်ရှိ**

မသန်စွမ်းသူများ၏ ဘဝအရည်အသွေးမြင့်မားတိုးတက်လာစေရန် သင်တန်းကျောင်းအခြေပြုနှင့် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းများအပြင် မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊အလုပ်အကိုင်၊ ဥပဒေရေးရာ၊ မသန်စွမ်းမှု အသိပညာနှင့် ရပ်ရွာအတွင်း ပါဝင်ဆောင်ရွက်ခွင့်စသည့် လုပ်ငန်းအစီအစဉ်များကိုလည်း သက်ဆိုင်ရာ ဘဏ္ဍာနှစ်အလိုက် ထည့်သွင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မသန်စွမ်းမှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေးတွင် ထုတ်ဖော်ကြေညာခဲ့သည့် ကတိကဝတ်(၇)ချက်ဖြစ်သည့် မူဝါဒပိုင်းဆိုင်ရာ လေ့လာဆန်းစစ်မှုများပြုလုပ်ရေး၊ လူတိုင်းအကျုံးဝင်ပညာရေး၊ မသန်စွမ်းသူများ၏ စီးပွားရေးစွမ်းဆောင်ရည်မြင့်မားရေးနှင့် မသန်စွမ်းသူများအတွက် လုပ်ငန်းခွင်အတွင်း အဆင်ပြေသင့်တော်စေမည့် ပတ်ဝန်းကျင်များ ဖန်တီးရေး၊ နည်းပညာခေတ်နှင့်အညီ မသန်စွမ်းသူများသတင်းအချက်အလက်နှင့် နည်းပညာများ အသုံးပြုဆောင်ရွက်နိုင်ရေး၊ မသန်စွမ်းမှု စစ်တမ်းကောက်ယူနိုင်ရေး၊ မသန်စွမ်းမှုအကျုံးဝင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရေး၊ သဘာဝဘေးနှင့် အခြားအရေးပေါ် အခြေအနေများတွင် မသန်စွမ်းသူများအား ကူညီကာကွယ်စောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မသန်စွမ်းသူများစွမ်းဆောင်ရည်မြင့်မားလာစေရေးကို ဦးတည်၍ အားလုံးအတူတကွ လက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ဌာနေကိုယ်စားလှယ် Ms, June Kunugi က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ က အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင် အား မသန်စွမ်းသူများ အလုပ်ခန့်ထားခြင်းဆိုင်ရာ မြန်မာနိုင်ငံရှိ အလုပ်ရှင်များအတွက် လက်စွဲစာအုပ်ကိုပေးအပ်ပြီး အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် ဂုဏ်ပြုဆုရရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်**

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် ဗဟိုအဆင့် ထူးချွန်ဆုရရှိကြသူများကို လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် စစ်တုရင်ထူးချွန်ဆု ရရှိကြသူများကို လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် ပန်းချီထူးချွန်ဆုရရှိကြသူများ ကိုလည်းကောင်း ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အာရှအားကစားပြိုင်ပွဲတွင် ထူးချွန်ဆုရရှိကြသူများကို လည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ဌာနေကိုယ်စားလှယ် Ms, June Kunugi က အာရှအားကစားပြိုင်ပွဲတွင် ထူးချွန်ဆုရရှိကြသူများကို လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မသန်စွမ်းသူများ၏ လှုပ်ရှားဆောင်ရွက်ချက် ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ယင်းနောက် နားမကြားသောကလေးများကျောင်း (မန္တလေး) မှ ကျောင်းသူများက ပုဂံအကဖြင့် ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် ယာယီဥက္ကဋ္ဌ ဦးသိန်းလွင်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ဆောင်ပုဒ်မှာ အားလုံးတူညီ အခွင့်အရေးရရှိရေး၊ မသန်စွမ်းသူများ အစွမ်းမြှင့်တင်ပေး ( Empowering persons with disabilities and ensuring inclusiveness and equality) ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံစာရင်းကောင်စီ (၂/ ၂၀၁၈) အစည်းအဝေးကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံစာရင်းကောင်စီ(၂/ ၂၀၁၈) အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ မြန်မာနိုင်ငံစာရင်းကောင်စီရုံး၌ ကျင်းပရာ မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းနှင့် မြန်မာနိုင်ငံစာရင်းကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံစာရင်း ကောင်စီဥပဒေ (၂၀၁၅)ကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့် မြန်မာနိုင်ငံစာရင်းကောင်စီ နည်းဥပဒေ(မူကြမ်း) ကိစ္စတို့ကို ဆွေးနွေးခြင်း၊ မြန်မာနိုင်ငံစာရင်းကောင်စီမှ မေ ၂၆ ရက်မှ နိုဝင်ဘာ ၂၉ ရက်အထိ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာများ၊ ရုံးအမိန့်များ၊ ညွှန်ကြားချက်များနှင့် ကော်မတီများ၏ အစည်းအဝေးကျင်းပမှုများ၊ စာရင်းလုပ်ငန်း အရည်အသွေး ထိန်းသိမ်းရေးဆိုင်ရာ နည်းလမ်းများ (Quality Control Procedures) သတ်မှတ်ထားရှိရန်အတွက် ညွှန်ကြားချက် ထုတ်ပြန်ရန်ကိစ္စများ။

အပြည်ပြည်ဆိုင်ရာ စာရင်းလုပ်ငန်းများနှင့် ဆက်သွယ် ဆောင်ရွက်မှု၊ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ လုပ်ငန်း ဆောင်ရွက်မှု၊ Survey Questionnaires for Audit and Quality အား အစီရင်ခံတင်ပြခြင်း၊ အောင်လက်မှတ် ပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပရန်ကိစ္စများနှင့် မြန်မာနိုင်ငံ စာရင်းကောင်စီရုံး၏ ရုံးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ စသည်တို့ကို ဆွေးနွေးကြပြီး တက်ရောက်လာသည့် စာရင်းကောင်စီဝင်များ က အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌက မြန်မာနိုင်ငံ စာရင်းကောင်စီ၏ လုပ်ငန်းတာဝန်များ ပြည့်မြောက်အောင်မြင်စေရေးနှင့် စာရင်းပညာ ဖွံ့ဖြိုးရေးအတွက် မြန်မာနိုင်ငံ စာရင်းကောင်စီဝင်များ အနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ဝိုင်းဝန်းကြိုးပမ်းကြရန် မှာကြားသည်။

**သတင်းစဉ်**

## "အဂတိလိုက်စားမှုတားဆီးကာကွယ်ဖို့ တာဝန်ယူမှုမြှင့်တင်ကြပါစို့" ခေါင်းစဉ်ဖြင့် ဖိုရမ်ကို ရန်ကုန်မြို့၌ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) တို့နှင့် ပူးပေါင်း၍ "အဂတိလိုက်စားမှု တားဆီးကာကွယ်ဖို့ တာဝန်ယူမှုမြှင့်တင်ကြပါစို့" ခေါင်းစဉ်ဖြင့် ဖိုရမ်ကို ဒီဇင်ဘာ ၆ ရက်တွင် Rose Garden Hotel ၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါဖိုရမ်တွင် နံနက်ပိုင်း၌ စီးပွားရေးပညာရှင် ဆရာကြီး ဦးမြင့်၊ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ ဦးခင်မောင်ညို(ဘောဂဗေဒ)၊ ဒေါက်တာတင်မောင်သန်း(သင့်ဘဝ) တို့က ဟောပြောဆွေးနွေးမည်ဖြစ်ပြီး မွန်းလွဲပိုင်းတွင် ပါမောက္ခဒေါက်တာ အောင်ထွန်းသက်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အစိုးရအဖွဲ့အစည်း၊ စီးပွားရေးအဖွဲ့အစည်း၊ မီဒီယာအဖွဲ့အစည်း၊ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်သော စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဦးနိုင်ဆွေဦး | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးနှင့်လုံခြုံရေးဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး |
| (၂) ဦးခင်မောင်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>လူမှုရေးနှင့်ယဉ်ကျေးမှုဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး |
| (၃) ဦးမောင်မောင်အုန်း | ညွှန်ကြားရေးမှူးချုပ်<br>အိမ်တော်များဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး |
| (၄) ဦးမျိုးသန့်ဖေ | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့်<br>ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၅) ဦးစိုးဟန် | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၆) ဦးဝင်းကျော်အောင် | ညွှန်ကြားရေးမှူးချုပ်<br>မူဝါဒရေးရာဦးစီးဌာန<br>နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန |
| (၇) ဦးဝင်းနိုင်ထွန်း | ညွှန်ကြားရေးမှူးချုပ်<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |

## "တို့ဘိုးဘွား အမွေအနှစ်မို့ ချစ်မြတ်နိုးပေ"

### ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ပို့စကတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃**

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ပို့စကတ်ပြိုင်ပွဲတို့အား **"တို့ဘိုးဘွား အမွေအနှစ်မို့ ချစ်မြတ်နိုးပေ"** ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ စိစစ်အကဲဖြတ်ရေးအဖွဲ့က ဆုများရွေးချယ်သတ်မှတ်ခဲ့ပြီး ဖြစ်သည်။ အဆိုပါဓာတ်ပုံပြိုင်ပွဲနှင့် ပို့စကတ်ပြိုင်ပွဲတို့၏ ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၉ ရက် (တနင်္ဂနွေ)နေ့၊ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ Sky Star Hotel, Royal Ballroom ၌ ကျင်းပမည်ဖြစ်သည်။

ဆုရရှိသူများသည် ဆုများလက်ခံရယူရေးနှင့် ပတ်သက်၍ ပြိုင်ပွဲကျင်းပရေးကော်မတီ ဖုန်း ၀၁-၂၀၁၉၃၆၊ ၀၁-၃၇၁၃၄၀၊ ၀၁-၃၇၁၃၄၂ တို့သို့ ဆက်သွယ်ဆောင်ရွက်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ နိုင်ငံတကာနည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဗဟိုဌာန ဖွင့်လှစ်ပွဲနှင့် နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ နိုင်ငံအဆင့်ဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံ နိုင်ငံတကာနည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဗဟိုဌာန (Myanmar UNEVOC Centre) ဖွင့်လှစ်ပွဲနှင့် နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ နိုင်ငံအဆင့် ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အစိုးရ စက်မှုလက်မှုသိပ္ပံ(အင်းစိန်)၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ နိုင်ငံတကာနည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဗဟိုဌာန (Myanmar UNEVOC Centre)ကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းနှင့် UNESCO-UNEVOC International Centre for TVET မှ Mr.Shyamal Majumder တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

**သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက UNEVOC Centre ပေါင်း ၂၉၀ ရှိသည့် UNEVOC ကွန်ရက်တွင် မြန်မာနိုင်ငံလည်း ပါဝင်လာပြီဖြစ်သည့်အတွက် မြန်မာနိုင်ငံ နိုင်ငံတကာနည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဗဟိုဌာနအနေဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပြီး နည်းပညာနှင့် သက်မွေးပညာ အောင်မြင်ဖြစ်ထွန်းနေသော ကမ္ဘာ့နိုင်ငံများ၏ အတွေ့အကြုံကို လေ့လာ၍ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အထောက်အကူပြုမည့် သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနိုင်မည် ဖြစ်ပါကြောင်း။

အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း၏ ရည်မှန်းချက်တွင် လုပ်သားဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော အရည်အသွေးမြင့်မားသည့် နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကို အဆင့်မြှင့်တင်ရန်နှင့် တိုးတက်ကောင်းမွန်လာသော နည်းပညာနှင့် သက်မွေးပညာရေး စီမံခန့်ခွဲမှုစနစ်များနှင့် လိုက်လျောညီထွေရှိမည့် သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ရန်တို့ ပါရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် ယူနက်စကို၊ UNESCO - UNEVOC International Centre တို့နှင့် ပူးပေါင်းကာ ဂျာမန်ဖွံ့ဖြိုးရေးအေဂျင်စီ(GIZ) ၏ ထောက်ပံ့မှုဖြင့် နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

**လုပ်ငန်းစဉ်များချမှတ်**

ယနေ့ ဆက်လက်ကျင်းပမည့် နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ နိုင်ငံအဆင့် ဆွေးနွေးပွဲသည် မြန်မာနိုင်ငံ၏ နည်းပညာနှင့် သက်မွေးပညာရေးဆိုင်ရာ အခွင့်အလမ်းများတွင် ကြုံတွေ့ရသည့် အခက်အခဲ၊ စိန်ခေါ်မှုများနှင့် စပ်လျဉ်းပြီး ဆွေးနွေးညှိနှိုင်း အဖြေရှာနိုင်မည် ဖြစ်ပါကြောင်း၊ UNEVOC ၏ နိုင်ငံတကာအတွေ့အကြုံများကို ရယူလျက် UNEVOC ကွန်ရက်အဖွဲ့ဝင် Centre များအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပြီး မြန်မာနိုင်ငံ၏ နည်းပညာနှင့် သက်မွေးပညာရေး အရည်အသွေး တိုးမြှင့်ရေးအတွက် ရေရှည်မိတ်ဖက် ဆက်ဆံရေးကို တည်ဆောက်သွားမည် ဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲများမှတစ်ဆင့် အားလုံးအတွက်တစ်သက်တာ သင်ယူမှုအခွင့်အလမ်းများ မြှင့်တင်ရန်နှင့် အားလုံးပါဝင်သော တန်းတူညီမျှသော အရည်အသွေးမြင့် ပညာရေးသို့ ဦးတည်သော ယူနက်စကိုအဖွဲ့ကြီး၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်သို့ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ချမှတ်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် UNESCO-UNEVOC International Centre for TVET မှ Mr.Shyamal Majumder နှင့် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းတို့က အမှာစကားပြောကြားကြသည်။

**အစီအစဉ်များဆွေးနွေး**

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ နည်းပညာနှင့် သက်မွေးပညာ လေ့ကျင့်သင်ကြားမှုနှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကမ္ဘာ့ပြောင်းလဲမှုဖြစ်စဉ်များ၊ နည်းပညာနှင့် သက်မွေးပညာရေးကဏ္ဍတွင် အရည်အသွေး ကောင်းမွန်သော ကျောင်း၊ အဖွဲ့အစည်းများ ဖြစ်လာစေမည့် လိုအပ်ချက်များ၊ ကျွမ်းကျင်မှု အရည်အသွေးမြင့်မားသည့် နည်းပညာနှင့် သက်မွေးပညာရေး လေ့လာသင်ယူခြင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

**သတင်းစဉ်**

# သတင်းရေးသားထုတ်ပြန်ခြင်း သင်တန်းအမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**

ပြန်ကြားရေးဝန်ကြီးဌာန၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် သတင်းထုတ်ပြန်ရေးလုပ်ငန်းများကို စနစ်တကျ ပိုမိုသွက်လက်မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်စေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများအား သတင်းရေးသားထုတ်ပြန်ခြင်း သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သတင်းရေးသားထုတ်ပြန်ခြင်း သင်တန်းအမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) ဒက္ခိဏသင်တန်းကျောင်း၌ ကျင်းပသည်။ **(ဓါတ်ပုံ)**



သင်တန်းဖွင့်ပွဲ အမှာစကား ပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အများသိသင့်၊ သိထိုက်သည့်သတင်းမှန်များကို စနစ်တကျ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ရန် အရေးကြီးပါကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့ရုံးများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွင့်လှစ်ထားနိုင်သည့် ဌာနတစ်ခုဖြစ်၍ သတင်းများ စုဆောင်းရယူရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နိုင်သည့် အနေအထားရှိပါကြောင်း ၊ ယနေ့ ဒီဂျစ်တယ်ခေတ်တွင် နည်းပညာပြောင်းလဲဖွံ့ဖြိုးတိုးတက်လျက်ရှိရာ ခေတ်နှင့် လိုက်လျောညီထွေစွာ လိုက်ပါပြောင်းလဲဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုရှိရန်သာမက သတင်းမီဒီယာ ဥပဒေပါ ကျင့်ဝတ်နှင့် စည်းမျဉ်းစည်းကမ်းများကို စောင့်ထိန်းလိုက်နာရန် အရေးကြီးသဖြင့် သင်တန်းများ စဉ်ဆက်မပြတ် စနစ်တကျ ဖွင့်လှစ်ပေးနေပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးရှိ စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြခန်းပြတိုက်ငယ် ဆောင်ရွက်ထားမှု၊ ကလေးစာဖတ်ခန်းခင်းကျင်း ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုပြီး ခရိုင်ရုံး လူထုအခြေပြုဗဟိုဌာနအား လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများ ပိုမို အသုံးပြုနိုင်စေရေးအတွက် ချိတ်ဆက်ဆောင်ရွက်သွားရန်နှင့် ရုံးဝင်းအတွင်းရှိ ဘော်လီဘော၊ ပိုက်ကျော်ခြင်း အားကစားကွင်းများကိုလည်း လူငယ်များ ပိုမိုအသုံးချနိုင်စေရေး ဆောင်ရွက်ရန် မှာကြားသည်။

သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဓာတ်ပုံကျွမ်းကျင်-၂ ဝန်ထမ်း သင်တန်းသား ၃၅ ဦးတို့အား သတင်းမီဒီယာဥပဒေ၊ စာနယ်ဇင်းကျင့်ဝတ်၊ သတင်းစီးဆင်းမှု၊ သတင်းအရင်းအမြစ်များရှာဖွေခြင်း၊ သတင်းအခြေခံဖွဲ့စည်းတည်ဆောက်ပုံ၊ သတင်းရေးသားခြင်း၊ ဆောင်းပါးရေးသားခြင်း၊ အရေးပေါ်ကာလ စီမံခန့်ခွဲမှုတွင် လူမှုမီဒီယာများ၏ အရေးကြီးသော ကဏ္ဍ၊ သတင်းဖတ်သူ၏ ရှုမြင်ပုံ၊ သတင်းစာရှင်းလင်းပွဲကဏ္ဍ၊ Online အသုံးပြု၍ သတင်းများထုတ်ပြန်ခြင်း၊ သတင်းဓာတ်ပုံပညာ စသည့် ဘာသာရပ်များကို ပြင်ပပညာရှင်များနှင့် ပူးပေါင်းလျက် ဒီဇင်ဘာ ၂၁ ရက်အထိ စာတွေ့လက်တွေ့ ဆွေးနွေးသင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းလွင်(ပြန်/ဆက်)**

**အစိုးရအပိုင်းအနေနဲ့ ပြင်လို့ရတဲ့ အပိုင်းတွေကို ကမ္ဘာ့ဘဏ်နဲ့ပေါင်းပြီး ပြင်ဆင်ထားတယ်။ အရင်ကတည်းက ပြင်ဆင်ပြီးဖြစ်ပေမယ့် ကမ္ဘာ့ဘဏ်မှာ မှတ်တမ်းမဖြစ်တာတွေကိုလည်း မှတ်တမ်းဝင်အောင် လုပ်တယ်။ အချက်အလက်တွေကို ပြင်ဆင်မှုတွေ လုပ်တယ်**

**ဦးဇေယျာသူရမွန်**
**(အလုပ်အမှုဆောင်၊ ကုန်သည်/စက်မှုအသင်းချုပ်)**

# ရှင်းလင်းလွယ်ကူ တိုင်းပြည်ထူ ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**“ရှင်းလင်းလွယ်ကူ တိုင်းပြည်ထူ” ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ အပိုင်း (၂) ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC) အထွေထွေမန်နေဂျာ ဦးတင်အောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အလုပ်အမှုဆောင် ဦးဇေယျာသူရမွန်တို့က ပါဝင်ဆွေးနွေးကြသည်။**



*(ယမန်နေ့မှအဆက်)*

**ဒေါ်လှိုင်မော်ဦး** ။ ။ တင်ပေးလာတဲ့ စနစ်အပေါ် မူတည်ပြီးတော့၊ စမ်းသပ်ပြီးတော့ ဘာတွေပြင်ဖို့ လိုသလဲ၊ ဘယ်လိုတွေ လုပ်မယ်ဆိုတာကို ပြင်ဆင်ပြီးတဲ့အခါမှာ risk based system နဲ့ ဆန်းစစ်ပေးမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်က ကာလလတ် ကိုးလလောက်အတွင်းမှာ လုပ်ပေးရင် အမှတ်ရမယ်လို့ ပြောတာက ဥပမာ ကွင်းဆင်းစစ်ဆေးတာမျိုးကို တစ်ဖွဲ့ချင်းသွားပြီး စစ်ဆေးတာမျိုးမဟုတ်ဘဲနဲ့ ဌာနပေါင်းစုံစုပေါင်းပြီး ကွင်းဆင်းစစ်ဆေးပေးဖို့ ပြောပါတယ်။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်မတို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းထဲမှာရှိတဲ့ ဌာနတွေအကုန်လုံးကို တစ်စုတစ်စည်းတည်း ပေါင်းပြီးစစ်ဖို့ ဆောင်ရွက်နေပါတယ်။ မီးသတ်နဲ့ကတော့ ညှိနှိုင်းနေပါတယ်။ ပူးပေါင်းပြီး ဆောင်ရွက်သွားမှာပါ။

ကာလရှည်အနေနဲ့ လုပ်ဖို့အတွက် သူတို့က အွန်လိုင်းစနစ်နဲ့ သွားဖို့ပြောပါတယ်။ ကျွန်မတို့က ၂၀၁၈ ခုနှစ် မေလထဲမှာ IFC နဲ့ နိုင်ငံတကာမှာ သုံးနေတဲ့ စနစ်တစ်ခုကို ဆောင်ရွက်ဖို့ ကျွန်မတို့ ကမ္ဘာ့ဘဏ်နဲ့ လက်မှတ်ရေးထိုးခဲ့ပါတယ်။ process တစ်ခုကိုလည်း လုပ်ထားပြီးပါပြီ။ ဒီအပေါ်မှာ ကျွန်မတို့လုပ်တာ နည်းနည်း အကြမ်းဖျင်းကျတယ်ဆိုပြီးတော့ ကမ္ဘာ့ဘဏ်က အသေးစိတ် ပြန်ပြီး proposal တင်တာလည်း ရှိပါတယ်။ ဒီဟာကို မူတည်ပြီးတော့ အွန်လိုင်းစနစ်မှာ risk မရှိတဲ့ building တွေဆိုရင် ၂၀၁၉ အစပိုင်းမှာ စနိုင်ဖို့ ဆောင်ရွက်နေပါတယ်။

ဒီလိုဆောင်ရွက်တဲ့အခါ ငွေပေးချေမှုကိုပါ အားလုံးဆောင်ရွက်နိုင်ဖို့ ကျွန်မတို့ဆီမှာ ရန်ကုန်မြို့တော် စည်ပင်ဘဏ်ရှိပါတယ်။ အဲဒီဘဏ်မှာ settlement ဘဏ်အနေနဲ့ ဆောင်ရွက်ပြီးတော့ ကျန်တဲ့ဘဏ်တွေနဲ့ပါ တစ်ပေါင်းတည်း ဆောင်ရွက်နေပါတယ်။ နောက်ပိုင်းမှာ မိုဘိုင်းဘဏ်လုပ်ငန်းအနေနဲ့ပါ ပေးနိုင်အောင် ဆောင်ရွက်နေပါတယ်။ ကျန်တဲ့ high risk အထိ အကုန်လုံးကိုလည်း ၂၀၁၉ ခုနှစ်မှာ အွန်လိုင်းဆောင်ရွက်နိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

လုပ်ထုံးလုပ်နည်းတွေနဲ့ process တိုင်းမှာ ဘာလို့ပါတဲ့ဆိုတဲ့ အချက်အလက်တွေကို လုပ်ငန်းရှင်တွေက တိတိကျကျ မသိတဲ့အခါ၊ သိအောင်မပြောနိုင်တာ ကျွန်မတို့ဘက်က အားနည်းချက်ပါ။ ပွင့်လင်းမြင်သာမှုနဲ့ ဆက်သွယ်မှုအားနည်းတာ ရှိပါတယ်။ ဆိုလိုချင်တာက ကျွန်မတို့ဘက်က ဒီအချက်တွေနဲ့ ကိုက်ညီမှသာလျှင် တင်လို့ရတယ်ဆိုပေမယ့် မကိုက်ညီတဲ့ ပုံစံတွေ ရှိပါတယ်။

မကိုက်ညီတဲ့ ပုံစံတွေကို ပြန်ပြင်ပါပြောတဲ့အခါ လုပ်ငန်းရှင်အနေနဲ့က လာတင်ပြီးသွားကတည်းက တင်ပြီးပြီလို့ ထင်ကြတယ်။ တင်လိုက်ပြီးတော့ မူဘောင်နဲ့ မကိုက်တာကို ပြန်ပြင်ဖို့ကျ တစ်လနဲ့ မလာ၊ နှစ်လနဲ့ မလာတာရှိပါတယ်။ အရင်တုန်းက နှုတ်က ပြောတယ်၊ အခုတော့ မှတ်တမ်းဖြစ်အောင် စာနဲ့ ရေးပို့ပါတယ်။ ပြန်ပြင်ခိုင်းထားတာ ဘယ်လောက်ရှိပါပြီ၊ မလာသေးပါဘူးဆိုပြီး မှတ်တမ်းထားပါတယ်။ ဒါပေမယ့် လုပ်ငန်းရှင်ကကျတော့ တင်ပြီးပြီလို့ပဲထင်ပြီး မှတ်သားထားပါတယ်။ ဒါကြောင့် ကမ္ဘာ့ဘဏ်က လက်ခံပါပြီဆိုတဲ့ အကြောင်း စာရွက်စာတမ်းထုတ်ပေးလိုက်ပြီး မှတ်သားတာလုပ်ရမှာ ဖြစ်ပါတယ်လို့ ပြောပါတယ်။ နိုင်ငံတကာမှာလည်း ဒီလိုပဲလုပ်ကြပါတယ်။ လုပ်ငန်းရှင်တွေဘက်က အရိုးစွဲတာရှိပါတယ်၊ နည်းနည်းစောင့်လိုက်ရင် အဆင်ပြေမလား၊ ပြောရင်ရမလားဆိုပြီး စောင့်နေတာမျိုးရှိပါတယ်။ ဒါက လက်တွေ့ပါ။ မူဘောင်နဲ့ညီရင် မြန်ပါတယ်။ မူဘောင်မဝင်တာဆိုရင်တော့ မူဘောင်ဝင်အောင် မလုပ်ရင် ကြာပါလိမ့်မယ်။ အွန်လိုင်းစနစ်နဲ့ သွားမယ်ဆိုရင်တော့ မူဘောင်မဝင်ရင် နဂိုကတည်းက ဖြတ်ချလိုက်မှာ ဖြစ်ပါတယ်။ နောက်တစ်ခုကောင်းတာက အွန်လိုင်းစနစ်နဲ့က မူဘောင်နဲ့ ကိုက်ညီရင် mobile phone နဲ့ စစ်ဆေးတဲ့စနစ်ပါ ပါမှာဖြစ်ပါတယ်။ ဒါကို ကျွန်မတို့ ၂၀၁၉ ခုနှစ်မှာ စပြီးဆောင်ရွက်ဖို့ လုပ်နေပါတယ်။

အရင်တုန်းကဆိုရင် Online application ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမမှာပဲ တင်လို့ရတယ်။ ပြီးခဲ့နှစ်တွေကတည်းက အွန်လိုင်းစနစ်ကို ဆောင်ရွက်ခဲ့ပါတယ်။ ဆိုလိုတာက ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းမှာ ၃၃ မြို့နယ်ရှိတယ်။ ကျန်တဲ့နေရာတွေမှာလည်း အွန်လိုင်းတင်လို့ ရပါတယ်။ ဒါပေမယ့် ဘယ်သူမှ မတင်ခဲ့ပါဘူး။

ကမ္ဘာ့ဘဏ်နဲ့ လုပ်မယ့်အစီအစဉ်မှာတော့ ကျွန်မတို့ရဲ့ အွန်လိုင်းစနစ်ကို ပြန်ကြည့်ပါတယ်။ ကျွန်မတို့ အရင်က လုပ်တာက partially ပေါ့။ တင်တာသာ အွန်လိုင်းက တင်ရတယ်။ ငွေသွင်းတာကျတော့ လာသွင်းရတဲ့အတွက် မထူးဘဲ လူတွေနဲ့ ဆက်ဆံမှုလုပ်နေရသေးတယ်။ အခုတော့ နှစ်ပိုင်းလုပ်မှာ ဖြစ်ပါတယ်။ ပထမအပိုင်းက အွန်လိုင်းမှာ တင်ချင်လည်းတင်၊ မဟုတ်ရင်လည်း one stop service ပေါ့။ အခုလောလောဆယ် မန္တလေးမှာကို SMS နဲ့ ပို့ပြီး construction permit အဆင့်တွေကို application နဲ့ ပို့ပြီး ဆောင်ရွက်နေတာရှိပါတယ်။ ကျွန်မတို့နဲ့ မန္တလေးနဲ့ နေပြည်တော်နဲ့ရော ဆွေးနွေးမှုတွေ ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ Doing Business က မြို့ကြီးတွေ အကုန်လုံး ညှိပြီးဆောင်ရွက်ရမယ့် အနေအထားရှိပါတယ်။ ဒီအခြေအနေကို ကမ္ဘာ့ဘဏ်ကို ပြောတဲ့အခါ ကမ္ဘာ့ဘဏ်က ကျွန်မတို့အနေနဲ့ ဒီလိုလုပ်ဖို့ မလိုပါဘူး။ ဒါကို track လုပ်လို့ရမှာပါလို့ ပြောပါတယ်။ ဒီလိုတွေ မလုပ်နိုင်တဲ့ သူတွေအတွက်ကို one stop service မှာ ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

**ဒုတိယဝန်ကြီး** ။ ။ ခုနက ဆွေးနွေးချက်တွေကို နားထောင်ကြည့်တဲ့အခါ အချက်နှစ်ချက်ကို တွေ့ရပါတယ်။ တစ်ချက်က မြန်မာတွေရဲ့ ဓလေ့ထုံးစံပါ။ ပြီးတော့ တွေးခေါ်မှုတွေပါ။ အရိုးစွဲနေတာက ရုံးနဲ့ ပတ်သက်ရမှာ ကြောက်ကြတယ်။ ကြောက်တဲ့အခါ ပွဲစားတွေနဲ့ လုပ်တဲ့သဘော ရှိပါတယ်။ နောက်တစ်ချက်က နည်းပညာပြောင်းလဲတာပါ။ လူလူချင်း မထိတွေ့ဘဲနဲ့ နည်းပညာနဲ့လုပ်တာ အကောင်းဆုံးပါပဲ။ လူလူချင်း မထိတွေ့ရဘူးဆိုတာ ခုနကပြောတဲ့ အွန်လိုင်းစနစ်ကို ပြောတာပါ။ အွန်လိုင်းကနေ အကုန်လုံး လုပ်မယ်ဆိုရင် အဂတိလိုက်စားမှုလည်း မရှိတော့ဘူး။ နောက်ဆုံး solution က နိုင်ငံတော်အစိုးရက လုပ်နေတဲ့ e-Government ပါ။ e-Government က ဖြစ်နေတဲ့ အခက်အခဲတွေကို ကျော်လွှားနိုင်မှာပါ။ e-Government က Doing Business ကို ထိရောက်နိုင်မယ့် နည်းလမ်းတစ်ခုပါလို့ ပြောချင်ပါတယ်။

**ဦးတင်အောင်** ။ ။ လျှပ်စစ်မှာလည်း လျှောက်ထားတဲ့အခါ အချိန်၊ ကုန်ကျစရိတ်၊ လုပ်ထုံးလုပ်နည်းတွေ သတ်မှတ်ထားတာ ရှိပါတယ်။ အဲဒီလို သတ်မှတ်ထားတာကိုလည်း မြို့နယ်တိုင်းမှာ ကြေညာထားပါတယ်။ အဲဒီမှာ အိမ်သုံးမီတာ လျှောက်ထားတယ်ဆိုရင် တစ်ရက်အတွင်း တပ်ဆင်ပေးမယ်၊ ပါဝါမီတာ လျှောက်ထားတယ်ဆိုရင် တစ်ပတ်အတွင်း အပြီးတပ်ဆင်ပေးရမယ်။ ကိုယ်ပိုင် ထရန်စဖော်မာလျှောက်ထားတယ်ဆိုရင် တစ်လအတွင်း အပြီးတပ်ဆင်ပေးရမယ်ဆိုပြီး ဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်တွေကို မြို့နယ်တိုင်းမှာ ပြည်သူတွေကို အသိပေးထားပါတယ်။

ဒါပေမယ့် နည်းနည်း အားနည်းချက်ဖြစ်နေတာက တစ်လအတွင်းဆိုပေမယ့် တစ်လကျော်သွားတာရှိပါတယ်။ အဲဒါကလည်း လျှောက်ထားသူက ပြည့်စုံမှ အချိန်မီရမှာပါ။ ကျွန်တော်တို့ စစ်ဆေးတဲ့အခါ ပါဝင်ရမယ့်အချက်အလက်တွေ ပြည့်စုံရင် သတ်မှတ်ရက် ပြီးပါတယ်။ မပြည့်စုံရင်တော့ သတ်မှတ်ရက်မဟုတ်ဘဲ ပြန်ပြီး စိစစ်ရတာကြောင့် ကြာနိုင်တယ်ဆိုတာ ပြည်သူကို အသိပေးချင်ပါတယ်။ ပြည်သူကို လျှပ်စစ်ဓာတ်အား ရစေချင်တာက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနရဲ့ ရည်ရွယ်ချက်ပါ။ မီးပြတ်တောက်မှု မရှိရေး၊ လျော့နည်းရေးကိုလည်း အစွမ်းကုန် ကြိုးစားနေပါတယ်။

အဲဒီလိုလုပ်တဲ့အခါ ကာလတို၊ ကာလလတ်၊ ကာလရှည် သတ်မှတ်လုပ်ဆောင်နေပါတယ်။ လုပ်တဲ့အခါမှာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းအနေနဲ့လည်း မီးပြတ်တောက်မှု မရှိအောင် ဆောင်ရွက်တယ်။ ဒီလို မီးမပြတ်ဖို့က အရန်ဓာတ်အားလိုင်းက အရေးကြီးပါတယ်။

ဓာတ်အားလိုင်းက တစ်လိုင်းတည်းရှိတယ်ဆိုရင် အဲဒီဓာတ်အားလိုင်းက အကြောင်းတစ်ခုခုကြောင့် မီးပြတ်သွားရင် နောက်ထပ် အရန်ဓာတ်အားလိုင်းမရှိရင် မီးပြတ်တောက်ချိန် ကြာသွားမှာပါ။ ဒါကြောင့်မို့ ရန်ကုန်မှာ အရန်ဓာတ်အားလိုင်းနဲ့ ပေးနိုင်ဖို့ ဆောင်ရွက်နေတယ်ဆိုတာ ပြည်သူကို သတင်းစကားပါးချင်ပါတယ်။

နောက်တစ်ခုက ပြည်သူပါဝင်သော လျှပ်စစ်ဆိုတာဖြစ်အောင်ပါ။ မီးပြတ်ပြီဆိုတာနဲ့ မြို့နယ်ရုံးတွေ၊ call center တွေရဲ့ဖုန်းနံပါတ်တွေ အသိပေးကြေညာပြီးသားပါ။ မြို့နယ်တွေမှာလည်း ဗီနိုင်းတွေ ကပ်ထားပေးပါတယ်။ လျှပ်စစ်နဲ့ ပတ်သက်လို့ တစ်ခုခုဆက်သွယ်ရင် ချက်ချင်း ဆောင်ရွက်ပေးပါတယ်။ နောက်တစ်ခု ရန်ကုန်မြို့တော် လျှပ်စစ်မှာ အိုင်ကွန်ဖုန်းတွေ ပေးထားပါတယ်။ တစ်ယောက်က စကားပြောရင် အကုန်ကြားတဲ့အတွက် ချက်ချင်း response ယူပါတယ်။ quick response ယူပြီး မီးပြတ်ချိန်လျှော့ချနိုင်အောင် ဆောင်ရွက်နေတယ် ဆိုတာကိုလည်း အသိပေးပြောကြားချင်ပါတယ်။

**ဦးဇေယျာသူရမွန်**။ ။ ပြည်သူလူထုထဲမှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ဒီစီးပွားရေးလုပ်ငန်းထဲမှာပါဝင်တဲ့ lawyer တွေ၊ accounting firm တွေ၊ advisory firm တွေ၊ ကိုယ်ပိုင်လုပ်ငန်းရှင်တွေ အားလုံးကို ပြောချင်တာက အစိုးရအပိုင်းအနေနဲ့ ပြင်လို့ရတဲ့ အပိုင်းတွေကို ကမ္ဘာ့ဘဏ်နဲ့ပေါင်းပြီး ပြင်ဆင်ထားတယ်။ အရင်ကတည်းက ပြင်ဆင်ပြီးဖြစ်ပေမယ့် ကမ္ဘာ့ဘဏ်မှာ မှတ်တမ်းမဖြစ်တာတွေကိုလည်း မှတ်တမ်းဝင်အောင် လုပ်တယ်။ အချက်အလက်တွေကို ပြင်ဆင်မှုတွေ လုပ်တယ်။

လုပ်တဲ့အခါမှာ ကမ္ဘာ့ဘဏ်က ကျွန်တော်တို့ဆီက အချက်အလက်ယူထားတယ်။ စစ်တမ်းမေးခွန်းဖြေဆိုသူတွေ ကမ္ဘာ့ဘဏ်က မေးတဲ့အခါ ကိုက်ညီမှုမရှိဘူး။ မကိုက်ညီတဲ့အခါ ကမ္ဘာ့ဘဏ်က ဘယ်ဟာကို အတည်ယူရမှန်းမသိဘဲ စောင့်ကြည့်မယ်ဆိုပြီး ဖြစ်သွားတယ်။ နောက်တစ်နှစ်မှာတော့ ဒီဟာတွေ ရှင်းလင်းသွားရင် အမှတ်ရမှာပါ။ ကမ္ဘာ့ဘဏ်က မေးခွန်းတွေ မေးတဲ့အခါမှာလည်း သေချာမဖြေတာ၊ ပြီးအောင် မဖြေတာမျိုးတွေ ရှိတယ်။

မေးခွန်းဖြေတဲ့ business community ကလည်း အရေးကြီးပါတယ်။ မေးတဲ့အခါ ဟုတ်တယ်လို့ဖြေရင် နောက်ထပ်မေးခွန်းတွေ ဖြေရမှာ ဖြစ်ပါတယ်။ မဖြေရအောင် မဟုတ်ဘူးလို့ ဖြေလိုက်ရင် အမှတ်ကလျော့သွားမှာ ဖြစ်ပါတယ်။ မေးခွန်းတွေကို နားမလည်ရင်လည်း အခု call center တွေရှိနေပါပြီ။ indicator တိုင်းမှာ call center တွေရှိနေပါပြီ။ ကျွန်တော်ကိုယ်တိုင်လည်း စုံစမ်းကြည့်ပြီးပါပြီ။ သတင်းအချက်အလက် အမှန်ရပါတယ်။ တကယ်အလုပ်လုပ်နေပါပြီ။

တကယ်အလုပ် လုပ်၊ မလုပ်ကိုလည်း ဒုတိယဝန်ကြီးကိုယ်တိုင်လည်း စစ်ဆေးပါတယ်။ သတင်းအချက်အလက်အမှန်ကို ဖြေပေးနိုင်ရင် နောင်နှစ်မှာဆိုရင် ဒီထက်ပိုကောင်းတဲ့ Ranking တစ်ခုရောက်ရှိမှာ ဖြစ်ပါတယ်။ Ranking ကောင်းမှ ကျွန်တော်တို့ရဲ့စီးပွားရေးလုပ်ငန်းတွေ တန်ဖိုးတွေ တက်လာမှာ ဖြစ်ပါတယ်။ တကယ်တော့ ကျွန်တော်တို့ မဆင်းရဲပါဘူးဆိုတဲ့အကြောင်းကို ကမ္ဘာကို သိအောင် လုပ်ရတာ ဖြစ်ပါတယ်။ ။

**ရှင်မင်း၊ ဓာတ်ပုံ- အေးသန်း**

**“တစ်ချက်က မြန်မာတွေရဲ့ ဓလေ့ထုံးစံပါ။ ပြီးတော့ တွေးခေါ်မှုတွေပါ။ အရိုးစွဲနေတာက ရုံးနဲ့ ပတ်သက်ရမှာ ကြောက်ကြတယ်။ ကြောက်တဲ့အခါ ပွဲစားတွေနဲ့ လုပ်တဲ့ သဘောရှိပါတယ်။ နောက်တစ်ချက်က နည်းပညာ ပြောင်းလဲတာပါ။ လူလူချင်း မထိတွေ့ဘဲနဲ့ နည်းပညာနဲ့လုပ်တာ အကောင်းဆုံးပါပဲ။ လူလူချင်း မထိတွေ့ရဘူးဆိုတာ ခုနကပြောတဲ့ အွန်လိုင်းစနစ်ကို ပြောတာပါ။ အွန်လိုင်းကနေ အကုန်လုံးလုပ်မယ်ဆိုရင် အဂတိလိုက်စားမှုလည်း မရှိတော့ဘူး”**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အတိုးမဲ့ချေးငွေ ယွမ်သန်း ၈၀ ရယူရေးကိစ္စနှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲများသည့်အတွက် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၃**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက စစ်တွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်သိန်းခိုင် ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း အဆိုတင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါ ဝမ်းနည်းကြောင်း အဆိုကို အတည်ပြုမှတ်တမ်းတင်နိုင်ရန် လွှတ်တော်၏ဆန္ဒရယူရာ လွှတ်တော်က အတည်ပြုကြောင်းနှင့် မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် စစ်တွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်သိန်းခိုင် ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ်အဖြစ် မတ်တတ်ရပ်၍ နှစ်မိနစ်ငြိမ်သက်ပြီး မေတ္တာပို့သကြသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသော ဦးမင်းသူက ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ် ရှေ့မှောက်၌ ကတိသစ္စာပြုသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကချင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းထွန်းအား ခန့်အပ်တာဝန်ပေးခြင်းကိုတင်ပြ၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင်က လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်း၏ အပိုဒ် ခုနစ်ခုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက အဆိုပြုတင်သွင်းပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာ ဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးကျော်နိုင်၊ တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဦးမင်းသိန်းနှင့် တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကြည်တို့က ဆွေးနွေးကြကာ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ထို့နောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်း၏ အပိုဒ်ငါးခုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးဇော်ဝင်းက အဆိုပြုတင်သွင်းပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်က ဆွေးနွေး၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

ဆက်လက်၍ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက သတင်းအချက်အလက်ဗဟိုဌာနကြီး တည်ဆောက်ခြင်းစီမံကိန်း ဆောင်ရွက်ရန်အတွက် ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေထံမှ ချေးငွေအမေရိကန်ဒေါ်လာ ၄၃ ဒသမ ၇၇၉ သန်း ရယူရန်ကိစ္စ**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

## ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံအစိုးရမှ ချေးငွေ ပေးအပ်မည်ဖြစ်ကြောင်း ကတိကဝတ်ပြုလွှာအား ပေးပို့ခဲ့

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံအစိုးရမှ ချေးငွေ ပေးအပ်မည်ဖြစ်ကြောင်း ကတိကဝတ်ပြုလွှာ (Pledge of EDCF Loan) အား ပေးပို့ခဲ့ပါကြောင်း၊ အဆိုပါ ကတိကဝတ်ပြုလွှာတွင် ချေးငွေ၏အတိုးနှုန်းမှာ ၀ ဒသမ ၀၁ ရာခိုင်နှုန်းဖြစ်ပြီး အကောင်အထည်ဖော်ဆောင်မည့် အဖွဲ့အစည်းသည် ကိုရီးယားသမ္မတနိုင်ငံ၏ Small and Medium Enterprises (သို့မဟုတ်) Medium–Large ကုမ္ပဏီများဖြစ်ပါက အတိုးနှုန်းအား ၀ ရာခိုင်နှုန်းသို့ လျှော့ချပေးမည်ဖြစ်ပြီး ချေးငွေ ပြန်ဆပ်ရန်ကာလမှာ ဆိုင်းငံ့ကာလ ၁၅ နှစ်အပါအဝင် နှစ် ၄၀ ဖြစ်ပါကြောင်း။

ဤစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် အစိုးရ၏ Online ဝန်ဆောင်မှုများကို ပြည်သူများမှ အချိန်မရွေး၊ နေရာဒေသမရွေး အဆင်ပြေချောမွေ့စွာ ရယူအသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနှံ့အပြားရှိ အစိုးရအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများအကြားတွင် သတင်းအချက်အလက် ဆက်သွယ်စီးဆင်းမှုများ လွယ်ကူလျင်မြန်လာမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ e-Government လုပ်ငန်းများ အောင်မြင်ခြင်းအားဖြင့် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်သည့်အပြင် အစိုးရဌာနဆိုင်ရာများ၏ အရေးကြီးအချက်အလက်များအား လုံခြုံစွာထိန်းသိမ်းထားရှိနိုင်မည် ဖြစ်ပါသဖြင့် e-Government Intergrated Data Center(eGIDC) စီမံကိန်းအား ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ (EDCF) ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လွှတ်တော်မှ အတည်ပြုပေးစေလိုပါကြောင်း ရှင်းလင်းပြောကြားသည်။



ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဤချေးငွေစီမံကိန်းသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၇ ခုနှစ်၊ "ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာ"၊ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒတို့နှင့် ကိုက်ညီမှုရှိသည့်အပြင် မကြာသေးမီက ထုတ်ပြန်ထားသော မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀)၏ မဟာဗျူဟာနှင့်လည်း ကိုက်ညီမှုရှိပါကြောင်း။

## ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေထံမှ ချေးငွေအမေရိကန်ဒေါ်လာ ၄၃ ဒသမ ၇၇၉ သန်း ရယူနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုချက်ရယူပေးနိုင်ပါရန် တင်ပြ

သို့ပါ၍ သတင်းအချက်အလက်ဗဟိုဌာနကြီးဖြစ်သော (e-Governmental Integrated Data Center-e-GIDC) တည်ဆောက်ခြင်းစီမံကိန်းအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနအတွက် ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ (EDCF) ထံမှ ချေးငွေအမေရိကန်ဒေါ်လာ ၄၃ ဒသမ ၇၇၉ သန်း ရယူနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုချက်ရယူပေးနိုင်ပါရန် နာယကကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါ ချေးငွေနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အပြည်ပြည်ဆိုင်ရာ ရော်ဘာသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဘုတ်အဖွဲ့သို့ ဝင်ရောက်ရန်နှင့် နှစ်စဉ်ကြေးထည့်ဝင်ရန်ကိစ္စ**နှင့် စပ်လျဉ်း၍ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်းက ဆွေးနွေးရာတွင် "လက်ရှိ မြန်မာ့ရော်ဘာစိုက်ပျိုးရေးတွင် ဈေးနှုန်းမတည်ငြိမ်ခြင်းနှင့် အရည်အသွေးတိုးတက်အောင် လုပ်ဆောင်ရမည့် အခက်အခဲနှစ်ခု တွေ့ကြုံနေရပါကြောင်း၊ ကမ္ဘာတွင် ရော်ဘာထုတ်လုပ်သည့် နိုင်ငံပေါင်း ၉၅ ရာခိုင်နှုန်းသည် အသင်းဝင်နိုင်ငံများ ဖြစ်နေပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ယခုမှ အသင်းဝင်ခြင်းသည် နောက်ကျနေသည်ဟု ထင်မိပါကြောင်း၊ မိမိတို့နိုင်ငံတွင် လိုအပ်နေသည့် ရော်ဘာဖွံ့ဖြိုးတိုးတက်ရေးနှင့် ရော်ဘာများ အရည်အသွေးကောင်းမွန်စေရေးတို့အတွက် အဓိကအသက်သွေးကြောဖြစ်သည့် သုတေသနလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် အသင်းဝင်ရန်နှင့် နှစ်စဉ်ကြေးပေးခြင်းတို့ကို ခွင့်ပြုသင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategies) ၏ ဦးစားပေးကဏ္ဍများအနက် ရော်ဘာလုပ်ငန်းသည် အရေးကြီးသည့် ကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်ပါကြောင်း၊ လက်ရှိ မိမိတို့နိုင်ငံအနေဖြင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုသည် စိုက်ဧကပေါင်း ၁၆ သိန်းကျော်ရှိသည့်အနက် ဧက ၇ သိန်း ၇ သောင်းခန့်သည် အစေးလှီးဧကများဖြစ်ပြီး တန်ချိန် ၂ သိန်း ၄ သောင်းခန့်သာ ထုတ်လုပ်နိုင်မှုရှိပါကြောင်း။

အထွက်နှုန်းအနေဖြင့် နိုင်ငံတကာနှင့်ယှဉ်ပါက နည်းပါးနေသေးပြီး တစ်ဧကပျမ်းမျှ ပေါင် ၇၀၀ ဝန်းကျင်သာ ရှိပါကြောင်း၊ ရော်ဘာပြည်ပတင်ပို့နိုင်မှုအနေဖြင့် လက်ရှိတွင် တန်ချိန် ၁ သိန်း ၃ သောင်း ဝန်းကျင်သာရှိပါကြောင်း၊ ထုတ်လုပ်သည့် ရော်ဘာအရည်အသွေးအပေါ်မူတည်ပြီး ဈေးကွက်ရရှိရေးနှင့် ထိုက်သင့်သည့် ဈေးနှုန်းရရှိရေးတို့ကို ကြိုးပမ်းဆောင်ရွက်နေရသည့် အခြေအနေဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ ရော်ဘာသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဘုတ်အဖွဲ့ (IRRDB) သို့ဝင်ရောက်နိုင်မည်ဆိုပါက မျိုးပိုင်းဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာ သတင်းအချက်အလက်များနှင့် ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသုတေသနရလဒ်များကို ပိုမိုသိရှိနိုင်မည့်အပြင် မြန်မာနိုင်ငံ၏ ရော်ဘာအရည်အသွေးနှင့် အထွက်နှုန်းတိုးတက်ရေးအတွက်လည်း အကျိုးရှိစွာအသုံးချသွားနိုင်မည် ဖြစ်ပါကြောင်း။

နိုင်ငံအတွင်း ဖွဲ့စည်းဆောင်ရွက်နေသည့် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းအတွက်လည်း နိုင်ငံတကာရော်ဘာ သုတေသနအဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက် ဆောင်ရွက်ပေးလာနိုင်မည်ဖြစ်သည့်အတွက် မြန်မာ့ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာနိုင်သည့် အခြေအနေများ ဖန်တီးလာနိုင်မည် ဖြစ်ပါကြောင်း၊ အသင်းဝင်ရောက်ရန်နှင့် နှစ်စဉ်ကြေးထည့်ဝင်ရန်ကိစ္စတို့နှင့် ပတ်သက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြသဘောတူ ခွင့်ပြုချက်များ ရရှိပြီးဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေနှင့် အပြည်ပြည်ဆိုင်ရာ ရော်ဘာသုတေသနနှင့် နည်းပညာ ဖွံ့ဖြိုးရေးဘုတ်အဖွဲ့ (International Ruber Research and Development Board-IRRDB) သို့ ဝင်ရောက်ခွင့်ပြုနိုင်ရေးနှင့် နှစ်စဉ်ကြေး ထည့်ဝင်ခွင့်ပြုနိုင်ရေးကိစ္စရပ်အပေါ် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြု၊ ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက မီးရထားလူစီးတွဲ ဝယ်ယူရေးစီမံကိန်းအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံထံမှ အတိုးမဲ့ချေးငွေ ယွမ် သန်း ၈၀ ရယူရန် ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်၍ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက မီးရထားလူစီးတွဲဝယ်ယူရေးစီမံကိန်းအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံထံမှ အတိုးမဲ့ချေးငွေယွမ် သန်း ၈၀ ရယူရန်ကိစ္စ**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ယခုကဲ့သို့ အတိုးမဲ့ချေးငွေယွမ်သန်း ၈၀ ဖြင့် လူစီးတွဲ အထက်တန်း ၁၄ တွဲနှင့် ရိုးရိုးတန်း ၁၄ တွဲ ဝယ်ယူရာတွင် အထက်တန်းတွဲအစစ်၊ ရိုးရိုးတန်းတွဲအစစ် ပြုလုပ်လိုက်ပါက ယခု ၂၈ တွဲသည် ရိုးရိုးတန်း ၂၃ တွဲနှင့် အထက်တန်း ၅ တွဲ ဖြစ်သွားမည်ဖြစ်ပါကြောင်း၊ ထို့နောက် ရန်ကုန် - မန္တလေး အမြန်ရထား ၃ အဆန်၊ ၄ အစုန်ကိုလည်း ရိုးရိုးတန်း ကိုးတွဲ၊ အထက်တန်း နှစ်တွဲ၊ စားသောက်တွဲ တစ်တွဲ၊ ဘရိတ်တစ်တွဲဖြင့် ပြေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက မီးရထားဝယ်ယူရေးစီမံကိန်းအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အတိုးမဲ့ချေးငွေယွမ်သန်း ၈၀ ရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ချေးငွေကို ခွင့်ပြုပေးပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပဲခူးတိုင်းဒေသကြီး အမှတ် (၃) မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရွှေရွှေစိန်လတ်နှင့် မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက်တို့ ထောက်ပြဆွေးနွေးခဲ့သည့် "ချေးငွေတိုးတက်မှုများနှင့် ပတ်သက်၍ ဆောင်ရွက်မှုများကို အစီရင်ခံစာတင်ပြသည့်အခါ အသေးစိတ်အချက်အလက်များ ထည့်သွင်းတင်ပြရန်" ကိစ္စနှင့်စပ်လျဉ်းပြီး ပြန်လည်ဆွေးနွေးခွင့်ပြုပါရန် တင်ပြအပ်ပါကြောင်း၊ ပြည်ပချေးငွေစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ပြည်ထောင်စုလွှတ်တော်သို့ ၂၀၁၈ ခုနှစ်၊ မေလတွင် ပထမအကြိမ်အဖြစ် တင်ပြခဲ့ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ချေးငွေဖြင့်ဆောင်ရွက်သည့် စီမံကိန်းများအတွက် အကောင်အထည်ဖော်မှုများကို ယင်းသို့ နှစ်စဉ်ရှင်းလင်းတင်ပြသင့်ပါကြောင်း။

ပြည်ပကြွေးမြီနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဘဏ္ဍာနှစ်အတွင်း ကြွေးမြီဆိုင်ရာဆောင်ရွက်ချက်များဖြစ်သည့် စာချုပ်အသစ်ချုပ်ဆိုမှု၊ ချေးငွေထုတ်ယူသုံးစွဲမှု၊ ပြန်လည်ပေးဆပ်မှုအခြေအနေများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစ၍ ထုတ်ပြန်ခဲ့သည့်အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာများတွင် တင်ပြထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ကာလလတ်ကြွေးမြီ စီမံခန့်ခွဲမှုမဟာဗျူဟာများတွင် ပြည်ပချေးငွေအပေါ် အရင်း၊ အတိုးပြန်လည်ပေးဆပ်ရမည့် အစီအစဉ်ကို ခန့်မှန်းရေးဆွဲ ဖော်ပြထားပါကြောင်း။

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချို ဆွေးနွေးခဲ့သည့် အတိုးမဲ့ချေးငွေဖြစ်သော်လည်း တရုတ်နိုင်ငံမှ ပစ္စည်းကို ပြန်လည်ဝယ်ယူရခြင်းဖြစ်သဖြင့် အရည်အသွေးကောင်းမွန်ရေးနှင့် ဈေးနှုန်းမှန်ကန်ရေးတို့သည် အရေးကြီးသည့်အချက်များ ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ချေးငွေနှင့် ဆက်စပ်ဆောင်ရွက်သည့် Contract Agreement များ ချုပ်ဆိုရာတွင် အသေးစိတ်ဆွေးနွေး၍ မိမိနိုင်ငံအတွက် နစ်နာမှုမရှိစေရန် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့်လည်း သင့်လျော်မည့် သဘောထားမှတ်ချက်များပေးခြင်းဖြင့် ကူညီဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် ပြေးဆွဲမည့် အထက်တန်းလူစီးရထားတွဲသစ် ၁၄ တွဲ၊ ရိုးရိုးတန်းလူစီးရထားတွဲသစ် ၁၄ တွဲ၊ စုစုပေါင်း လူစီးရထားတွဲ ၂၈ တွဲ ဝယ်ယူရေးစီမံကိန်းအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံထံမှ အတိုးမဲ့ချေးငွေ ယွမ်သန်း ၈၀ ရယူရေးကိစ္စအပေါ် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် နာယကကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ ဆန္ဒမဲရယူရာ ထောက်ခံမဲ ၄၆၅ မဲ၊ ကန့်ကွက်မဲ ၁၂ မဲ၊ ကြားနေမဲ ၇ မဲဖြင့် ထောက်ခံမဲများသည့်အတွက် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ဒီဇင်ဘာ ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့် (သတင်းစဉ်)**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၆ / ၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်**
**(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ် နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ နတ်ရေတွင်းကျေးရွာအုပ်စု၊ ပါအော့ကျေးရွာနေမြင့်မောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၁၁-၂၀၁၈ ရက်နေ့တွင် အင်းတော်မြို့နယ်၊ နတ်ရေတွင်းကျေးရွာအုပ်စု၊ ပါအော့ကျေးရွာနေ မြင့်မောင် (၂၉)နှစ်၊ (ဘ) ဦးစံထွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူ များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းတော်) မယ(ပ) ၁၂၂/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ ဘုဓလက်ကျေးရွာနေ ဇော်ဦးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၁၁-၂၀၁၈ ရက်နေ့တွင် အင်းတော်မြို့နယ်၊ ဘုဓလက်ကျေးရွာနေ ဇော်ဦး(၃၄)နှစ်၊ (ဘ)ဦးထွန်းကြည်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းမဲများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းတော်) မယ(ပ) ၁၃၇/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မော်လူးမြို့ မင်းသစ္စာရပ်ကွက်နေ ဦးဖိုးကျားသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၀-၁၁-၂၀၁၈ ရက်နေ့တွင် အင်းတော်မြို့နယ်၊ မော်လူးမြို့ မင်းသစ္စာရပ်ကွက်နေ ဖိုးကျား (ခ)ထွေးအောင် (၃၆)နှစ်၊ (ဘ) ဦးအောင်မြင့်၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (မော်လူး) မယ(ပ)၅၈/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၁၁-၂၀၁၈ ရက်နေ့တွင် ဖြူးမြို့ ဖြူးအရှေ့အုပ်စု၊ တာခြားရပ်နေ ထော်ကြီး(ခ) ဖြိုးသူအောင် (၂၇)နှစ်၊ (ဘ) ဦးတင်ခွေး၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖြူး) မယ(ပ)၆/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဇီးဖြူသောင်ကျေးရွာ၊ ပိုက်တန်းရပ်ကွက်၊ အလက(၂) ကျောင်းဘေး (ဆောက်လုပ်ဆဲတိုက်)နေ ကိုမျိုးသက် (ခ) အရိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၀-၁၁-၂၀၁၈ ရက်နေ့တွင် ရေးမြို့နယ်၊ ဇီးဖြူသောင်ကျေးရွာ၊ ပိုက်တန်းရပ်ကွက်၊ အလက(၂)ကျောင်းဘေး (ဆောက်လုပ်ဆဲတိုက်) နေ မျိုးသက်(ခ)အရိုး (၃၆)နှစ်၊ (ဘ)ဦးမောင်သက် ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ လင်းလင်း(၃၆)နှစ်၊ (ဘ) ဦးကျော်သန်း တို့အား WY စာတန်း ပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၂) ဦးအား မမစ(ရေး) မယ(ပ) ၄၅/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းဘူတာရပ်ကွက်၊ (၂)လမ်းနေ ဝေဖြိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၁၁-၂၀၁၈ရက်နေ့တွင် စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်း ဘူတာရပ်ကွက်၊ (၂)လမ်းနေ ဝေဖြိုး (ခ) ဝေဖြိုးအောင် (၃၅)နှစ်၊ (ဘ)ဦးအောင်သန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားWY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (စမ်းချောင်း) မယ(ပ)၂၅/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝရပ်ကွက်နေ ရန်လင်းအောင်(ခ) ကြွက်နီ(ဘ)ဦးစိန်မြင့်ထွန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း၊ သတင်းပေးပို့ခြင်း။ | ၂၇-၁၁-၂၀၁၈ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ်(၈/၉)နေ ရဲရင့်ကျော် (၂၅)နှစ်၊ (ဘ)ဦးကျော်ညွှန့်၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်း ၎င်းနှင့်အတူ မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝရပ်ကွက်၊ ဇေယျာသီရိလမ်း၊ အမှတ် (၁၂) နေ ရန်လင်းအောင်(ခ)ကြွက်နီ(၂၇)နှစ်၊ (ဘ) ဦးစိန်မြင့်ထွန်းနှင့် စော်ဘွားကြီးကုန်းရပ်ကွက်၊ အောင်မင်္ဂလာလမ်းနေ ဝေမိုးအောင်(၂၀)နှစ်၊ (ဘ)ဦးသိန်းဇော်တို့(၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ရန်လင်းအောင်(ခ) ကြွက်နီ၏ နေအိမ်အား ဆက်လက်ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာ မတွေ့ရှိခဲ့သော်လည်း ၎င်းတို့ (၃)ဦးအား မမစ(အင်းစိန်) မယ(ပ)၁၆၆/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အင်တောမြို့နယ်ခွဲ၊ ကျောက်ဂူကျေးရွာအုပ်စု၊ ပုန်းအင်းကြီးကျေးရွာနေ ဦးဘထူး၊ ဦးငွေစိုးနှင့် ဇနီး ဒေါ်ခင်သီတာတို့သည် မူးယစ်ဆေးဝါးများဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၁၁-၂၀၁၈ ရက်နေ့တွင် အင်တောမြို့နယ်ခွဲ၊ ကျောက်ဂူကျေးရွာအုပ်စု၊ ပုန်းအင်းကြီးကျေးရွာနေ ဦးဘထူး (၆၃)နှစ်၊ (ဘ) ဦးသာမြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းမဲများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကျောက်ဂူ) မယ(ပ)၉/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း၊ အလားတူ ဦးငွေစိုး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားတွေ့ရှိခြင်းမရှိဘဲ ဇနီးဖြစ်သူ ဒေါ်ခင်သီတာ (၄၇)နှစ်၊ (ဘ) ဦးသာမြစ်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကျောက်ဂူ) မယ(ပ) ၁၀/ ၂၀၁၈၊ မူး/ စိတ်ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့တွင် မူးယစ်ဆေးဝါးများ သုံးစွဲ၊ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၁၁-၂၀၁၈ ရက်နေ့တွင် မိုင်းရယ်မြို့ ရပ်ကွက်(၃)၊ နယ်မြေ(၃)၊ အိမ်အမှတ်(၂၁၀)နေ အေးမီး(ခ) နန်းမိုးညွှန့် (၃၈)နှစ်၊ (ဘ) ဦးခင်မောင်ညွှန့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မန်ဖိုင်ကျေးရွာနေ အေးလီ(၄၀) နှစ်၊ (ဘ) ဦးလုံတောင်း၊ အိုက်မြင့်(၃၂)နှစ်၊ (ဘ)ဦးလုံးလှ၊ မိုင်းရယ်မြို့နေ စိုင်းခမ်းခိုင် (၄၀)နှစ်၊ (ဘ) ဦးလုံးစံလွယ်နှင့် အိုက်ခိုင်(၄၅)နှစ်၊ (ဘ) ဦးလုံးထွန်းတို့ (၅)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မိုင်းရယ်) မယ(ပ) ၁၁/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ပေါ်ရပ်ကွက်အချို့ရှိ နေရာများတွင် မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၁၁-၂၀၁၈ ရက်နေ့တွင် တောင်ကြီးမြို့ ချမ်းမြသာစည်ရပ်ကွက်၊ စတုဘုမ္မိကကျောင်းလမ်းအနီး၌ ပိတ်ဆို့ရှာဖွေ စိစစ်နေစဉ် စိန်ပန်းရပ်ကွက်နေ ကျော်ကျော်လင်း(ခ) ကျော်ကြီး(၂၂)နှစ်၊ (ဘ) ဦးစိုးတင့်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (တောင်ကြီး) မယ(ပ)၇၁/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း၊ အလားတူ မင်္ဂလာဦးရပ်ကွက်၊ အရှေ့မြို့ပတ်လမ်းအတွင်း ပိတ်ဆို့ရှာဖွေစိစစ်နေစဉ် စိန်ပန်းရပ်ကွက်နေ ဇော်မင်းထွန်း (၂၈)နှစ်၊ (ဘ)ဦးလှရွှေအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တောင်ကြီး) မယ(ပ)၇၂/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့်လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၁ | ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့ ရပ်ကွက် (၄)၊ အုပ်စု(၁၀)တောင်ကုန်းပေါ်တွင် နေ့စဉ်နှင့်အမျှ လူအများ မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကားပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၂၅)မှုတွင် တရားခံကျား(၂၂)ဦး၊ မ(၃)ဦး၊ ပေါင်း(၂၄)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိကြောင်း တင်ပြပြီး/ သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။ ၃၀-၁၁-၂၀၁၈ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိ အမှုများမှ ကွင်းဆက်သတင်းအရ ကွတ်ခိုင်မြို့ ရပ်ကွက်(၄) အတွင်း စောင့်ဆိုင်း စိစစ်နေစဉ် လွယ်ခန်ကျေးရွာနေ အိုက်ယိုင် (ခ)အိုက်ဆိုင်(၂၈)နှစ်၊ (ဘ) ဦးအိုက်ပေါင်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကွတ်ခိုင်) မယ(ပ)၁၃၄/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ဆက်လက်စောင့်ဆိုင်းစိစစ်နေစဉ် ကာလိုင်ကျေးရွာနေ အောင်မိုင်(၄၀)နှစ်၊ (ဘ)ဦးအင်ခွန်တူးအား ဘိန်းဖြူ (၁၀)ဂရမ်နှင့်အတူ ထပ်မံဖမ်းဆီးရမိသဖြင့် မမစ (ကွတ်ခိုင်)မယ (ပ) ၁၃၅/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၂ | ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့ ရပ်ကွက် (၅)၊ နယ်မြေ(၄)၊ မန်မိုင်ရွာ၊ "ဝ" ဘုရား ကျောင်းလမ်းတွင် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁-၁၂-၂၀၁၈ ရက်နေ့တွင် လားရှိုးမြို့ ရပ်ကွက်(၅)၊ နယ်မြေ (၄) မန်မိုင်ရွာ၊ "ဝ"ဘုရားကျောင်းလမ်းအနီးတွင်သတင်းအရ စောင့်ဆိုင်းစိစစ်နေစဉ် ဟူးမွန်အုပ်စု၊ ဂျမန်ရွာနေ ဇခေါင်(၄၆)နှစ်၊ (ဘ) ဦးဒေါင်စယ် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေး ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး) မယ(ပ) ၂၂၅/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ဆက်လက်စောင့်ဆိုင်း စိစစ်နေစဉ် ရပ်ကွက်(၇)၊ နယ်မြေ (၉)နေ တင်ဦး(ခ)ဝမ်ခိုက်ချင် (၂၄)နှစ်၊ (ဘ)ဦးဝမ်ရင်းဆိုင်နှင့်အားယုံ(၅၀) နှစ်၊ (ဘ) ဦးလီကျင်ထည်တို့ မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၂)ဦးအား မမစ(လားရှိုး)မယ(ပ)၂၂၆/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် လည်းကောင်း၊ အလားတူ ရပ်ကွက် (၇)၊ နယ်မြေ (၁၈)နေစိုင်းမြင့်နိုင်(၂၅)နှစ်၊ (ဘ)ဦးအုန်းနိုင်အား ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး)မယ(ပ)၂၂၇/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၃ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဆီဆိုင်မြို့နယ်၊ ဘန်းယဉ်အုပ်စု၊ မင်္ဂလာရပ်ကွက်နေ ဒေါ်ငွေနှင့် သားဖြစ်သူ အိုက်စိန်တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁-၁၂-၂၀၁၈ ရက်နေ့တွင် ဆီဆိုင်မြို့နယ်၊ ဘန်းယဉ်အုပ်စု၊ မင်္ဂလာရပ်ကွက်နေ စိုင်းစိန်(ခ) အိုက်စိန် (၃၈)နှစ်၊ (ဘ) ဦးဆန်ဖုး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းမဲများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဘန်းယဉ်)မယ (ပ)၃၀/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ဘန်းယဉ်အုပ်စု၊ မင်္ဂလာရပ်ကွက်နေ ဒေါ်နန်းငွေ(ခ)ဒေါ်ငွေ(၅၈)နှစ်၊ (ဘ) ဦးလုံးဆွဲပိုင် လယ်တောသို့သွားရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ စိုင်းသိန်းဟန်(၄၀)နှစ်၊ (ဘ)ဦးလုံးအောင် တို့အားစိတ်ကြွဆေးပြားများ၊ ဘိန်းမဲများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား နမစ(ဘန်းယဉ်) မယ(ပ) ၃၁/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၁-၁၂-၂၀၁၈ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၄၁၈)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၅၄၂)ဦး၊ မ(၁၀၂)ဦး၊ ပေါင်း(၆၄၄)ဦးဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၅၄၇၅.၃၇)ဂရမ်၊

*စာမျက်နှာ ၉ သို့*

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူးအား တရုတ်နိုင်ငံသံရုံးက ညစာဖြင့်တည်ခင်းဧည့်ခံ

**နေပြည်တော် ဒီဇင်ဘာ ၃**

နေပြည်တော်၌ ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူး မစ္စတာ ချန်းဟောင်အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲကို ယနေ့ည ၇ နာရီတွင် နေပြည်တော်ရှိ Horizon Lake View Resort ဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**

**ဆွေးနွေးပြောကြား** 

ညစာစားပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ယူနန်ပြည်နယ်ပါတီကော်မတီ အတွင်းရေးမှူး မစ္စတာ ချန်းဟောင်နှင့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေတို့က တရုတ်-မြန်မာနှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဆွေးနွေးစကားများပြောကြားကြသည်။

**တက်ရောက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ယူနန်ပြည်နယ်ပါတီကော်မတီ အတွင်းရေးမှူးနှင့် တက်ရောက်လာကြသူများသည် ညစာအတူတကွ သုံးဆောင်ကြသည်။

ညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးကျော်တင့်ဆွေ၊ ဦးသန့်စင်မောင်၊ ဒေါက်တာသန်းမြင့်၊ ဦးစိုးဝင်းနှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ **သတင်းစဉ်**




# မြန်မာနိုင်ငံ၏ ရှုထောင့်နယ်ပယ်စုံ လူမှုဘဝဖူလုံရေး အစီရင်ခံစာထုတ်ပြန်ကြေညာခြင်းအခမ်းအနား ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ တက်ရောက်




**နေပြည်တော် ဒီဇင်ဘာ ၃**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အာ ဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းရေးသားပြုစုသည့် မြန်မာနိုင်ငံ၏ ရှုထောင့်နယ်ပယ်စုံ လူမှုဘဝဖူလုံရေး (Multidimensional Welfare in Myanmar) အစီရင်ခံစာထုတ်ပြန်ကြေညာခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပသည်။

**ပြုစုတင်ပြထား**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း သည် မိမိတို့အတွက် ထူးခြားသည့် ကြိုးပမ်းအားထုတ်မှုတစ်ရပ်ဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ အခြေအနေများနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ပံ့ပိုးပေးနိုင်ခဲ့ပါကြောင်း၊ ယင်းအချက် အလက်များကို အခြေခံ၍ အသေးစိတ်သုတေသနစာတမ်း ၁၃ စောင်နှင့် သန်းခေါင်စာရင်းရလဒ်မြေပုံ အစီရင်ခံစာတို့ကို ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ ယခုထုတ်ပြန်သည့် မြန်မာနိုင်ငံ၏ ရှုထောင့်နယ်ပယ်စုံ လူမှုဘဝဖူလုံရေးအစီရင်ခံစာကို ပြည်သူ့အင်အားဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်းရေးသား ပြုစုခဲ့ခြင်းဖြစ်ပြီး ယခင်က လေ့လာခဲ့ခြင်းမရှိသေးသည့် အချက်အလက်များကို အသုံးပြု၍ မျက်မှောက်ခေတ် လူမှုဘဝဖူလုံရေးကို ပထဝီနယ်နိမိတ်အလိုက် ပြုစုတင်ပြထားပါကြောင်း။

ယင်းအစီရင်ခံစာတွင် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း အချက်အလက်များကို အခြေခံ၍ ငွေကြေးမဟုတ်သည့် အညွှန်းကိန်းများကို အသုံးပြုကာ "ရှုထောင့်နယ်ပယ်စုံ ချို့တဲ့မှု အညွှန်းကိန်း (Multidimensional Disadvantage Index)" ကို တွက်ချက်နိုင်ခဲ့ပါကြောင်း၊ "ရှုထောင့်နယ်ပယ်စုံချို့တဲ့မှု အညွှန်းကိန်း" ကို လေ့လာခြင်းဖြင့် နိုင်ငံတော်အစိုးရသည် မိမိနိုင်ငံအတွင်း မည်သည့်တိုင်းဒေသကြီး၊ ပြည်နယ်၊ မည်သည့် မြို့နယ်များတွင် ချို့တဲ့မှု အများဆုံး ရင်ဆိုင်နေရကြောင်းကို ပိုမိုသိရှိလာနိုင်မည် ဖြစ်ပါကြောင်း၊ မိမိတို့ဌာနအနေဖြင့် သန်းခေါင်စာရင်း အချက်အလက်များကို Online နှင့် Offline နှစ်ခုလုံးမှ မျှဝေဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အချက်အလက် အသုံးပြုသူများအနေဖြင့် ယခုထုတ်ပြန်ကြေညာသည့် အစီ ရင်ခံစာပါ

*စာမျက်နှာ ၁၂ ကော်လံ ၄ သို့*

*စာမျက်နှာ ၈ မှ*

ICE(၂၅.၀၁)ဂရမ်၊ ဘိန်း(၃၈၅၆၉.၇၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၂၆၃.၂၈) ဂရမ်၊ ဘိန်းစာရွက်(၇၂၇၃.၉၉)ဂရမ်၊ စိတ်ကြွဆေးပြား(၁၀၄၉၂၀)ပြား၊ ဆေးခြောက်(၃၇၀၁.၀၃)ဂရမ်၊ ဘိန်းရည် (၀.၁)လီတာ၊ ဘိန်းဆီခဲ(၂၂၇.၄)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၁.၆၅) ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ သေနတ်မျိုးစုံ(၁၂)လက်၊ ကျည်မျိုးစုံ(၁၉၄)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ် ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သောသတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့် အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ် ပူးပေါင်းစစ်ဆေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ ယခုတစ်ပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များ အပါအဝင် ပြည်နယ်/ တိုင်းဒေသကြီးအသီးသီး၌ ကချင်ပြည်နယ်၊ မန်စီမြို့နယ်၊ တုံပုလွေကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၇၅၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀)ပြား၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ မော့်ရှန်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၄၁၅၀)ဂရမ်၊ စိတ်ကြွဆေးပြား(၃၄၀၀၀၀)ပြား၊ ဘိန်းဆီခဲ(၁၁၂၀၀)ဂရမ်၊ ဆိုင်ကယ် (၁)စီး၊ ဗန်းမော်မြို့နယ်၊ သပြေကုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၅၄.၅)ဂရမ်၊ စိတ်ကြွဆေးပြား(၂၉၂၅)ပြား၊ မွန်ပြည်နယ်၊ မုဒုံမြို့၊ မြို့မ(၁)ရပ်ကွက်၊ Golden Hotel ၌ တရားခံအမျိုးသား (၂)ဦး ထံမှ စိတ်ကြွဆေးပြား(၂၉၀၂၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၂)ပြား၊ ဆေးခြောက်(၅) ဂရမ်၊ မောင်တောမြို့နယ်၊ (၃)မိုင်-ကြိမ်ချောင်း ကားလမ်းဘေးချောင်းအနီး၌ အမျိုးသား(၂)ဦးအားစစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ဆာလာအိတ်(၁) အိတ်အား ပစ်ချထွက်ပြေးသွားခဲ့သဖြင့် စစ်ဆေးရာ ဆာလာအိတ်အတွင်းမှ စိတ်ကြွဆေးပြား(၂၄၃၇၅၀)ပြား၊ မောင်တောမြို့အဝင် တံတားရဲကင်း၌ သတင်းအရ Probox ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၄)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ နောင်ပါကျေးရွာ၌ တရားခံအမျိုးသား(၅)ဦးထံမှ စိတ်ကြွဆေးပြား(၂၅၉၁)ပြား၊ တာချီလိတ်မြို့နယ်၊ ဆေးခမ်းရပ်ကွက်၊ ဟောင်းလိတ်လမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ Ketamine(၁၁.၆)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တောင်ကြီးမြို့နယ်၊ ဆင်တဲကျေးရွာအနီး ရွှေညောင်- ရပ်စောက်သွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၆၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ လွိုင်လင်မြို့နယ်၊ ဟိုတင့်ကျေးရွာအနီး လွိုင်လင်-တောင်ကြီးသွားကားလမ်းမပေါ်တွင် သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ နောင်ချိုမြို့နယ်၊ မိုင်တိုင်အမှတ်(၈၀/၄)အနီး မန္တလေး-မူဆယ်သွားကား လမ်းမပေါ်တွင်သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၄၄)ဂရမ်၊ စိတ်ကြွဆေးပြား(၃၉၆၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရွှေညောင်မြို့နယ်၊ စံကားရွာအနီး ကားလမ်းမပေါ်တွင် သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၈၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ ချမ်းမြေ့ဘုန်းကြီးကျောင်းအနီး တမူး-ကလေး ကားလမ်းမပေါ်တွင် သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ Tramadol ဆေးတောင့်(၁၀၀) တောင့်၊ Tramadol ဆေးရည်ပုလင်း(၁၀)လုံး၊ ဆိုင်ကယ်(၁)စီး၊ မုံရွာမြို့ နတ်လူထိပ်ပန်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးနှင့် အမျိုးသမီး(၂)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၅၃၄၆)ပြား၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည် (တောင်)ရပ်ကွက်၌ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၃၀၀၅)ပြား၊ ဘိန်းဖြူ(၁.၂)ဂရမ်၊ ကျောက်ဆည်မြို့အဝင်၊ မန္တလေး- ကျောက်ဆည်သွား ကားလမ်းမဘေး၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွ ဆေးပြား(၁၀၆၅)ပြား၊ မိတ္ထီလာမြို့နယ်၊ ဝန်ဇင်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၁၃၀)ပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံတောင်မြို့နယ်၊ (၁၀၇)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးနှင့် အမျိုးသမီး(၂)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၂၉၅)ပြား၊ ဆေးခြောက်(၂၀၃၇၀)ဂရမ်၊ ရွှေပြည်သာမြို့နယ်၊ (၁)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၂၃၀)ပြားအား လည်းကောင်း၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမှု ဖြစ်စဉ်(၁)ခု ရှိခဲ့ပြီး ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်၊ တောင်နောက်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၂၀၀၀)ပြား၊ ၉ မမ ကျည်(၂၁)တောင့်၊ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခုရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ ခါမ်းပတ်မြို့ ဘုက္ကန်ကျေးရွာ၊ တမူး-ကလေးသွား ကားလမ်းမပေါ်တွင် သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားမဝင် ဝင်ရောက်လာသည့် အိန္ဒိယနိုင်ငံသားအမျိုးသား (၁)ဦးထံမှ ဘိန်းဖြူ(၁၅၀)ဂရမ်၊ စိတ်ကြွဆေးပြား (၁၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ်(၂၅-၁၁-၂၀၁၈ ရက်နေ့မှ ၁-၁၂-၂၀၁၈ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း (၁၉၀)မှုတွင် တရားခံကျား(၂၄၁)ဦး၊ မ(၂၈)ဦး၊ ပေါင်း(၂၆၉)ဦးကို ဘိန်းဖြူ(၄၆၂၂.၆၇၉)ဂရမ်၊ ICE (၅၅.၈၁) ဂရမ်၊ ဘိန်း(၃၄၆၃.၅)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၆)ဂရမ်၊ ဘိန်းစာမှုန့် (၈၀)ဂရမ်၊ စိတ်ကြွဆေးပြား(၇၄၁၀၈၈)ပြား၊ ဆေးခြောက်(၂၁၀၄၄.၅၃)ဂရမ်၊ ဘိန်းဆီခဲ(၁၁၂၀၀)ဂရမ်၊Tramadol ဆေးတောင့်(၁၀၀)တောင့်၊ Tramadol ဆေးရည်ပုလင်း(၁၀)ပုလင်း၊ Ketamine(၁၁.၆)ဂရမ်၊ ၉ မမကျည် (၂၁)တောင့်တို့ကို ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

**အော်တိုတယ်လီဖုန်းနံပါတ်** - ၀၆၇-၅၉၀၂၀၀

**ဖက်စ်ဖုန်းနံပါတ်** - ၀၆၇-၅၉၀၂၃၃

**အီးမေးလ်လိပ်စာ** - **antinarcotics@presidentoffice.gov.mm**

# မြန်မာဂန္ထဝင်အတွဲ(၁၀၀) စာစဉ် ဝတ္ထုရှည် အတွဲ ( ၁၊၂၊၃) စာအုပ်ထုတ်ဝေခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃

**ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စီစဉ်ထုတ်ဝေသည့် မြန်မာဂန္ထဝင်အတွဲ (၁၀၀)စာစဉ်၊ ဝတ္ထုရှည်အတွဲ (၁၊၂၊၃) စာအုပ်ထုတ်ဝေခြင်း မိတ်ဆက်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဆူးလေ ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။**

**စာပေပွဲတော်များ ကျင်းပ**

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကား ပြောကြားရာ၌ ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာနိုင်ငံတွင် စာအုပ်စာပေဖတ်ရှုသူများ တိုးပွားလာစေရေး၊ မြန်မာနိုင်ငံသားတို့ အသိပညာဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရည်ရွယ်ပြီး စာတမ်းဖတ်ပွဲ၊ စာအုပ်ဈေးရောင်းပွဲများ ပါဝင်သည့် စာပေပွဲတော်များ ကျင်းပလျက်ရှိပါကြောင်း၊ အမြို့မြို့အနယ်နယ်ရှိ စာကြည့်တိုက်များတွင် စာဖတ်ဝိုင်း (Book Club) များ ထူထောင်ပြီး စာအုပ်စာပေကို လေးလေးနက်နက် ဖတ်ရှုသူများ၏ စာပေဆွေးနွေးဝိုင်းများအပြင် စာတွေ့လက်တွေ့အသိရှိသူ၊ ဗဟုသုတရှိသူများ ဝိုင်းဖွဲ့ဆွေးနွေးသည့် ပြည်သူ့စကားဝိုင်းများ ထွန်းကားပြန့်ပွားရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကြသည့်အတွက် စာပေပွဲတော်များ စည်ကားသိုက်မြိုက်ခြင်း၊ ကျင်းပရသည့် ရည်ရွယ်ချက်များ ထမြောက်အောင်မြင်ခြင်းဖြစ်သည်ဟု ဤနေရာတွင် အလျဉ်းသင့်သဖြင့် ကျေးဇူးတင်စကားဆိုချင်ပါကြောင်း။

**စိတ်ကူးကြံဆ အသစ်ဆောင်ရွက်**

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် စာပေဆိုင်ရာ အစီအစဉ်များကို ဆောင်ရွက်ရာတွင် ယခင်အစဉ်အဆက် ပုဂ္ဂိုလ်ကြီးများ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်ခြင်းများရှိသကဲ့သို့ မိမိတို့လက်ထက်တွင် စိတ်ကူးကြံဆပြီး အသစ်ဆောင်ရွက်ခြင်းများလည်း ရှိပါကြောင်း။

**ပြန်လည်တည်းဖြတ်ပြင်ဆင်**

နမူနာအနေဖြင့် စာပေဗိမာန်က ဆောင်ရွက်နေသည့် အစီအစဉ်နှစ်ခုကို တင်ပြလိုပါကြောင်း၊ စာပေဗိမာန်သည် အမှောင်ခွင်း၍ အလင်းဆောင်အံ့ ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူလူထု




မြန်မာဂန္ထဝင်အတွဲ (၁၀၀)စာစဉ်၊ ဝတ္ထုရှည် အတွဲ (၁၊၂၊၃) စာအုပ်

**နေပြည်တော်တွင်ကျင်းပရန် စီစဉ်လျက်ရှိ**

နိုင်ငံအနှံ့အပြားတွင် ကျင်းပသည့် ကလေးစာပေပွဲတော်များနှင့် လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်များတွင် စာရေးသူများ ဦးဆောင်သည့် စာပေဆွေးနွေးဝိုင်းများ အမြဲထည့်သွင်းလျက်ရှိပါကြောင်း၊ စာပေသမား တစ်ဦးလည်းဖြစ်သည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်လည်း လူငယ်များနှင့် ရသစာပေဆွေးနွေးဝိုင်းများတွင် ဦးဆောင်ပါဝင်ခဲ့သည်ကို အားလုံးသိရှိပြီး ဖြစ်ပါကြောင်း၊ ဒီဇင်ဘာလကုန်ပိုင်းအတွင်း စာဖတ်သူတိုင်း စာဖတ်ရေး စည်းရုံးဆော်ဩမည့် စာပေပွဲတော်အစီအစဉ်တစ်ရပ်ကို နေပြည်တော်တွင် ကျင်းပရန် စီစဉ်လျက်ရှိပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ယခုလိုပွဲများ၊ အစီအစဉ်များကို ကျင်းပပြုလုပ်နေသော်လည်း မိမိတို့ချည်းသာဆိုလျှင် ယခုလောက် မအောင်မြင်နိုင်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပါအဝင် အခြားသက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအပါအဝင် တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရတို့မှ ဝိုင်းဝန်းဆောင်ရွက်

ကို အလင်းရောင်ပေးနိုင်ရန်အတွက် မြန်မာ့စွယ်စုံကျမ်း၊ လူထုသိပ္ပံကျမ်းစသည့် ရည်ညွှန်းကျမ်းကြီးများအပါအဝင် စာအုပ်စာတမ်းများစွာ ပြုစုထုတ်ဝေပေးခဲ့ပါကြောင်း၊ ၁၉၅၀-၆၀ ကျော်ကာလ စာပေဗိမာန်၏ ဆောင်ရွက်နိုင်မှုစွမ်းရည်သည် ကြီးမားခဲ့ပါကြောင်း၊ စာပေဗိမာန်၏ ကနဦးကာလ ဆောင်ရွက်ချက်များထဲမှ တစ်ခု ဖြစ်သည့် မြန်မာ့စွယ်စုံကျမ်းကြီးကို ပြန်လည်တည်းဖြတ် ပြင်ဆင်ဖြည့်စွက် ပုံနှိပ်ထုတ်ဝေနိုင်ရန် မိမိတို့ကြိုးပမ်းလျက်ရှိပါကြောင်း။

**မိတ်ဆက်ဖြန့်ချိနိုင်ရန် မျှော်လင့်**

မြန်မာ့စွယ်စုံကျမ်းကြီးသည် ၁၉၅၀ ကျော်နှစ်များတွင် စတင်ပြုစုခဲ့ပြီး ၁၉၆၀-၁၉၇၀ ကျော်နှစ်များအတွင်း ပုံနှိပ်ထုတ်ဝေပြီးစီးခဲ့ပါကြောင်း၊ ဤစွယ်စုံကျမ်းကြီးသည် မြန်မာတို့အတွက် ဂုဏ်ယူဖွယ်ရာဖြစ်သလို ယနေ့အထိလည်း ရည်ညွှန်းကိုးကားရဆဲ ဖြစ်ပါကြောင်း၊ သို့သော် သက်တမ်းအားဖြင့် နှစ်ပေါင်း ၅၀၊ ၆၀ ကြာမြင့်ခဲ့ပြီဖြစ်သောကြောင့် အကြောင်းအရာ အချက်အလက်များ ပြောင်းလဲကာ အသစ်ဖြစ်ထွန်း ပေါ်ပေါက်သည်များကို ဖြည့်စွက်ရန် လိုအပ်နေပါကြောင်း၊ ယင်းလိုအပ်ချက်ကို ဖြည့်ဆည်း



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာဂန္ထဝင်အတွဲ (၁၀၀)စာစဉ်၊ ဝတ္ထုရှည် အတွဲ (၁၊၂၊၃) စာအုပ်ထုတ်ဝေခြင်း မိတ်ဆက်ခြင်း အခမ်းအနား၌ အမှာစကား ပြောကြားစဉ်။

ရန် မိမိတို့ကို ကူညီဆောင်ရွက်ပေးဖို့ စာပေစေတနာပြည့်ဝစွာ ကမ်းလှမ်းလာသည့် ထွန်းဖောင်ဒေးရှင်းနှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန် စာတည်းအဖွဲ့တို့ပူးပေါင်းပြီး ခေတ်မီမြန်မာ့စွယ်စုံကျမ်းသစ်ကြီး ပြုစုသည့် လုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မျှားမကြာမီ မြန်မာ့စွယ်စုံကျမ်း ပထမတွဲကို ယခုကဲ့သို့ မိတ်ဆက်ဖြန့်ချိနိုင်ရန် မိမိတို့ မျှော်လင့်ထားပါကြောင်း။

စာပေဗိမာန်အနေဖြင့် ယခင်မဆောင်ရွက်ဖူးသေးသည့် အစီအစဉ်တစ်ခု ယခုအခါ စတင်ဆောင်ရွက်လိုက်သည်မှာ ယနေ့ မိတ်ဆက်ပွဲပြုလုပ်သည့် မြန်မာဂန္ထဝင် အတွဲ ၁၀၀ စာစဉ်ဖြစ်ပါကြောင်း။

**ရွေးချယ်စုစည်း**

ဤစာစဉ်တွင်မြန်မာစာပေပေါ်ဦးစမှ ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်အထိ ကာလအတွင်း ပေါ်ထွန်းခဲ့သည့် မြန်မာစာပေလက်ရာများစွာထဲမှ အထူးခြားအပြောင်မြောက်ဆုံး လက်ရာများ၊ ခေတ်အဆက်ဆက် မြန်မာစာပေလောကသားများဖတ်ရှုမှတ်သားခဲ့ရသည့် စာအုပ်စာတမ်းများ၊ ခေတ်အသီးသီးတွင် ကြီးကြီးမားမားလွှမ်းမိုးတွင်ကျယ်ခဲ့သလို ယနေ့ခေတ်စာပေလေ့လာသူများလည်း ဖတ်ရှုနေဆဲစာပေများ ယင်းတို့ကို ရွေးချယ်စုစည်းပေးရန် ဖြစ်ပါကြောင်း။

**ရည်ရွယ်ချက်**

မိမိတို့ ဤစာစဉ်ပြုစုထုတ်ဝေရသည့် ရည်ရွယ်ချက်မှာ မြန်မာစာပေသမိုင်းတစ်လျှောက် ပေါ်ပေါက်ခဲ့သည့် စာအုပ်စာပေများစွာထဲမှ အထူးခြားဆုံး၊ အကောင်းဆုံးလက်ရာများကို ရွေးချယ်စုစည်းပေးခြင်းအားဖြင့် နောင်လာမည့် အဆက်ဆက်သော မျိုးဆက်သစ်များအနေဖြင့် မြန်မာစာကောင်းပေမွန်များကို အလွယ်တကူ ထိတွေ့ခွင့်ရပြီး ယင်းစာပေများမှပေးသည့် သုတ၊ ရသများကို ခံစားရရှိခြင်းနှင့်အတူ မြန်မာစာ မြန်မာမှုတို့အပေါ် နှစ်သက်မြတ်နိုးစိတ်များလည်း ၎င်းတို့မှာ ကိန်းအောင်းဖြစ်ပေါ်စေရန်နှင့် ရှေးအစဉ်အဆက်ရှိခဲ့သည့် မြန်မာတို့၏ ဘဝအတွေ့အကြုံ၊ အသိပညာ၊ ဗဟုသုတ၊ မြန်မာ့ဉာဏ်၊ မြန်မာ့အတွေးအခေါ်၊

မြန်မာတို့၏ စိတ်နေစိတ်ထား စဉ်လာလက္ခဏာ၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ထုံးဓလေ့စဉ်လာများ၊ မြန်မာဘာသာစကားနှင့် မြန်မာစာပေအဆင့်အတန်းများကို လေ့လာအကဲခတ်လိုသည့် နိုင်ငံတကာသုတေသီများအတွက် လေ့လာစရာပစ္စည်းများအဖြစ် အသင့်ပြင်ဆင်ပေးရန်ဆိုသည့် ရည်ရွယ်ချက်တို့ ဖြစ်ပါကြောင်း။

**ကဏ္ဍအလိုက်ဖွဲ့စည်း**

သို့သော် ယင်းရည်ရွယ်ချက်နှစ်ရပ် ဖြစ်မြောက်စေမည့် စာစဉ်တစ်ရပ် ပြုစုရန်မှာ စိတ်ကူးရလွယ်သော်လည်း တကယ့်လက်တွေ့အကောင်အထည်ဖော်ရာတွင် အများဝိုင်းဝန်းပြီး အားထုတ်ကြိုးပမ်းရပါကြောင်း၊ စာပေဗိမာန်တစ်ခုတည်း၊ ပြန်ကြားရေးဝန်ကြီးဌာနတစ်ခုတည်း လုပ်၍မရပါကြောင်း၊ ထို့ကြောင့် ဆရာကြီး ဦးသော်ကောင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် မြန်မာဂန္ထဝင် ၁၀၀ စာစဉ် ထုတ်ဝေရေးကော်မတီကို ထိုစာစဉ်ကိစ္စအား စိတ်ပါဝင်စားသည့် စိတ်အားထက်သန်စွာ ဦးစီးဆောင်ရွက်ပေးမည့် စာပေပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကဗျာ၊ ပြဇာတ် စသည်ဖြင့် ကဏ္ဍအသီးသီးမှ ဂန္ထဝင်လက်ရာမွန်များ ရှာဖွေစိစစ်ရွေးချယ်ပေးမည့် ပညာရှင်များအား ဖိတ်ခေါ်ပြီး ကဏ္ဍအလိုက် ဖွဲ့စည်းခဲ့ပါကြောင်း။

ယင်းဂန္ထဝင်စာစဉ် ပီပီသသဖြစ်ပေါ်စေရေး၊ အပြစ်အနာအဆာ အနည်းဆုံး၊ တတ်နိုင်သမျှ အကောင်းဆုံးစာစဉ်ဖြစ်စေရေးတို့အတွက် စာပေစိတ်စေတနာပြည့်ဝစွာ ကူညီဆောင်ရွက်ပေးကြသည့် ပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း။

**ဝိုင်းဝန်းကူညီဆောင်ရွက်ပေး**

ဤဂန္ထဝင်စာစဉ်သည် ယခုမှ စတင်ခြင်းဖြစ်သည့်အတွက် ရှေ့ဆက်ပြီး ဆောင်ရွက်ရန် အများကြီးရှိပါသေးကြောင်း၊ ဒီစာစဉ်ပြီးမြောက်အောင်မြင်ရေးနှင့် ပြည့်စုံကောင်းမွန်ရေးသည် စာပေပညာရှင်ကြီးများ၏ အကြံပြုလမ်းညွှန်မှုနှင့် မိမိဆောင်ရွက်ပေးနိုင်သောကဏ္ဍမှ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ပေးမှုများ အပေါ်တွင် အဓိက

မူတည်နေခြင်း ဖြစ်သည့်အတွက် ဆက်လက်ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံပန်ကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာဂန္ထဝင်အတွဲ(၁၀၀) စာစဉ်ထုတ်ဝေရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ) က ဝတ္ထုရှည်သုံးတွဲအတွက် စာစဉ်မိတ်ဆက်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မြန်မာဂန္ထဝင် အတွဲ (၁၀၀) စာစဉ် မိတ်ဆက်နိဒါန်းရေးပေးခဲ့ကြသည့် ပညာရှင်ကြီးများနှင့် တည်းဖြတ်ပေးခဲ့ကြသော ပညာရှင်ကြီးများအတွက် မေတ္တာလက်ဆောင် စာစဉ်တစ်စုံကို ပေးအပ်ရာ ပညာရှင်များကိုယ်စား ဆရာဦးအေးချို (မဟာဝိဇ္ဇာ) က လက်ခံသည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က စာအုပ်သုံးအုပ်တွင်ပါဝင်သည့် စာရေးဆရာကြီးများ၏ မိသားစုများကို မူပိုင်ခွင့်ဉာဏ်ပူဇော်ခများ ချီးမြှင့်ရာ မောင်ရင်မောင်၊ မမယ်မ စာအုပ်ရေးသားသူ ဆရာကြီး ဂျိမ်းစ်လှကျော်၏ မူပိုင်ခွင့်ဆက်ခံသူ ဆရာ ဦးအေးထွန်းမိသားစုကိုယ်စား ဦးမောင်ဝင်း ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)အား လည်းကောင်း၊ စာစဉ်အတွဲ(၂)တွင် ပါဝင်သည့် ရွှေပြည်စိုး စာအုပ်နှင့် အတွဲ(၃)တွင် ပါဝင်သည့် တနန်းပျော်ရင်သွေးတော် စာအုပ်ရေးသားသူ ဆရာကြီး ဦးလတ်၏ မူပိုင်ခွင့်ဆက်ခံသူ ဆရာ ဦးကိုကိုနိုင်အား လည်းကောင်း၊ ရတနာပုံစာအုပ်ရေးသားသူ ဆရာကြီး ရွှေဥဒေါင်း၏ စာပေမူပိုင်ခွင့် ထိန်းသိမ်းရေးကော်မတီဝင် ဦးငြိမ်းချမ်း (ဆရာညီပုလေး)အား လည်းကောင်း၊ မှာတော်ပုံစာအုပ် ရေးသားသူ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ မူပိုင်ခွင့်ဆက်ခံသူ ဆရာမ ဒေါ်မြမြအေး မိသားစုအား လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်က မြန်မာဂန္ထဝင် အတွဲ(၁၀၀) စာစဉ်ထုတ်ဝေရေး ကော်မတီအတွက်

မေတ္တာလက်ဆောင်များကို ကော်မတီဝင်များကိုယ်စား ဆရာ ဦးကြည်ဝင်း (လောကအမွန်) ထံ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာဂန္ထဝင် အတွဲ (၁၀၀) စာစဉ်ထုတ်ဝေရေးကော်မတီဝင်များ၊ စာစဉ်မိတ်ဆက် နိဒါန်းရေးပေးခဲ့ကြသော ပညာရှင်ကြီးများနှင့် တည်းဖြတ်ပေးခဲ့သော ပညာရှင်ကြီးများ၊ စာစဉ်သုံးတွဲတွင် ပါဝင်သည့် စာရေးဆရာကြီးများ၏ မိသားစုများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စာပေပညာရှင်များ တက်ရောက်ကြသည်။

မြန်မာဂန္ထဝင် အတွဲ (၁၀၀) စာစဉ် ဝတ္ထုရှည် စာစဉ်အတွဲ(၁)တွင် ဂျိမ်းစ်လှကျော်ရေးသားသည့် မောင်ရင်မောင် မမယ်မဝတ္ထု (၁၉၀၄)၊ ဝန်စာရေးဦးကြီး ရေးသားသည့် ချဉ်ပေါင်ရွက်သည် မောင်မှိုင်း(၁၉၀၄)၊ မအေးခင် ရေးသားသည့် ချစ်ရိုးအမှန် (၁၉၀၇) စာအုပ်တို့ ပါဝင်ပြီး အတွဲ(၂)တွင် ဦးလတ် ရေးသားသည့် ရွှေပြည်စိုး (၁၉၁၄)၊ ရွှေဥဒေါင်း ရေးသားသည့် ရတနာပုံ (၁၉၁၇)၊ ဘီအေမောင်ဘသန်း ရေးသားသည့် ထာဝရမေတ္တာ သို့မဟုတ် ဘီအေမောင်ဘလွင် (၁၉၂၀) စာအုပ်တို့ ပါဝင်သည်။ စာစဉ်အတွဲ(၃)တွင် ဦးလတ်ရေးသားသည့် တနန်းပျော်ရင်သွေးတော် (၁၉၂၀)၊ ပီမိုးနင်းရေးသားသည့် နေရီရီ (၁၉၂၀)၊ သခင်ကိုယ်တော်မှိုင်း ရေးသားသည့် မှာတော်ပုံ (၁၉၂၁) စာအုပ်တို့ ပါဝင်သည်။

မြန်မာဂန္ထဝင် အတွဲ(၁၀၀) စာစဉ် ဝတ္ထုရှည်စာအုပ်များမှာ တစ်တွဲလျှင် စာမျက်နှာ ၇၀၀ ခန့်ပါရှိပြီး တန်ဖိုးငွေကျပ် ၁၂၀၀၀ ဖြင့် ယနေ့မှစ၍ (ရန်ကုန်၊ မန္တလေး၊ နေပြည်တော်) စာပေဗိမာန် စာအုပ်ဆိုင်များမှတစ်ဆင့် မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ချိရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နည်းပညာနှင့်သက်မွေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စကားသံများ

**နည်းပညာနှင့် သက်မွေးပညာကဏ္ဍ အရည်အသွေးတိုးမြှင့်ရေးဆောင်ရွက်ရာတွင် နိုင်ငံတကာ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးစင်တာ (UNEVOC Centre) များနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ကမ္ဘာလုံးဆိုင်ရာအတွေ့အကြုံနှင့် ဗဟုသုတများဖလှယ်ရန်၊ ရရှိလာသည့် အတွေ့အကြုံဗဟုသုတများကို အခြေခံကာ အကြံဉာဏ်သစ်များ ပံ့ပိုးပေးနိုင်ရန်ရည်ရွယ်၍ Myanmar UNEVOC Centre ကို ယနေ့တွင် ရန်ကုန်မြို့အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)တွင် ဖွင့်လှစ်ခဲ့သည်။**



ဒေါက်တာ နေမျိုးထွန်း



Dr. Shyamal Majumdar



ဦးမြတ်ကို (ကျောင်းအုပ်ကြီး)

**"Myanmar UNEVOC Centre ဖွင့်လှစ်လိုက်ခြင်းသည် ကျွန်တော်တို့ရဲ့ နည်းပညာနဲ့ သက်မွေးပညာကဏ္ဍဖွံ့ဖြိုးဖို့အတွက် ဒေသတွင်း UNEVOC Centre များနဲ့ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ဖို့ ပထမဆုံးစတင်လိုက်တဲ့ ခြေလှမ်းတစ်လှမ်း ဖြစ်ပါတယ်"**

**ဒေါက်တာနေမျိုးထွန်း**

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ဆွေးနွေးပွဲ ( National TVET Seminar)ကို ဆက်လက်ကျင်းပခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲကို နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး နည်းပညာနှင့် သက်မွေးပညာရေး လေ့ကျင့်သင်ကြားသင်ယူမှုနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကမ္ဘာ့ပြောင်းလဲမှုဖြစ်စဉ်များ၊ နည်းပညာနှင့် သက်မွေးပညာရေးကဏ္ဍတွင် အရည်အသွေးကောင်းမွန်သော သင်တန်းကျောင်းများ ဖြစ်ပေါ်စေရေး၊ နည်းပညာနှင့်သက်မွေးပညာရေး အရည်အသွေးတိုးမြှင့်ဆောင်ရွက်ရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို ပြည်တွင်း၊ ပြည်ပပညာရှင်များက ဆွေးနွေးခဲ့ကြသည်။

တစ်ကမ္ဘာလုံး၌ နည်းပညာနှင့်သက်မွေးပညာဆိုင်ရာကဏ္ဍတွင် ချိတ်ဆက်ဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သော UNEVOC Centre ၂၉၀ ရှိကြောင်း သိရသည်။ Myanmar UNEVOC Centre ဖွင့်လှစ်ရခြင်း၊ နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ဆွေးနွေးပွဲ ( National TVET Seminar) ကျင်းပရခြင်းများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများနှင့်တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**ဒေါက်တာနေမျိုးထွန်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာန)**

ဒီနေ့ အစိုးရစက်မှုလက်မှုသိပ္ပံအင်းစိန်မှာ Myanmar UNEVOC Centre ဖွင့်လှစ်လိုက်ပါတယ်။ ယူနက်စကို အသိအမှတ်ပြုတဲ့နိုင်ငံတွေမှာ UNEVOC Centre တွေရှိကြပါတယ်။ UNEVOC Centre ကတော့ နည်းပညာနဲ့ သက်မွေးပညာကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ စင်တာတွေဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ UNEVOC Centre ဖွင့်လှစ်ရခြင်းကတော့ သူများနိုင်ငံတွေက UNEVOC Centre တွေက နည်းပညာနဲ့သက်မွေးပညာကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဘယ်လိုအကောင်အထည်ဖော်ဆောင်ရွက်နေတယ် ဆိုတာတွေကို အပြန်အလှန်လေ့လာသင်ယူနိုင်ပြီး ကိုယ့်နိုင်ငံမှာ ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့နည်းပညာနဲ့ သက်မွေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အကျိုးရှိပါတယ်။ အခြားနိုင်ငံတွေမှာ နည်းပညာနဲ့ သက်မွေးပညာကဏ္ဍကြောင့် ဘယ်လိုဖွံ့ဖြိုးတိုးတက်သွားလဲဆိုတာတွေကို လေ့လာလို့ရမှာဖြစ်ပြီး ကိုယ့်နိုင်ငံရဲ့လက်ရှိနည်းပညာနဲ့ သက်မွေးပညာကဏ္ဍက ဘယ်အခြေအနေမှာရှိနေတယ်၊ ဘာတွေလိုအပ်နေတယ်၊ ပြုပြင်ပြောင်းလဲဖို့ ဘာတွေဆောင်ရွက်ရမယ်ဆိုတာတွေကို ဒေသတွင်းမှာရှိတဲ့ UNEVOC Centre တွေနဲ့ ချိတ်ဆက်ပြီး အကောင်းဆုံးသင်ခန်းစာများရယူပြီး ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေနဲ့ တိုးတက်အောင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျောင်းသူ ကျောင်းသားတွေအတွက်လည်း UNEVOC Centre တည်ထောင်လိုက်ခြင်းအားဖြင့် အခြားနိုင်ငံတွေက နည်းပညာနဲ့ သက်မွေးပညာကျောင်းတွေက Center of Excellence ဖြစ်အောင် ဘယ်လိုလေ့ကျင့်သင်ကြားဆောင်ရွက်နေကြသလဲ ဆိုတာကို လေ့လာပြီး ဒီကျောင်းမှာ ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်မှာဖြစ်တဲ့အတွက် အထူးအကျိုးရှိစေ မှာ ဖြစ်ပါတယ်။ လုပ်ငန်းခွင်အတွက် လိုအပ်တဲ့ နည်းပညာတွေလေ့ကျင့်သင်ကြားပေးနိုင်ဖို့ ချိတ်ဆက်ဆောင်ရွက်မှုတွေ ပိုမိုအားကောင်းလာမှာဖြစ်တဲ့အတွက် ကျောင်းအတွက်လည်း ကောင်းမွန်တဲ့ ခြေလှမ်းတစ်ရပ်ဖြစ်ပါတယ်။

ဒီနေ့ Myanmar UNEVOC Centre ဖွင့်ပွဲမှာလည်း တခြားဒေသတွင်းမှာရှိတဲ့ အိန္ဒိယ၊ သီရိလင်္ကာ၊ ကိုရီးယား၊ စင်ကာပူ၊ တရုတ်နိုင်ငံတွေက UNEVOC Centreကိုယ်စားလှယ်တွေ ပါဝင်လာပါတယ်။ ဖွင့်ပွဲပြီးရင်ပြုလုပ်မယ့် National TVET ဆွေးနွေးပွဲမှာလည်း သူတို့ကျင့်သုံးနေတာတွေ၊ လေ့ကျင့်သင်ကြားနေတာတွေကို မျှဝေမှာဖြစ်ပါတယ်။ ကျွန်တော်တို့ကလည်း ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိရောက်နေတဲ့ အနေအထားကို တင်ပြမှာဖြစ်ပြီး ဒီမှာတစ်ခါတည်း သူတို့အကောင်အထည်ဖော် ဆောင်ရွက်နေတာတွေကို အခြေခံပြီး ကျွန်တော်တို့နိုင်ငံအတွက် အကြံဉာဏ်တွေပေးပြီး ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သူတို့ဆီက အကြံဉာဏ်တွေကို ရယူကာ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ကိုက်ညီပြီး လိုအပ်သင့်လျော်တဲ့ အကောင်အထည်ဖော်ဆောင်ရွက်မှုတွေကို လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ Myanmar UNEVOC Centre စတင်ဖွင့်လှစ်လိုက်တဲ့ ဒီနေ့မှာ သူများနိုင်ငံတွေက အကောင်အထည်ဖော်ဆောင်ရွက်နေတာတွေကို ဆွေးနွေးမယ်။ ဒုတိယနေ့မှာတော့ ကျွန်တော်တို့နိုင်ငံ UNEVOC Centre က ရှေ့ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမယ့် နှစ်ပတ်လည် Action Plan တွေကို ရေးဆွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။

Myanmar UNEVOC Centre ဖွင့်လှစ်လိုက်ခြင်းသည် ကျွန်တော်တို့ရဲ့နည်းပညာနဲ့ သက်မွေးပညာကဏ္ဍ ဖွံ့ဖြိုးဖို့အတွက် ဒေသတွင်း UNEVOC Centre များနဲ့ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ဖို့ ပထမဆုံးစတင်လိုက်တဲ့ ခြေလှမ်းတစ်လှမ်း ဖြစ်ပါတယ်။ အနာဂတ်မှာ နည်းပညာနဲ့ သက်မွေးပညာကဏ္ဍ ဖွံ့ဖြိုးဖို့ ဒေသတွင်းနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်မယ်၊ နည်းပညာနဲ့ သက်မွေးပညာကဏ္ဍ ဖွံ့ဖြိုးဖို့သည် ဝန်ကြီးဌာနတစ်ခုတည်း၊ ဦးစီးဌာနတစ်ခုတည်း၊ အဖွဲ့အစည်းတစ်ခုတည်းက အကောင်အထည်ဖော်ဆောင်ရွက်လို့ ရတာမဟုတ်ဘဲ သက်ဆိုင်ရာ Stakeholder တွေ အားလုံးပူးပေါင်းဆောင်ရွက်မှသာ အကောင်းဆုံး ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် ပူးပေါင်းပါဝင်ကြဖို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံလိုပါတယ်။

**Dr. Shyamal Majumdar (Head of UNESCO – UNEVOC)**

မြန်မာနိုင်ငံရဲ့ နည်းပညာနဲ့ သက်မွေးပညာကဏ္ဍက ကောင်းမွန်တဲ့ခြေလှမ်းသစ်တွေ အခုအခါ စတင်နေပြီဖြစ်ပါတယ်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကိုလည်း ရေးဆွဲထားပြီးဖြစ်ပါတယ်။ နည်းပညာ၊သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနကလည်း မြန်မာနိုင်ငံရဲ့နည်းပညာနဲ့ သက်မွေးပညာကဏ္ဍမှာ တွေ့ကြုံနေရတဲ့ အခက်ခဲမှုတွေကို ဖော်ထုတ်ဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံအနေနဲ့ နည်းပညာနဲ့ သက်မွေးပညာရပ်တွေကို နေရာတော်တော်များများမှာ တိုးချဲ့သင်ကြားနိုင်အောင် ဆောင်ရွက်ဖို့ လိုပါတယ်။ အထူးသဖြင့် ကျေးလက်ဒေသတွေပါမကျန် အားလုံးလက်လှမ်းမီနိုင်ဖို့ လိုပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ နည်းပညာနဲ့သက်မွေးပညာရေးဟာ ကမ္ဘာ့အဆင့်မီ အနေအထားမှာ မရှိသေးဘူး။ အဲဒါကြောင့် အရည်အသွေးတိုးတက်အောင် ဘယ်လိုဆောင်ရွက်ကြမလဲ ဆိုတာကို စဉ်းစားဖို့လိုပါတယ်။ နည်းပညာနဲ့ သက်မွေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိတ်ဖက်အဖွဲ့အစည်းတွေ၊ ပုဂ္ဂလိကအဖွဲ့အစည်းတွေ အားလုံး ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။ တစ်ကမ္ဘာလုံးမှာ လေ့ကျင့်သင်ကြားပေးနေတဲ့ နည်းပညာနဲ့ သက်မွေးပညာဆိုင်ရာ အတတ်ပညာတွေကို နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာနနဲ့ပူးပေါင်းပြီး ပံ့ပိုးကူညီနိုင်ဖို့အတွက် ယခုလို Myanmar UNEVOC Centre ကို ဖွင့်လှစ်လိုက်ခြင်းဖြစ်ပါတယ်။

**ဦးမြတ်ကို ကျောင်းအုပ်ကြီး၊ အစိုးရစက်မှုလက်မှုသိပ္ပံ ( အင်းစိန် )**

ကျွန်တော်တို့ အစိုးရစက်မှုလက်မှုသိပ္ပံ အင်းစိန်မှာ Myanmar UNEVOC Centre ဖွင့်တဲ့အတွက် ကျောင်းအုပ်ကြီးတစ်ယောက်အနေနဲ့ အတိုင်းမသိဝမ်းသာပါတယ်။ UNEVOC Centre တွေ အချင်းချင်းချိတ်ဆက်နိုင်မှာဖြစ်တဲ့အတွက် အခြားUNEVOC Network ရှိတဲ့နိုင်ငံတွေမှာသက်မွေးပညာနဲ့ပတ်သက်လို့ ဘာတွေဆောင်ရွက်နေတယ်၊ ကျွန်တော်တို့ကတော့ ဘယ်လိုလုပ်ဆောင်နေတယ်။ ဟိုဘက်ဒီဘက် အပြန်အလှန် ပညာရပ်ပိုင်းဆိုင်ရာ နည်းပညာတွေကို သိခွင့်ရမယ်။ လေ့လာခွင့်ရမယ်။ ထိတွေ့ခွင့်လည်းရမယ်။ သူတို့လုပ်ဆောင်နေတာတွေကို သိခွင့်ရတဲ့အတွက် ကျွန်တော်တို့လည်း တိုးချဲ့ဆောင်ရွက်လာနိုင်မှာဖြစ်တဲ့အတွက် ကျွန်တော်တို့ ကျောင်းအနေနဲ့ Myanmar UNEVOC Centre ဖွင့်တာ အလွန်အကျိုးရှိပါတယ်။ ကျွန်တော်တို့ကျောင်းမှာ မကြာခင် Digital Campus တစ်ခုကို ဖန်တီးမှာ ဖြစ်ပါတယ်။ Digital Campus တစ်ခုကို ဖန်တီးလိုက်ပြီဆိုရင် Wifi အင်တာနက်တွေ Free သုံးလို့ ရလာမယ်။ သူများနိုင်ငံတွေမှာ လုပ်ဆောင်နေတာတွေ၊ အချက်အလက်တွေကို ကျောင်းသူ ကျောင်းသားတွေအနေနဲ့ ဝင်ရောက်လေ့လာ ကြည့်ရှုနိုင်မှာဖြစ်တဲ့အတွက် လေ့လာသင်ယူနိုင်မှုအခွင့်အလမ်းတွေ တိုးမြှင့်လာမှာ ဖြစ်ပါတယ်။ အများကြီး အကျိုးရှိလာမယ်လို့ ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်း- နန္ဒာဝင်း**
**ဓာတ်ပုံ-လှမိုး**



# (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲ မြန်မာလက်ရွေးစင်အားကစားသမားများအတွက် အလှူငွေလှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၃**

(၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် မြန်မာလက်ရွေးစင် အားကစားသမားများ အောင်မြင်မှုရရှိနိုင်ရေးအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၃ နာရီတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသော အလှူငွေကျပ်သိန်း ၁၀၀ နှင့် အင်အားဖြည့် ကြက်ဥ ၃၂၀၆ လုံးတို့ကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်က လှူဒါန်းပေးအပ်ရာ (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက လက်ခံရယူပြီး **(ယာပုံ)** ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲကို နေပြည်တော်တွင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်မှ ၁၉ ရက်အထိ ၁၀ ရက်ကြာ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပမည်ဖြစ်ပြီး အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ အားကစားသမား ၂၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အားကစားနည်း ၁၇ နည်းကို ပြိုင်ပွဲပေါင်း ၂၀၁ မျိုး ထည့်သွင်းကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ဆောက်သမ်တန်အသင်းအား တာဝန်ယူကိုင်တွယ်ပြီးရှစ်လအကြာတွင် အသင်းနည်းပြအဖြစ်မှ မာ့ခ်ဟုချ်ကို ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။
- ရော်ဘင်သည် ဘိုင်ယန်မြူးနစ်အသင်းနှင့် ၁၀ နှစ်ကြာ လက်တွဲခဲ့ပြီးနောက် ယခုနှစ်ရာသီကုန်တွင် အသင်းမှ ထွက်ခွာဖွယ်ရှိကြောင်း ပြောကြားလိုက်သည်။ အသက် ၃၄ နှစ်အရွယ် နယ်သာလန်တောင်ပံကစားသမား ရော်ဘင်သည် ဘိုင်ယန်မြူးနစ်အသင်းအတွက် ဘွန်ဒက်စ်လီဂါ၌ ၁၉၈ ပွဲတွင် ၉၈ ဂိုး သွင်းယူထားကာ အမှတ်ပေးဖလား ခုနစ်ကြိမ်နှင့် ချန်ပီယံလိဂ်ဖလား တစ်ကြိမ် ရယူထားကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။
- တနင်္ဂနွေနေ့တွင် မြောက်လန်ဒန် ဒါဘီပွဲစဉ်အဖြစ် အာဆင်နယ်အသင်းက တော့တင်ဟမ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် ကွင်းအတွင်းသို့ ငှက်ပျောသီးအခွံပစ်ခဲ့သော တော့တင်ဟမ်ပရိသတ်တစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။
- ယခုနှစ်ရာသီတွင် ပရီမီယာလိဂ် ၁၄ ပွဲ ကစားထားပြီးချိန်တွင် ခြောက်ပွဲသာ ပွဲထွက်ခွင့်ရထားသော မန်ယူကွင်းလယ်ကစားသမား ဖရက် (၂၅နှစ်) သည် အဆိုပါ ပွဲထွက်ခွင့်နည်းပါးမှုကို စိတ်ပျက်လျက်ရှိနေပြီး အသင်းမှ ထွက်ခွာနိုင်ဖွယ်ရှိကြောင်း ဗြိတိန်မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

**အောင်ဇော်**

*ကျောဖုံးမှ*

Gimhae (တောင်ကိုရီးယား)နှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ တတိယလုပွဲနှင့် ဗိုလ်လုပွဲကို ဒီဇင်ဘာ ၁၈ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို နှစ်စဉ်ကျင်းပလျက်ရှိပြီး မြန်မာအသင်းမှာလည်း နှစ်စဉ်နီးပါး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ နောက်ဆုံးကျင်းပသည့် ၂၀၁၇ ပြိုင်ပွဲတွင် တတိယဆုရခဲ့သည်။ မြန်မာ ယူ-၂၁ အသင်းသည် ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် ကစားသမား ၂၈ ဦးဖြင့် လေ့ကျင့်မှုပြုလုပ်လျက်ရှိပြီး ယခုရက်ပိုင်းအတွင်း အပြီးသတ် ၂၀ ရွေးချယ်မည်ဖြစ်သည်။

မြန်မာ ယူ-၂၁ အသင်းသည် ပြိုင်ပွဲမတိုင်မီ နောက်ဆုံးခြေစမ်းပွဲအဖြစ် ဒီဇင်ဘာ ၆ ရက်တွင် မကွေးအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း- ညီမြတ်သော်တာ**

*ကျောဖုံးမှ*

ဂန္ဓမာအသင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်း၊ ဒီဇင်ဘာ ၅ ရက်တွင် တက္ကသိုလ်အသင်းနှင့် သစ္စာအားမာန်အသင်း၊ ဒီဇင်ဘာ ၆ ရက်တွင် မြဝတီအသင်းနှင့် YREO အသင်း၊ ဒီဇင်ဘာ ၇ ရက်တွင် ဇွဲကပင်အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်

**နေပြည်တော် ဒီဇင်ဘာ ၃-** မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

*စာမျက်နှာ ၉ မှ*

အချက်အလက်များကို အသုံးပြုပြီး လူမှုဘဝပြည့်စုံမှုမရှိဆုံးဖြစ်သည့် ဒေသများကို တိတိကျကျ ဖော်ထုတ်၍ အကူအညီ အလိုအပ်ဆုံး ဒေသများကို ထိထိရောက်ရောက် ပံ့ပိုးကူညီနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်မှ ညွှန်ကြားရေးမှူး Ms. Ellen A. Goldstein က မြန်မာနိုင်ငံ၏ ရှုထောင့်နယ်ပယ်စုံ လူမှုဘဝဖူလုံရေး အစီရင်ခံစာတွင် ပူးပေါင်းပါဝင် ရေးသားပြုစုခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်သူ့အင်အားဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီက သန်းခေါင်စာရင်းနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစီရင်ခံစာပါ အဓိက အချက်အလက်များနှင့် ပတ်သက်၍ ပြည်သူ့အင်အားဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့မှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြသည်။

ယခုထုတ်ပြန်သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူမှုဘဝဖူလုံရေးကို ရှုထောင့်နယ်ပယ်စုံမှ ချဉ်းကပ်၍ အသေးစိတ်ဆန်းစစ်လေ့လာထားပြီး ပြည်သူလူထုအနေဖြင့် ယင်းတို့၏ အခြေခံ လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ခြင်း ရှိ၊ မရှိကို ငွေကြေးမဟုတ်သော ရှုထောင့်နယ်ပယ်အသီးသီးမှ လေ့လာ သုံးသပ်မှုများကို အလေးပေးတင်ပြထားသည်။

မြန်မာနိုင်ငံအတွက် ရှုထောင့်နယ်ပယ်စုံ လူမှုဘဝဖူလုံရေးအား နိုင်ငံအဆင့် တိုင်းတာခြင်းကို ရှုထောင့် နယ်ပယ်စုံ ချို့တဲ့မှုအညွှန်းကိန်း (MDI) ဟု ညွှန်းဆိုဖော်ပြထားပြီး မြန်မာနိုင်ငံ၏ (MDI) တွက်ချက်ရန်အတွက် အဓိကအုပ်စု (၆) ခုနှင့် ညွှန်းကိန်း ၁၄ ခု ရွေးချယ်ခဲ့သည်။ ရှုထောင့်နယ်ပယ်စုံ လေ့လာတင်ပြချက်၏ အရေးကြီးသော ဝိသေသလက္ခဏာတစ်ရပ်မှာ ချို့တဲ့မှု ပေါင်းစုံသည် လူများစွာတွင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်းတွင် ဖြစ်ပွားနေခြင်းဖြစ်ပြီး ကျေးလက်နှင့် မြို့ပြ၊ တိုင်းဒေသကြီး/ပြည်နယ်များအကြားတွင် ချို့တဲ့မှုအတိုင်းအတာ သိသာစွာ ကွာခြားလျက်ရှိကြောင်း တွေ့ရှိရသည်။

Multidimensional Disadvantage Index - MDI ရလဒ်များကို ပိုမိုအခြေခံကျသော ပထဝီဒေသန္တရ အုပ်ချုပ်မှုအဆင့်ဖြစ်သည့် ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်အထိ ထပ်မံပိုင်းခြား စိတ်ဖြာကြည့်ရှုနိုင်ပြီး ပြည်သူလူထု၏ လူနေမှုဘဝပြည့်စုံ ဖူလုံမှုပိုမိုတိုးတက်ကောင်းမွန်ရန် မူဝါဒများနှင့် လုပ်ဆောင်မှုများ ပံ့ပိုးကူညီနိုင်ရေးအတွက် အသုံးပြုနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**






ဂုဏ်ယူဝမ်းမြောက်ခြင်း

UEC

ဒေါက်တာအောင်မျိုးမင်း နှင့် ဦးထွန်းအောင်ကျော် ဦးစီးသော...

United Education Centre

KG to GRADE 10

ကကယ – ၁၃/၄၀/၀၆၇

ကိုယ်ပိုင်အထက်တန်းကျောင်း

၂၃–၉–၂၀၁၈ တွင် Gandamar Ballroom ၌ ကျင်းပသော ပညာရည်ချွန်ဆုပေးပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆေးသိပ္ပံပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဒေါက်တာဦးသန်းဇော်မြင့် ဆေးတက္ကသိုလ် (၁) ဂုဏ်ထူးဆောင်ပါမောက္ခဒေါက်တာ ဒေါ်ကြည်ကြည်သင်း၊ ပါမောက္ခဒေါက်တာ ဦးမျိုးဝင်းနှင့်တကွ မိဘများဆုရမောင်မယ်များအား ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း။





၂၀၁၉–၂၀၂၀ ပညာသင်နှစ်အထူးအစီအစဉ်များ

- အိမ်တွင် မိမိကလေးအား အချိန်မပေးနိုင်သောမိဘများအတွက် စတုတ္ထတန်းမှ အဋ္ဌမတန်းအထိ အထူး STUDY CAMP ကို ယခုနှစ် စာသင်နှစ်တွင် တိုးချဲ့ဖွင့်လှစ်ပါမည်။ သင်ကြား၊ လေ့ကျင့်၊ ဖြေဆို ပြည့်စုံစွာ စီစဉ်ထား၍ ကျူရှင်ထပ်ယူရန် မလိုတော့ပါ။
- သတ္တမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ အဆင့်မြင့်ဘော်ဒါနှင့် DAY CAMP များကို ၂၀၁၉ မတ်လဆန်း မှ စတင် သင်ကြားပါမည်။
- အဆောင်များသည် အင်းယားကန်ပေါင်အနီးရှိ လုံးချင်းခြံကျယ်များဖြစ်ပြီး ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။
- UEC (၄) ထပ် စာသင်ကျောင်းသစ်ကြီးတွင် ကျယ်ဝန်းသော Air-con တပ် စာသင်ခန်းများဖြင့် မိမိတို့ရင်သွေးများအား ချမ်းမြေ့ပျော်ရွှင်စွာ သင်ကြားခွင့်ရစေသည်။ မူလတန်း နှင့် အလယ်တန်းများအတွက် Extracurricular Activities များ ပြည့်စုံစွာ စီစဉ်ထားသည်။

ကျောင်း ● အမှတ်(၄၁)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ Ph : 09-793 893 725, 09-793 893 726, 09-780 020 647

ကျောင်းသူဆောင် ● ခြံအမှတ်(၁၅ A နှင့် B) စံရိပ်ငြိမ်(၅)လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းသားဆောင် ● ခြံအမှတ်(၄) စံရိပ်ငြိမ်(၅)လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

## မြန်မာ့ရုပ်မြင်သံကြား

၄-၁၂-၂၀၁၈ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - "မြန်မာနိုင်ငံဆိုင်ရာ ဂျပန် သံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခန်း အစီအစဉ်"
၉း၁၅ - ဥပဒေရေးရာအဖြာဖြာ "ကမ္ဘာမှာ ထင်ရှားသော မြန်မာအချို့နှင့် ဥပဒေလောကမှာ ထင်ရှားသော မြန်မာများ"(တတိယပိုင်း) ဦးမြသိန်း(နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်)(ငြိမ်း)၊ ဦးဟန်ညွန့်(ဥပဒေ) တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ် ဒါရိုက်တာ-ဝေဠု (ဝသန်)
၉း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၄း၂၀ - Yes or No Talk Show

**ညပိုင်း**

၁၆း၃၅ - "၂၀၁၈ ခုနှစ် (၁၉) ကြိမ်မြောက် အာဆီယံ တက္ကသိုလ်များ အားကစားပြိုင်ပွဲ အကြိုလေ့ကျင့်မှုများ" (စားပွဲတင်တင်းနစ်၊ ရိုးရာလှေလှော်၊ ဝူရှူး)
၁၈း၃၅ - "မြန်မာ့နွားအလှပြိုင်တဲ့ပွဲ ရိုးရာမပျက်ဆင်ယင်နွဲ့"
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၆၄)
၂၀း၀၀ - ပြည်တွင်းသတင်း
၂၀း၃၅ - ဥပဒေစကားဝိုင်း "ပြည်ထောင်စုရှေ့နေရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများ၏ အခန်းကဏ္ဍ"
- အနုပညာခန်းရိပ်သာ "ဆရာမ မြနှောင်းညိုနှင့် တွေ့ဆုံခြင်း"

# ဘရိတ်ပေါက်၍ ဖောကားက ဘုရားပွဲဈေးတန်းရှိ လူအုပ်ကြီးအတွင်း ဝင်တိုက်မိရာ လူငါးဦးသေဆုံး၊ ၂၀ ဒဏ်ရာရ

**မင်းလှ ဒီဇင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် လက်ဆက်ကျေးရွာအုပ်စု စိန်ကန့်လန့်ကျေးရွာ မင်းလှ- စိန်ကန့်လန့်-မြို့ချောင်းသွား ကားလမ်းမိုင်တိုင်အမှတ် ၂/၄ နှင့် ၂/၅ အကြား ရွှေကြီးမြင့်ဘုန်းတော်ကြီးကျောင်း ဘုရားပွဲဈေးတန်းတွင် ဒီဇင်ဘာ ၂ ရက် ည ၇ နာရီ ၄၅ မိနစ်ခန့်က ဘုရားပွဲဈေးတန်းရှိ လူအုပ်အတွင်းသို့ ကားဖြင့် ဝင်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြို့ချောင်းဘက်မှ စိန်ကန့်လန့်ကျေးရွာဘက်သို့ ဝါးများတင်ဆောင်၍ ယာဉ်မောင်း တင်မောင်ဝင်း မောင်းနှင်လာသော ၉၄/----ဖောကားယာဉ်သည် ဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ခြမ်းရှိ ပွဲဈေးတန်းအတွင်း အပျော်စီးပင်လယ်ဓားပြရဟတ်အနီး လူအုပ်ကြီးအတွင်းသို့ ဝင်ရောက်တိုက်မိခဲ့ရာ ငါးဦးသေဆုံး၊ ခြောက်ဦး(စိုးရိမ်ရ/အတွင်းလူနာ)၊ ၁၄ ဦး (မစိုးရိမ်ရ/ပြင်ပလူနာ) ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မင်းလှမြို့မရဲစခန်းက ယာဉ်မောင်း တင်မောင်ဝင်းကို အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

# ရထားကို ကျောက်ခဲဖြင့် ပစ်ပေါက်သူကို အမှုဖွင့်အရေးယူ

**မန္တလေး ဒီဇင်ဘာ ၃**

နိုဝင်ဘာ ၂၇ ရက် ည ၉ နာရီ မိနစ် ၄၀ က အမှတ်(၄၁) အဆန် မန္တလေး-မြစ်ကြီးနားရထား ရွှေဘိုဘူတာမှ ဆက်လက်ထွက်ခွာစဉ် အိပ်စင်တွဲအမှတ် Bmuez 10804 တွဲအား ကျောက်ခဲဖြင့် ပစ်ပေါက်၍ ရထားလမ်းအနောက်ဘက်သို့ ထွက်ပြေးသွားကြောင်း ရထားလုံခြုံရေးတာဝန်ကျအဖွဲ့မှ သတင်းပေးပို့ချက်အရ ရထားရဲတပ်ဖွဲ့၊ အမှတ် (၃)တပ်ခွဲ၊ တပ်စု(၂) (ရွှေဘို)မှ ခေတ္တတပ်စုမှူး ရဲတပ်ကြပ်ကြီး ခင်ညိုနှင့်အဖွဲ့သည် ရထားလိုက်တာဝန်ကျ အမှတ်(၂)တပ်ခွဲ(ကောလင်း)မှ ရဲဒုတပ်ကြပ် ကျော်ညီညီထွန်း၊ ရွှေဘိုဘူတာရုံပိုင်ကြီး ဦးမြင့်လွင်၊ ရွှေဘိုမြို့အမှတ်(၁)ဘူတာ(က) ရပ်ကွက် ဆယ်အိမ်မှူး ဦးခင်မောင်ထွေးတို့နှင့်ပူးပေါင်း၍ ရထားခဲပေါက်သည့် ပြစ်မှုကျူးလွန်သူ ရွှေဘိုမြို့ အမှတ်(၁) ဘူတာ(က)ရပ်ကွက်နေ သူရအောင်(၃၂ နှစ်)ကို နိုဝင်ဘာ ၂၈ ရက် နံနက် ၂ နာရီတွင် ဖမ်းဆီးရမိခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ရွှေဘိုဘူတာရုံပိုင်ကြီး ဦးမြင့်လွင်က တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ရွှေဘိုမြို့မရဲစခန်းက ဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထီးချိုင့်မြို့၌ တပ်မတော်အရာရှိအယောင်ဆောင် ငွေတောင်းသူကို ဖမ်းမိ

**ထီးချိုင့် ဒီဇင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့ အမှတ် ၁ စံပြရပ်ကွက်တွင် တပ်မတော်အရာရှိ အယောင်ဆောင်၍ ငွေလိမ်တောင်းသူ ဖမ်းမိခဲ့သည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁ ရက် ညနေ ၄ နာရီခန့်က ထီးချိုင့်မြို့ အမှတ် ၁ စံပြရပ်ကွက်နေ ဦးပြုံးချိုနှင့် ဇနီးဖြစ်သူ ဒေါ်နုတို့သည် နေအိမ်၌ရှိနေစဉ် ယူနီဖောင်းဖြင့် တပ်မတော်အရာရှိဆိုသူ ရောက်ရှိလာပြီး ဦးပြုံးချိုနှင့် ဒေါ်နုတို့သားနှင့်အတူ သူငယ်ချင်းနှစ်ယောက် စိုက်ခင်းသို့သွားရာလမ်းတွင် မူးယစ်ဆေးသုံးစွဲသော ပစ္စည်းများတွေ့ရှိရသဖြင့် ၎င်းတို့ထံမှ ငွေကျပ် ၁၅၀၀၀၀ တောင်းခံခဲ့ကြောင်း၊ ၎င်းတို့သုံးဦးအား အထက်ကိုစာတင်လိုက်ပါက ပြဿနာဖြစ်နိုင်ကြောင်း၊ ဤကဲ့သို့မဖြစ်ရန် နောက်ထပ် ငွေကျပ် ၁၅၀၀၀၀ ကို နောက်နေ့ မွန်းတည့် ၁၂ နာရီတွင် လာယူမည်ဖြစ်ကြောင်း ပြောဆိုသွားပြီး ဒီဇင်ဘာ ၂ ရက်က အဆိုပါ ဗိုလ်ကြီးဆိုသူ ရောက်လာသဖြင့် ဦးပြုံးချိုနှင့် ဒေါ်နုတို့က ထီးချိုင့်မြို့မရဲစခန်းသို့ အကြောင်းကြားခဲ့သဖြင့် ဒုရဲအုပ် သန်းကျော်နှင့်အဖွဲ့က လာရောက်တွေ့ဆုံစစ်ဆေးခဲ့ရာ အဆိုပါဗိုလ်ကြီးဆိုသူမှာ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့မှ လွင်အောင်မိုးဆိုသူဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် တပ်မတော်အရာရှိ အယောင်ဆောင်၍ လိမ်လည်ငွေတောင်းခံသူ လွင်အောင်မိုးကို ထီးချိုင့်မြို့မရဲစခန်းက ဥပဒေအရ ဖမ်းဆီးအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **လူအောင်(ကသာ)**

# မိုင်းပန်၊ ဆီဆိုင်၊ ပင်လောင်း၊ ကျိုင်းတုံနှင့် တွန်းဇံမြို့နယ်တို့၌ ဘိန်းခင်းများ ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၃**

မိုင်းပန်မြို့နယ် နားမွန်းကျေးရွာအုပ်စု၌ မိုင်းပန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ဒီဇင်ဘာ ၂ ရက်တွင် အမြင့် သုံးပေခန့်ရှိ ဘိန်းစိုက်ခင်း ၂ ဒသမ ၁ ကေခန့်ကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အလားတူ ဆီဆိုင်မြို့နယ်၊ တီနျားကျေးရွာ၌ ဘိန်းစိုက်ခင်း ငါးကေခန့်၊ ပင်လောင်းမြို့နယ် ချုံပုတ်ကျေးရွာ၌ ဘိန်းစိုက်ခင်း လေးကေခန့်၊ ကျိုင်းတုံမြို့နယ် တုံဟွာအထက်ကျေးရွာ၌ ဘိန်းစိုက်ခင်း သုံးကေခန့်၊ တွန်းဇံမြို့နယ် တပ်ဇန်ကျေးရွာ၌ ဘိန်းစိုက်ခင်း ငါးကေခန့်တို့ကို ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## မရမ်းချောင်စစ်ဆေးရေးစခန်း ရှောင်ကွင်းလမ်းတွင် စုပုံထားသော အထောက်အထားမဲ့ ပစ္စည်းများ တွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။ ဒီဇင်ဘာ ၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၀ ဒသမ ၁၅ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၄၄၅ သန်း စုစုပေါင်း တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၅၉၅ သန်းကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၂ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ် တစ်စီး၊ ၁၂ ဘီးယာဉ်တစ်စီးပေါ်နှင့် သစ်ဆိပ်ပင်ကျေးရွာ ရှောင်ကွင်းလမ်းတွင် စုပုံထားသော တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ၃၂ လက်မ LCD TV (DK) (8U)၊ စားသောက်ကုန်နှင့် အဝတ်အထည် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၄၄၅ သန်းကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**







ဘရပ်ဆဲလ်၌ ဆန္ဒဖော်ထုတ်ရန်စုဝေးနေကြသည့် ပြည်သူများကို တွေ့ရစဉ်။

# ဘရပ်ဆဲလ်၌ ရာသီဥတုဆိုင်ရာ လူထုစုဝေးဆန္ဒပြမှုတွင် လူ ၇၀၀၀၀ ကျော် ပါဝင်

**ဘရပ်ဆဲလ် ဒီဇင်ဘာ ၃**

ကုလသမဂ္ဂ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းဖွဲ့စည်းမှုအဖွဲ့ဝင်များ၏ (၂၄)ကြိမ်မြောက် ကွန်ဖရင့်အစည်းအဝေးကို ပိုလန်၌ကျင်းပလျက်ရှိရာ ဘရပ်ဆဲလ်နိုင်ငံတစ်လွှားတွင် Claim the Climate ဟုခေါ်ဆိုသည့် ရာသီဥတုဆိုင်ရာ ဆန္ဒပြပွဲတစ်ရပ်ဖြစ်ပွားနေပြီး ယင်းဆန္ဒပြမှုတွင် လူပေါင်း ၇၀၀၀၀ကျော် ပါဝင်ခဲ့ကြကြောင်း ရဲတပ်ဖွဲ့၏ပြောပြချက်အရ သိရသည်။

ဆန္ဒပြပွဲစီစဉ်သူများ၏ပြောကြားချက်အရ ယင်းဆန္ဒဖော်ထုတ်မှုသည် ဘယ်လ်ဂျီယံ၌လုပ်ဆောင်ခဲ့သည့် လူထုစုဝေးမှုများအနက် အကြီးဆုံးဖြစ်ကြောင်း သိရသည်။ ရာသီဥတုဆိုင်ရာ လူထုစုဝေးမှုသည် နိုင်ငံသားများ၏ လှုပ်ရှားဆောင်ရွက်မှုအတွက် ကြီးကျယ်သည့်အောင်ပွဲတစ်ရပ်ဖြစ်ပြီး ရာသီဥတုဆိုင်ရာ အရေးကိစ္စသည် အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် အရေးကြီးသည့် အကြောင်းအရာဖြစ်ကြောင်းနှင့် ရာသီဥတုဆိုင်ရာ စွမ်းအင်အစီအစဉ်ကို အဆုံးသတ်ခဲ့သည့် ဘယ်လ်ဂျီယံသည် အဖွဲ့ဝင်များ၏ (၂၄)ကြိမ်မြောက် ညီလာခံ၌ ပဓာနကျသည့်ရည်မှန်းချက်များကို ကာကွယ်သွားရမည်ဖြစ်ကြောင်း ဘယ်လ်ဂျီယံဝန်ကြီးချုပ် ချားလ်စ်မစ်ချယ်က တွစ်တာပေါ်တွင် ကြေညာခဲ့သည်။

လူထုစုဝေးမှုသည် ဒေသစံတော်ချိန် မွန်းလွဲ ၁နာရီခန့်တွင် Parc Cinquantrnaire သို့သွားသည့်လမ်းများပေါ်၌ စတင်ခဲ့သည်။ဘယ်လ်ဂျီယံ အမျိုးသား မီးရထားကုမ္ပဏီ (SNCB)က တနင်္ဂနွေနေ့တွင် လူထုစုဝေးမှု၌ပါဝင်ရန်အတွက် မြို့တော်၌ ခရီးသည် ၃၄၀၀၀ ထက်မနည်း ရထားဖြင့်သွားရောက်ခဲ့ကြကြောင်း ဖော်ပြခဲ့သည်။

**ဆင်ဟွာ**

# ဆူဒန်နိုင်ငံ ဒါဖာ၌ လုံခြုံရေးအခြေအနေများ ပိုမိုကောင်းမွန်လာကြောင်း ကုလသမဂ္ဂမစ်ရှင်အကြီးအကဲ အတည်ပြု

**ခါတွန် ဒီဇင်ဘာ ၃**

ဒါဖာရှိ ကုလသမဂ္ဂဆိုင်ရာ အာဖရိကပြည်ထောင်စုမစ်ရှင်အဖွဲ့ပူးတွဲအထူးကိုယ်စားလှယ် ဂျယ်ရီမီရက် မာမာဘိုလိုသည် ဆူဒန်နိုင်ငံရှိ ဒါဖာ၌ လုံခြုံရေးဆိုင်ရာအခြေအနေများ ပိုမိုတိုးတက်လျက်ရှိကြောင်း တနင်္ဂနွေနေ့က အသိအမှတ်ပြုခဲ့သည်။ သို့သော် အဆိုပါဒေသအတွင်း၌ လတ်တလောဖြစ်ပွားနေသည့် အိုးအိမ်မဲ့မှုများနှင့်ပတ်သက်၍ ၎င်းက သတိပေးခဲ့သည်။

အရပ်သားများသည် နှစ်များစွာကြာအောင် အိုးအိမ်ပျောက်ကွယ်မှုများဖြစ်ပေါ်ခဲ့ပြီးနောက်တွင် ဒါဖာရှိနေရာအများစုတို့တွင် လုံခြုံရေးဆိုင်ရာ တိုးတက်မှုများရှိလာသည့်အတွက် ၎င်းတို့၏နေအိမ်များဆီသို့ တဖြည်းဖြည်းပြန်နေကြကြောင်း မာမာဘိုလိုက ခါတွန်၌ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

သို့သော်လည်း ဒါဖာ၌ အိုးအိမ်ပျောက်ကွယ်မှုအများအပြားဖြစ်ပွားနေဆဲဖြစ်ပြီး အထူးသဖြင့် ဂျီဘယ်လ်မာရာတွင် ရံဖန်ရံခါပေါ်ထွက်လာသည့် လက်နက်ကိုင်အုပ်စုများနှင့် တပ်ဖွဲ့ဝင်များအကြား တိုက်ပွဲများက အဆိုပါဧရိယာရှိအရပ်သားများကို တိုက်ရိုက် ထိခိုက်မှုရှိစေခဲ့ကြောင်း မာမာဘိုလိုကပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အတူပူးပေါင်းပါဝင်ရန်အတွက် လှုပ်ရှားဆောင်ရွက်မှုများကို ဆက်လက်၍ ကြံ့ကြံ့ခံလှုပ်ရှားကြရန် ၎င်းကတိုက်တွန်းခဲ့သည်။ **ဆင်ဟွာ**



ကုလသမဂ္ဂမစ်ရှင်အကြီးအကဲ မာမာဘိုလို ။




တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်း

# သမိုင်းကြောင်းဆိုင်ရာ အကြောင်းအရာများကြောင့် ဂျပန်-တောင်ကိုရီးယား ဆက်ဆံရေးကိုမထိခိုက်ရန် သမ္မတ မွန်ဂျယ်အင်း မျှော်လင့်

**ဆိုးလ် ဒီဇင်ဘာ ၃**

တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းသည် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့အကြား သမိုင်းကြောင်းဆိုင်ရာ အတိတ်အကြောင်းအရာများကြောင့် ဆက်ဆံရေးပျက်ယွင်းသွားမည်ကို မလိုလားကြောင်း ဖော်ပြခဲ့သည်ဟု အင်န်အိတ်ခ်ျကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

သမ္မတမွန်ဂျယ်အင်းသည် အာဂျင်တီးနားရှိ ဂျီ- ၂၀ ထိပ်သီးအစည်းအဝေးတက်ရောက်ခဲ့ပြီးနောက် နယူးဇီလန်သို့သွားရောက်မည့် လေယာဉ်ပေါ်၌ သတင်းထောက်များ၏မေးမြန်းချက်များကို ဖြေကြားရာတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပတ်သက်သည့် ၎င်း၏သဘောထားကို ပြောကြားခဲ့ခြင်းဖြစ်သည်။

သမိုင်းကြောင်းဆိုင်ရာ အငြင်းပွားမှုများသည် ဂျပန်နှင့်တောင်ကိုရီးယား နှစ်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်နေသည့် ဆက်ဆံရေးကိုမထိခိုက်စေသင့်ကြောင်း မွန်က ပြောသည်။ နှစ်နိုင်ငံသည် ဆက်ဆံရေးနှင့် ပတ်သက်၍ အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့်အခြေအနေများကို အာရုံစူးစိုက်သင့်ကြောင်း ၎င်းက ပြောသည်။

တောင်ကိုရီးယားနိုင်ငံ၏ တရားရုံးချုပ်က အောက်တိုဘာလအတွင်းက ဂျပန်ကုမ္ပဏီတစ်ခုကို စစ်အတွင်းက အလုပ်ကြမ်းလုပ်ကိုင်ခဲ့သူများကို လျော်ကြေးပေးရန် အမိန့်ချမှတ်ခဲ့ပြီး နောက်တွင် သမ္မတမွန် အနေဖြင့် ယခုကဲ့သို့ ပြောဆိုမှုသည် တောင်ကိုရီးယားနှင့် ဂျပန်နှစ်နိုင်ငံဆက်ဆံရေးတို့နှင့် ပတ်သက်၍ ပထမဆုံးအကြိမ် လူသိရှင်ကြား ထုတ်ဖော်ပြောဆိုလိုက်ခြင်း ဖြစ်သည်။

**အင်န်အိတ်ခ်ျကေ**

# လာမည့် ဘင်္ဂလားဒေ့ရှ်ရွေးကောက်ပွဲတွင် အတိုက်အခံခေါင်းဆောင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိဟု အာဏာပိုင်ပြော

**ဒါကာ ဒီဇင်ဘာ ၃**

ဘင်္ဂလားဒေ့ရှ် အတိုက်အခံခေါင်းဆောင် ဝန်ကြီးချုပ်ဟောင်း ခါလီဒါဇီယာသည် အဂတိလိုက်စားမှု နှစ်မှုကြောင့် ပြစ်ဒဏ်ကျခံနေသည့်အတွက် ဒီဇင်ဘာ ၃၀ ရက်တွင် ကျင်းပမည့် နိုင်ငံ့ရွေးကောက်ပွဲများတွင် ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရရှိမည် မဟုတ်ကြောင်း ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များက မကြာသေးမီတွင် ပြောကြားလိုက်သည်။

ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့်သူသည် ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ပြီး ထောင်ဒဏ်နှစ်နှစ် သို့မဟုတ် နှစ်နှစ်ထက် ပိုမိုကျခံဖူးသူ မဖြစ်စေရဟုလည်း အစိုးရရှေ့နေချုပ် မာဘူဘေးအလမ်က ပြောသည်။

ဝန်ကြီးချုပ်ဟောင်း ခါလီဒါဇီယာသည် အဂတိလိုက်စားမှုတစ်ခုကြောင့် ဖေဖော်ဝါရီလ မှစကာ ထောင်ဒဏ် ၁၀ နှစ်ကျခံနေရသူဖြစ်ကြောင်း သိရသည်။

ထို့အပြင် အောက်တိုဘာလက ၎င်းကို နောက်ထပ် အဂတိလိုက်စားမှုတစ်ခု ကျူးလွန်ခဲ့ကြောင်း တွေ့ရှိခဲ့ပြီး ထောင်ဒဏ် ခုနစ်နှစ်ချမှတ်ခဲ့သည်။ ဝန်ကြီးချုပ်ဟောင်း ခါလီဒါဇီယာသည် လွှတ်တော်အမတ်နေရာ သုံးခုအတွက် အမည်စာရင်းတင်သွင်းထားသူဖြစ်ကြောင်း သိရသည်။ အာဏာပိုင်များ၏ ရွေးကောက်ပွဲနှင့် ပတ်သက်သည့် ကြေညာချက်ကို ၎င်းပါတီမှ လက်မခံကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရွေးကောက်ပွဲတွင် တတိယအကြိမ်မြောက် ဝန်ကြီးချုပ်ရာထူးအတွက် အရွေးခံမည့် လက်ရှိဝန်ကြီးချုပ် ရှိတ်ဟာဆီနာလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ရှိတ်ဟာဆီနာသည် တဖြည်းဖြည်း အာဏာရှင်ဆန်လာသည်ဟု အတိုက်အခံများက စွပ်စွဲခဲ့သလို ၎င်းကလည်း အတိုက်အခံများကို တင်းတင်းကျပ်ကျပ်ကိုင်တွယ်နေကြောင်း သိရသည်။ ဝန်ကြီးချုပ်ဟောင်း ဇီယာအနေဖြင့် ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးချယ်ခံခွင့်ရှိ မရှိနှင့်ပတ်သက်ပြီး ရွေးကောက်ပွဲကော်မရှင်က ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် ဥပဒေရေးရာဝန်ကြီးက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



အတိုက်အခံခေါင်းဆောင် ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ်ဟောင်း ခါလီဒါဇီယာ

## နိုင်ငံတကာ သတင်းတိုထွာ

### အာဖဂန်လေကြောင်း တိုက်ခိုက်မှုအတွင်း အရပ်သား ၂၃ ဦးသေဆုံး

**ကဘူးလ် ဒီဇင်ဘာ ၃**

အာဖဂန်နစ္စတန် တောင်ပိုင်းပြည်နယ် ဟယ်မန့်ဒ်၌ အင်္ဂါနေ့က လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ အမျိုးသမီး ရှစ်ဦးနှင့် ကလေး ၁၀ ဦးအပါအဝင် လူပေါင်း ၂၃ ဦး သေဆုံးခဲ့ရကြောင်း နိုင်ငံအတွင်းရှိ ကုလသမဂ္ဂထောက်ပံ့ရေးအစီအစဉ်က သောကြာနေ့တွင် ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန် နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ထောက်ပံ့ရေးအစီအစဉ်၏ ကနဦး ရှာဖွေတွေ့ရှိမှုများအရ အင်္ဂါနေ့က ပြုလုပ်ခဲ့သော လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား ၂၃ ဦး သေဆုံးခဲ့ပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း၊ အဆိုပါ လေကြောင်းတိုက်ခိုက်မှုမှာ ယင်းဒေသရှိ တာလီဘန်များကို တိုက်ခိုက်နေသော အစိုးရလိုလားသည့်အဖွဲ့ ဖြစ်ကြောင်း ကုလသမဂ္ဂက ဖော်ပြခဲ့သည်။

အစောပိုင်း အစီရင်ခံစာများအရ အဆိုပါ တိုက်ခိုက်မှုအတွင်း လူပေါင်း တစ်ဒါဇင်ခန့် အသက်ဆုံးရှုံးခဲ့ရကြောင်း ဖော်ပြထားသည်။ အာဖဂန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂထောက်ပံ့ပေးရေး အစီအစဉ်က ပဋိပက္ခများဖြစ်ပွားသည့် အဖွဲ့များသည် အရပ်သားများ ထိခိုက်နာကျင်မှု မရှိစေရေး အကာအကွယ်ပြုသွားရမည်ဖြစ်ကြောင်း သတိပေးထားသည့်အပြင် ပဋိပက္ခဖြစ်ပွားနေသော အဖွဲ့အစည်းများသည် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေအောက်တွင် လုပ်ရှားဆောင်ရွက်သွားရမည်ဟု သတိပေးမှုများ ပြုလုပ်ထားသည်။ **ဆင်ဟွာ**

### ဒေသတွင်းလုံခြုံရေးကို အီရန်က ခြိမ်းခြောက်နေသည်ဟု အမေရိကန်စွပ်စွဲ

**ဝါရှင်တန် ဒီဇင်ဘာ ၃**

အမေရိကန် အရာရှိများသည် ကြာသပတေးနေ့က အီရန်နှင့်ဆက်စပ်လျက်ရှိသည့် လက်နက်များကို ပြသခဲ့ပြီး အီရန်သည် ဒေသတွင်းလုံခြုံရေးအခြေအနေကို ခြိမ်းခြောက်လျက်ရှိသည့် သက်သေများဟု ပြောဆိုခဲ့ကြသည်။ ဝါရှင်တန်စစ်အခြေစိုက်စခန်းတွင် အဆိုပါ လက်နက်များကို ပြသခဲ့ခြင်းဖြစ်ပြီး လက်နက်ငယ်များနှင့် ဒုံးကျည်အမျိုးမျိုး တို့ပါဝင်ခဲ့သည်။

အဆိုပါလက်နက်များမှာ ဆော်ဒီအာရေဗျနှင့် အခြားဒေသတွင်းနိုင်ငံများမှ သိမ်းဆည်းထားသော လက်နက်များ ဖြစ်သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြာသပတေးနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အီရန်နိုင်ငံဆိုင်ရာအမေရိကန်အထူးကိုယ်စားလှယ် ဘရိန်းဟုခ်က အီရန်နိုင်ငံသည် အဆိုပါ လက်နက်များကို ဟူသီသူပုန်များ၊ တာလီဘန်နှင့် အခြားစစ်သွေးကြွအုပ်စုများကို ထောက်ပံ့ပေးထားခြင်းဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ယခုလက်ရှိတွင် မိမိတို့ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို တင်ပြရန်နှင့် ပညာတတ်ပြည်သူများကို ပိုမိုနားလည်စေရန် လက်နက်များပြသခဲ့ခြင်း ဖြစ်ကြောင်း ပြောသည်။ **ဆင်ဟွာ**

# ကုန်သွယ်ရေး သမိုင်းတစ်ခေတ်ဖွင့်လှစ်လိုက်တဲ့ နာ့ဖ်တာသဘောတူညီချက်သစ်

**ထွန်းသစ်စံ**



စာချုပ်အသစ်ကို လက်မှတ်ရေးထိုးအပြီးတွေ့ရသည့် သုံးနိုင်ငံမှ ခေါင်းဆောင်များ

အမေရိကန်ပြည်ထောင်စု၊ မက္ကဆီကိုနှင့် ကနေဒါနိုင်ငံတို့မှ ခေါင်းဆောင်တွေဟာ နိုဝင်ဘာ ၃၀ ရက်မှာ မြောက်အတ္တလန္တိတ်လွတ်လပ်သော ကုန်သွယ်မှုအဖွဲ့စာချုပ် (နာ့ဖ်တာ) ဟောင်းနေရာမှာ အလွန်တရာ အကျိုးများလှတဲ့ ဒေသတွင်းကုန်သွယ်မှုသဘောတူညီချက်တစ်ခုကို လက်မှတ်ရေးထိုးခဲ့ကြတာဟာ ဝမ်းသာစရာကောင်းလှပါတယ်။

**လက်မှတ်ရေးထိုးခဲ့ကြ**

စက်မှုဖွံ့ဖြိုးတဲ့ နိုင်ငံပေါင်း ဂျီ-၂၀ ထိပ်သီးအစည်းအဝေး မစခင်မှာ အာဂျင်တီးနားနိုင်ငံဟာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၊ ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုနဲ့ မက္ကဆီကို သမ္မတ အန်းရစ်ပီနာ နီတိုးတို့နဲ့အတူ လက်မှတ်ရေးထိုးခဲ့ကြတာဖြစ်ပါတယ်။

အခုလို လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့ ကုန်သွယ်ရေး သဘောတူညီမှုအရ သုံးနိုင်ငံအကြား ကုန်သွယ်မှုပမာဏဟာ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံအထိ ရောက်ရှိလာမှာဖြစ်ကြောင်းလည်း သိရပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ ရာစုနှစ် လေးပုံတစ်ပုံကြာညောင်းခဲ့တဲ့ နာ့ဖ်တာသဘောတူညီချက်အဟောင်းကို အစားထိုးနိုင်ဖို့ အမေရိကန်၊ မက္ကဆီကိုနဲ့ ကနေဒါသုံးနိုင်ငံကြား ဆွေးနွေးခဲ့ကြတဲ့ ကုန်သွယ်ရေးသဘောတူညီချက်အသစ်ကို ကြိုဆိုဂုဏ်ပြုလိုက်ပြီး ကုန်သွယ်ရေးသဘောတူညီချက်အသစ် (နာ့ဖ်တာ) ဟာ အမေရိကန်သမိုင်းမှာ အကြီးဆုံးဖြစ်ကြောင်းလည်း မကြာသေးမီက ပြောကြားလိုက်ပါသေးတယ်။

**ယူအက်စ်အမ်စီအေ**

အမေရိကန်ပြည်ထောင်စု၊ မက္ကဆီကို၊ ကနေဒါသဘောတူညီချက် (ယူအက်စ်အမ်စီအေ) လို့ လူသိများတဲ့ အဲဒီသဘောတူညီချက်ကို အမေရိကန်သမ္မတ ထရမ့်က ဘေးအန္တရာယ်ဆိုးအဖြစ်ကြေညာခဲ့တဲ့ အရင်နာ့ဖ်တာသဘောတူညီချက်နေရာမှာ အစားထိုးဖို့ နောက်ဆုံးသတ်မှတ်ရက်မတိုင်မီမှာ သဘောတူခဲ့ပါတယ်။

အဆိုပါ သဘောတူညီချက်သစ်ဟာ ကုန်သွယ်ရေးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ထရီလီယံခန့်ကို ထိန်းချုပ်နိုင်မှာဖြစ်ပြီး အဲဒီပမာဏဟာ အမေရိကန်သမိုင်းမှာ အကြီးဆုံး ကုန်သွယ်ရေး သဘောတူညီမှုတစ်ခုဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အိမ်ဖြူတော်နှင်းဆီပန်းခြံရှိ သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။

ကုန်သွယ်ရေး သဘောတူညီချက်သစ်ဟာ ကျွန်တော်တို့ နိုင်ငံတွေအတွက် တကယ့်သမိုင်းတွင်မယ့် သတင်းကောင်းပင်ဖြစ်ကြောင်းနဲ့ ကမ္ဘာကြီးအတွက် အကျိုးရှိစေမှာ ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောခဲ့ပါတယ်။

သမ္မတ ဒေါ်နယ်ထရမ့်က အဆိုပါ ကုန်သွယ်ရေးသဘောတူညီချက်သစ်ကို နိုဝင်ဘာလကုန်က ကနေဒါဝန်ကြီးချုပ် ဂျက်စတင် ထရူးဒို၊ ဒီဇင်ဘာ ၁ ရက်က တာဝန်မှ အနားယူခဲ့တဲ့ မက္ကဆီကို ခေါင်းဆောင် အန်းရစ်ပီနာနီတိုးနဲ့အတူ လက်မှတ်ရေးထိုးဖို့ မျှော်လင့်ထားတယ်လို့ သိရပြီး မျှော်လင့်ထားသလိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

**ဗျာများခဲ့ရ**

ကနေဒါဝန်ကြီးချုပ်နဲ့ ဗျာများနေတဲ့ စေ့စပ်ညှိနှိုင်းဆွေးနွေးမှုတွေကြောင့် တင်းမာမှုတွေ ရှိခဲ့တဲ့အပေါ် "သူနဲ့ ကျွန်တော့်ကြားမှာ တင်းမာမှုတွေ အများကြီးရှိခဲ့တယ်။" "အခုတော့ အဖြေရှာနေပါတယ်။ ဘယ်အချိန်မှာ ပြီးမလဲ။ နောက်ဆုံး ၁၂ ရက်လောက်တော့ ကြာခဲ့တယ်" ဟု အမေရိကန်သမ္မတ ထရမ့်က ဆက်လက်ပြောကြားခဲ့ပါတယ်။

"သူက လူကောင်းတစ်ယောက်ပါ။ သူက ကနေဒါပြည်သူတွေကို ချစ်ပါတယ်" ဟု အမေရိကန်သမ္မတက ထပ်လောင်းပြောကြားခဲ့ပါတယ်။

ကုန်သွယ်ရေးစာချုပ်အသစ်ကို သုံးနိုင်ငံ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ဖို့ အချိန်အတော်ယူပြီး ကြိုးစားခဲ့ရသလို အနည်းငယ်ရှုပ်ထွေးမှုတွေလည်း ရှိခဲ့တယ်လို့ သိရပါတယ်။

သို့သော်လည်း နောက်ဆုံးမှာ တစ်ဖက်နဲ့တစ်ဖက်လိုက်လျောမှုတွေ လုပ်ပြီး စေ့စပ်ဆွေးနွေးနိုင်ခဲ့တာကြောင့် ယနေ့မှာ ကုန်သွယ်ရေးစာချုပ်အသစ်ဆိုပြီး ဖြစ်တည်လာတာပဲ ဖြစ်ပါတယ်။

သို့သော်လည်းပဲ အော့တဝါနဲ့ ဝါရှင်တန်ကြားမှာ အဖုအထစ်အနည်းငယ်ရှိနေတဲ့ အချက်ကလေးက ကနေဒါထိန်းချုပ်ထားတဲ့ နို့ထွက်ပစ္စည်းဈေးကွက်က အရေးကြီးတဲ့ နေရာက ပါဝင်နေသလို နာ့ဖ်တာမိတ်ဖက်နိုင်ငံတွေကြား အငြင်းပွားမှုအချို့ကို ဘယ်လိုဖြေရှင်းရမလဲဆိုတဲ့ အချက်လည်း အဓိကအခန်းကဏ္ဍက ပါဝင်နေကြောင်း သိရပါတယ်။

ညှိနှိုင်းဆွေးနွေးသူတွေဟာ နာ့ဖ်တာကို အသစ်ပြန်လည်ရေးဆွဲနိုင်ဖို့နဲ့ အဆင့်မြှင့်တင်ဖို့ တစ်နှစ်ကြာ ကြိုးစားခဲ့ရကြောင်း သိရပါသည်။

**ပထမပိုင်း အေးစက်စက်**

စာချုပ်သစ်အတွက် ပထမပိုင်းဆွေးနွေးမှုတွေလုပ်တဲ့အခါမှာ ကနေဒါနိုင်ငံအနေနဲ့ အနည်းငယ် အေးစက်စက်ရှိနေတဲ့ အတွက်ကြောင့် နွေရာသီတစ်ခုလုံး အမေရိကန်နဲ့ မက္ကဆီကို အရာရှိတွေနဲ့အတူ နာ့ဖ်တာ ကိစ္စနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားခဲ့တာဖြစ်ကြောင်းနဲ့ ရပ်ဆိုင်းထားခဲ့တဲ့ ကိစ္စတွေနဲ့ ပတ်သက်ပြီး အမေရိကန်ပြည်ထောင်စုနဲ့ အဆင့်မြင့် သဘောတူညီချက်တစ်ခုတောင် ရရှိခဲ့ပြီဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

နာ့ဖ်တာအသစ်၏ အကြမ်းသဘောဖော်ပြချက်မှာ ကားထုတ်လုပ်တဲ့ စက်ရုံတွေမှာ အစိတ်အပိုင်းတွေကို အရေအတွက်များများ ထုတ်လုပ်ဖို့ ပါဝင်ပြီး ခိုင်မာတဲ့ အလုပ်သမားကာကွယ်မှု၊ ခြောက်နှစ်တစ်ခါ ပြုလုပ်လေ့ရှိတဲ့ ၁၆ နှစ်သက်တမ်းရှိ သဘောတူညီချက်ကို ပြန်လည်သုံးသပ်ဖို့ ထောက်ပံ့မှုတွေ လုပ်ဆောင်ခြင်းတွေလည်း ပါဝင်တယ်လို့ သိရပါတယ်။

နှစ်ပေါင်း ၂၄ နှစ်ကျော်ကြာမှ အကောင်အထည်ပေါ်လာခဲ့တဲ့ နာ့ဖ်တာကုန်သွယ်ရေးသဘောတူညီချက်သစ်ဟာ အစပိုင်းက လွယ်မယောင်နဲ့ခက် တိမ်မယောင်နဲ့နက်တဲ့ သဘောတွေ ရှိခဲ့ပါတယ်။

နောက်ဆုံးမှာ ကနေဒါနဲ့ အမေရိကန်နှစ်နိုင်ငံလုံး နာ့ဖ်တာအပေါ် အခြေခံသဘောတူညီချက်များရရှိအောင် ကြိုးစားဆောင်ရွက်ခဲ့ကြပြီး အဲဒါက ကုန်သွယ်မှုမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ တစ် ထရီလီယံခန့်လုပ်ဆောင်နိုင်မှာဖြစ်ကြောင်း သိရပါတယ်။

**အခွင့်အရေးတစ်ခု**

နောက်ဆုံး နာ့ဖ်တာ ကုန်သွယ်ရေးသဘောတူညီချက်နဲ့ သာမက ကမ္ဘာ့ကုန်သွယ်ရေးအပေါ် အမေရိကန်သမ္မတ ထရမ့်က နိုင်ငံခြားတိုင်းပြည်တွေအတွက် အမေရိကန်နဲ့ စီးပွားရေးလုပ်ကိုင်ဖို့ အထူးအခွင့်အရေးတစ်ခု ၎င်းရဲ့ ရပ်တည်ချက် သဘောထားကို ဖော်ပြခဲ့ပါတယ်။

အခု သဘောတူညီချက်ဟာ မက္ကဆီကို၊ ကနေဒါနိုင်ငံနဲ့ အမေရိကန်နိုင်ငံအတွက်သာ အကျိုးရှိတာမဟုတ်ဘဲ လူသားအားလုံးအတွက် အကျိုးရှိတဲ့ ကုန်သွယ်ရေး သဘောတူညီမှုတစ်ခုဖြစ်ကြောင်း တရုတ်နိုင်ငံအနေဖြင့်လည်း ကျွန်ုပ်တို့နဲ့ စီးပွားရေးလုပ်ဖို့ တကယ့်အခွင့်အရေးတစ်ခုဖြစ်ရုံသာမက အီးယူအနေဖြင့်လည်း တကယ့်အခွင့်အရေးတစ်ခုပါပဲဟု အမေရိကန်သမ္မတ ထရမ့်က ပြောကြားလိုက်ပါတယ်။

ဘာပဲပြောပြော အခုလို ကုန်သွယ်ရေးစာချုပ်သစ်တစ်ခုကို သဘောတူညီမှုရရှိခဲ့ပြီး လက်မှတ်ရေးထိုးနိုင်ခဲ့တာဟာ အင်မတန်မှပဲ ဂုဏ်ယူစရာကောင်းတဲ့ ကိစ္စဖြစ်သလို ဝမ်းသာစရာလည်း ကောင်းလှပါတယ်။

ဒါဟာ ကုန်သွယ်ရေး သမိုင်းတစ်ခေတ်ဖွင့်လှစ်လိုက်တဲ့သဘောလည်း သက်ရောက်တယ်ဆိုတာ ရေးသားတင်ပြလိုက်ရပါတယ်။ ။

**ကိုးကား -အေအက်ဖ်ပီ**

> "ယခုသဘောတူညီချက်ဟာ မက္ကဆီကို၊ ကနေဒါနိုင်ငံနှင့် အမေရိကန်နိုင်ငံအတွက်သာ အကျိုးရှိတာမဟုတ်ဘဲ လူသားအားလုံးအတွက် အကျိုးရှိတဲ့ ကုန်သွယ်ရေး သဘောတူညီမှုတစ်ခုဖြစ်ကြောင်း တရုတ်နိုင်ငံအနေဖြင့်လည်း ကျွန်ုပ်တို့နဲ့ စီးပွားရေးလုပ်ဖို့ တကယ့်အခွင့်အရေးတစ်ခုဖြစ်ရုံသာမက အီးယူအနေဖြင့်လည်း တကယ့် အခွင့်အရေးတစ်ခုပါပဲဟု အမေရိကန်သမ္မတ ထရမ့်က ပြောကြား"

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကျိုင်းတုံမြို့ လေ့ကျင့်ရေးအားကစားအဆောက်အအုံသစ် တက်ရောက် ဖွင့်လှစ်




**ကျိုင်းတုံ ဒီဇင်ဘာ ၃**
ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့၌ အသစ်တည်ဆောက် ပြီးစီးသွားသော လေ့ကျင့်ရေးအားကစား အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၁ ရက်က ခရိုင် အားကစားကွင်းရှိ အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းရွဲန်တစ်လုံ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုးနှင့် မြို့မိမြို့ဖ ဦးစိုင်းတွီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ယင်းနောက် ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။ ထို့နောက် အားကစားခန်းမအတွင်း ဆက်လက်ကျင်းပရာ ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး လူမှုရေးဝန်ကြီးထံသို့ လွယ်မွေဆောက်လုပ်ရေး ကုမ္ပဏီမှ ဦးမောင်ဝင်းက အဆောက်အအုံကို လွှဲပြောင်းပေးအပ်ပြီး ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများကို အထိမ်းအမှတ် အလံငယ်များ ပေးအပ်သည်။ ယင်းနောက် ရပ်မိရပ်ဖတစ်ဦးက ယခုကဲ့သို့ လေ့ကျင့်ရေး အားကစားအဆောက်အအုံ ဆောက်လုပ်ပေးမှုကြောင့် ဒေသခံ တိုင်းရင်းသားများအတွက် အားကစားနည်းမျိုးစုံလေ့ကျင့်နိုင်မည်ဖြစ်၍ အားကစားအဆင့်အတန်းများ မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။ အဆိုပါအဆောက်အအုံသည် အလျား ပေ ၃၀၀၊ အနံပေ ၁၀၀ ကျယ်ဝန်းပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၄၂၀ ဖြင့် လွယ်မွေ ဆောက်လုပ်ရေး ကုမ္ပဏီမှ Steel Structure ဆောက်လုပ်ပေးခဲ့ကြောင်း သိရသည်။ ထို့နောက် ကရာတေး၊ တိုက်ကွမ်ဒိုနှင့် ပိုက်ကျော်ခြင်း အားကစားတို့ဖြင့် သရုပ်ပြကြပြီး အားကစားသမားများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပညာရေးကောလိပ်၊ ကျိုင်းတုံတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းများနှင့် မြို့တိုးချဲ့ရေပေးဝေရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။
(ဝဝ) **ခရိုင်(ပြန်/ဆက်)**

# ရေလှောင်တမံများ ရေရှည်ကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှု ကွင်းဆင်းစစ်ဆေး

**စဉ့်ကူး ဒီဇင်ဘာ ၃**
မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီနှင့် ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်းတို့မှ အင်ဂျင်နီယာပညာရှင်များသည် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ထိန်းသိမ်းထားရှိသည့် ရေလှောင်တမံကြီးများ၏ ရေရှည်ကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုတို့နှင့် ပတ်သက်၍ လက်ရှိအခြေအနေအရပ်ရပ် အပေါ်မူတည်ကာ ဖြည့်စွက်စီမံရန် လိုအပ်နေသည့် လုပ်ငန်းစဉ်များကို ဌာနအနေဖြင့် သိရှိလိုက်နာဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ် နိုဝင်ဘာလပထမပတ်မှ စတင်၍ လိုအပ်သည့် ကွင်းဆင်း စစ်ဆေးမှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာတွင် နိုဝင်ဘာ ၂၈ ရက်၌ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်အတွင်းရှိ မာလဲနတ်တောင် ရေလှောင်တမံ၏ ကြံ့ခိုင်မှုအခြေအနေနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး ရေလှောင်တမံ၏ ရေရှည်ကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုတို့အတွက် ဖြည့်စွက်စီမံရန် လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။
**မင်းဇော်ဦး (ပြန်/ဆက်)**



# ပဲစင်းငုံဈေးနှုန်းနှင့် မတ်ပဲဈေးနှုန်း ကွာခြားမှု လျော့ကျလာ

**ရန်ကုန် ဒီဇင်ဘာ ၂**
ရန်ကုန်ပဲဈေးကွက်တွင် မတ်ပဲ RC တစ်တန်ငွေကျပ် ၈၆၃၀၀၀ နှုန်း၊ ပဲစင်းငုံနီ RC တစ်တန်ငွေကျပ် ၈၂၈၀၀၀ နှုန်း၊ ရှိလာရာ ပဲစင်းငုံတစ်တန်ဈေးသည် မတ်ပဲထက် ငွေကျပ် ၃၅၀၀၀ သာဈေးနည်းနေသည်ဟု သိရသည်။ နိုဝင်ဘာ ၁၄ ရက်တွင် မတ်ပဲ RC တစ်တန်ငွေကျပ် ၉၄၀၀၀၀၊ ပဲစင်းငုံ RC တစ်တန်ငွေကျပ် ၇၃၇၀၀၀ နှုန်းသာရှိ၍ ပဲစင်းငုံတစ်တန်ဈေးသည် မတ်ပဲထက် ငွေကျပ် ၂၀၃၀၀၀ ဈေးလျော့နည်းခဲ့သည်ဟု ပဲဈေးကွက်မှ သိရသည်။

ယခုနှစ် အိန္ဒိယပြည်တွင်းဒေသအချို့တွင် မိုးခေါင်သဖြင့် ပဲအဓိကစိုက်ပျိုးသော ပြည်နယ်လေးပြည်နယ်တွင် မိုးရေချိန်လုံလောက်စွာ မရသဖြင့် ပဲထွက်မှုလျော့ကျနိုင်၍ အိန္ဒိယပြည်တွင်းဈေးကွက်တွင် ရက်သတ္တပတ်အနည်းငယ်အတွင်း မတ်ပဲနှင့် ပဲစင်းငုံ ဈေးနှုန်းများ ပြန်လည်ကောင်းမွန်လာသည်ဟု အိန္ဒိယပဲ သတင်းများအရ သိရသည်။

အိန္ဒိယပြည်၌ အောက်တိုဘာလလယ်တွင် ပဲစင်းငုံအလေးချိန်တစ်ကွင်တယ်လျှင် အိန္ဒိယ ရူပီးငွေ ၃၅၀၀ - ၃၆၀၀ ဝန်းကျင်သာရှိခဲ့သော်လည်း ယခုလပိုင်းတွင် ရူပီး ၄၅၀၀ ဝန်းကျင်ရှိလာသည်။ အလားတူမတ်ပဲသည်လည်း ရူပီး ၄၀၀၀ ဝန်းကျင်ရှိရာမှ ယခုလပိုင်းတွင် ရူပီး ၅၀၀၀ ဝန်းကျင်ရှိလာသည်ဟုသိရသည်။

မြန်မာပြည်တွင်လည်း ၂၀၁၈ နှစ်လယ်ပိုင်း ပဲစင်းငုံစိုက်ပျိုးမည့်ကာလရောက်ချိန်နီးသော်လည်း ပဲဈေးကွက်တည်ငြိမ်မှုမရသေးဘဲ ဈေးနှုန်းကျဆင်းနေဆဲရှိခဲ့သည်။ သို့ဖြစ်ရာ သက်ဆိုင်ရာမှ ပဲစင်းငုံစိုက်ပျိုးမည့်သူများအား စီးပွားဖြစ်မစိုက်ပျိုး ကြရန် အကြံပြုခြင်းများရှိလာသည်။ သို့ဖြစ်ရာ မကြာမီဈေးကွက်သို့ရောက်လာမည့် ပဲစင်းငုံသည်အထွက်ပမာဏလျော့နည်းမှု ရှိလာနိုင်သည်ဟု ပဲဈေးကွက်မှ သိရသည်။

ယခုနှစ် မတ်ပဲစိုက်ပျိုးချိန်မတိုင်မီ ပြည်တွင်း ပဲဈေးကွက်တွင် ပဲဈေးနှုန်းများ တစ်ဆခန့်မြင့်တက်လာခြင်း၊ မတ်ပဲစိုက်ပျိုးရာတွင် အခြားသီးနှံများထက် လွယ်ကူခြင်းကြောင့် မတ်ပဲစိုက်ပျိုးနေသူများအနေဖြင့် မတ်ပဲသာစိုက်ပျိုးနိုင်မည်ဖြစ်၍ မတ်ပဲအသစ်ထွက်ပေါ်မည့် ပမာဏမှာ ပုံမှန် အတိုင်းသာရှိနိုင်မည်ဟု ပဲကုန်သည် ကိုဝင်းသိန်းက ပြောသည်။

ပဲစင်းငုံသည် အိန္ဒိယပြည်၏ အဓိကစားသုံးသည့်ပဲဖြစ်သည်။ မြန်မာပြည်ထွက်ပဲစင်းငုံများသည် အိန္ဒိယပြည်သို့ အဓိကထား တင်ပို့နေရဆဲရှိနေသည်။ အိန္ဒိယပြည်မှပဲတင်သွင်းမှု ကန့်သတ်လာသော ၂၀၁၇ ဩဂုတ်လလယ်မှစ၍ မြန်မာပြည်တွင်း ပဲဈေးနှုန်းများ ကျဆင်းလာရာ ပဲကုန်သည်ကြီးများ၏ NGO အဖွဲ့မှဝယ်ယူရန် သတ်မှတ်ပေးခဲ့သော အခြေခံဈေးနှုန်းအနေဖြင့်ပဲစင်းငုံတစ်တန်ဈေးသည် မတ်ပဲထက် ငွေကျပ်တစ်သိန်း လျော့နည်းခဲ့သည်။

မတ်ပဲ RCတစ်တန် အခြေခံတစ်တန် ငွေကျပ်ငါးသိန်းနှုန်း၊ ပဲစင်းငုံနီ RC တစ်တန် လေးသိန်းနှုန်းသာရှိခဲ့သည်။ ရန်ကုန်ပဲဈေးကွက်တွင် ပဲစင်းငုံနီ RC တစ်တန် ငွေကျပ် ၃၀၆၀၀၀၊ မတ်ပဲ RC တစ်တန်ငွေကျပ် ၄၀၉၀၀၀ နှုန်းအထိ ၂၀၁၇ နှစ်ကုန်နှင့် ၂၀၁၈နှစ်လယ်ပိုင်းတို့တွင် အနိမ့်ဆုံးဈေးအဖြစ် ကျခဲ့သည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ပြည်ပပို့ FOB ပဲတစ်တန်ဈေးနှုန်းများမှာ မတ်ပဲ RC ဒေါ်လာ ၅၇၀ - ၅၉၀၊ ပဲစင်းငုံနီ RC ဒေါ်လာ ၅၄၀ - ၅၆၀ နှုန်းသာရှိသည်ဟု သိရသည်။

မြန်မာပြည်တွင်း ပဲဈေးကွက်သို့ ပဲစင်းငုံအသစ်များသည် ဒီဇင်ဘာလကုန်ပိုင်းတွင်စတင် ဝင်ရောက်နိုင်ပြီး မတ်ပဲအသစ်မှာမူ ၂၀၁၉ ဖေဖော်ဝါရီလဆန်းဝန်းကျင်တွင် စတင်ဝင်ရောက်နိုင်သည်ဟု ပဲကုန်သည် ကိုဆန်းကပြောသည်။ ဈေးနှုန်းအပေါ် စိုးရိမ်စိတ်ကြောင့် ပဲစင်းငုံ စိုက်ပျိုးခဲ့သူများအနေဖြင့် ယင်းပဲအသစ်ထွက်ပေါ်ချိန်တွင် ဈေးနှုန်းအမြင့်ပြန်လည်ရနိုင်သည့် မျှော်လင့်ချက်များထားရှိလာနိုင်သည်ဟု ယခင်နှစ် ပဲစင်းငုံအရှုံးနှင့် ကြုံတွေ့ခဲ့ရသူ ကိုဝေအောင် ကပြောသည်။
**ခင်ဆိုင်**

# (၉၈)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သန်လျင်၌ကျင်းပ

**သန်လျင် ဒီဇင်ဘာ ၃**
(၉၈) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို ဒီဇင်ဘာ ၂ ရက် နံနက် ၈ နာရီတွင် သန်လျင်မြို့အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသားကျောင်းသူလေးများက ပြည်မြန်မာသီချင်း သီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် (၉၈) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းက ဖတ်ကြားသည်။ ထို့နောက် အထက်တန်းနှင့် အလယ်တန်းအဆင့် ကဗျာနှင့်စာစီစာကုံးပြိုင်ပွဲများတွင် ဆုရကျောင်းသားကျောင်းသူများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းနှင့် မြို့နယ်ပညာရေးမှူး ဒေါ်အယ်လ်သီဖောတို့က ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။ ထို့နောက် ကျောင်းသားကျောင်းသူလေးများက ဇာတိမာန်သီချင်း သီဆို၍ အခမ်းအနားကို ရုတ်သိမ်းခဲ့ကြောင်း သိရသည်။
**သန်းဝင်း (သန်လျင်)**




# ကမ္ဘာ့ခုခံအားကျဆင်းမှုရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား မန္တလေးမြို့၌ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၃**
ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၁ ရက်က မဟာအောင်မြေမြို့နယ် ၆၂ လမ်းရှိ မနော်ရမ္မ ဟစ်တိုင်ကွင်း၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးအမျိုးသမီးကော်မတီနာယကကြီး ဒေါက်တာ ယုယုမေနှင့် နာယကများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် အမျိုးသမီး ကော်မတီဝင်များ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာ သန်းသန်းမြင့်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ NGO, INGO များ၊ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ပညာရေးကျောင်းတို့မှ ဆရာ ဆရာမများ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် အခမ်းအနားကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားခြင်း၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးမှူးက အခမ်းအနားကျင်းပရခြင်းအကြောင်းကို ရှင်းလင်းတင်ပြပြီး အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများက ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။
**တင်မောင်(မန်းကိုယ်ပွား)**

# အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ထားဝယ် ဒီဇင်ဘာ ၃**
အားလုံးတူညီအခွင့်အရေးရရှိရေး မသန်စွမ်းသူများအစွမ်းမြှင့်တင်ပေး ဆောင်ပုဒ်နှင့်အညီ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ဒေင်မသန်စွမ်း သက်ငယ်များပြုစုရာ ရိပ်မြုံ၊ ထားဝယ်အမျိုးသမီးသမဂ္ဂအဖွဲ့နှင့်CEC အဖွဲ့တို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့က ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က အမှာစကားပြောကြားရာ၌ နှစ်စဉ် ဒီဇင်ဘာ ၃ ရက်ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ဟု ကုလသမဂ္ဂအဖွဲ့ကြီးက ဂုဏ်ပြုသတ်မှတ်ပေးထားကြောင်း၊ မြန်မာနိုင်ငံအနေနှင့် မသန်စွမ်းသူများသည် သန်စွမ်းသူများကဲ့သို့ တန်းတူအခွင့်အရေး ရရှိစေရန်၊ မသန်စွမ်းသူများ၏ စိတ်ဓာတ်အင်အားများ မြင့်မားလာစေရန် ရည်ရွယ်ချက်ဖြင့် ဒီဇင်ဘာ ၃ ရက်ရောက်တိုင်း ယခုကဲ့သို့ အခမ်းအနားမျိုးဖြင့် ဂုဏ်ပြုကျင်းပရခြင်းဖြစ်ကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် မသန်စွမ်းသူများ စွမ်းဆောင်နိုင်မှု၊ ကျွမ်းကျင်မှုအရည်အသွေးတို့ကို ပိုမိုမြှင့်တင်ပေးနိုင်ရန်၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်ကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ မိဘပြည်သူတစ်ရပ် လုံးအနေဖြင့် တိုင်းဒေသကြီးတွင်ရှိသော အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့်အတူ လက်တွဲပူးပေါင်း၍ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ စွမ်းဆောင်ရည်နှင့် လူ့အခွင့်အရေးတို့ကို အလေးဂရုပြုဖော်ထုတ်အသိအမှတ်ပြုကာ ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒေင်မသန်စွမ်း သက်ငယ်များပြုစုရာရိပ်မြုံမှ နော်ဟဲခလေးက မိတ်ဆက်စကားပြောကြားပြီး တိုင်းဒေသကြီးလူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီးက ထူးချွန်မသန်စွမ်းသူတစ်ဦးနှင့် စာစီစာကုံးဆုရ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်၍ တက်ရောက်လာသူများကို မသန်စွမ်းသူများက လူတိုင်းအကျုံးဝင်ခြင်းဆိုင်ရာသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မောင်တောမြို့၌ မသန်စွမ်းသူများအား ထောက်ပံ့ငွေ ပေးအပ်ပွဲကျင်းပ



**မောင်တော ဒီဇင်ဘာ ၃**

မောင်တောမြို့တွင် လူမှုဝန်ထမ်းဦးစီးဌာန လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်ဖြစ်သော မသန်စွမ်းသူများ ငွေကြေးထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က အမှာစကားပြောကြားပြီး မသန်စွမ်းသူများအား အားပေးစကားပြောကြားခြင်း၊ ငွေကြေးထောက်ပံ့မှုများကို ရှင်းလင်းပြောကြားကာ မသန်စွမ်းထောက်ပံ့ငွေများကို လူမျိုးဘာသာမခွဲခြားဘဲ တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ စီထောက်ပံ့ပေးအပ်ခဲ့သည်။ မြို့နယ်အတွင်း မသန်စွမ်းသူ စုစုပေါင်း ၆၀၃ဦးကို ပေးအပ်ခဲ့ပြီး မသန်စွမ်းသူများကိုယ်စား မြို့သူကြီးကျေးရွာနေ ဦးကျော်ဖြူက ကျေးဇူးတင်စကားပြောကြားသည်။

**သက်လွင်စိုး ( ပြန်/ဆက်)**

# မင်းတပ်မြို့၌ အဆင့်မြင့်ဈေးသစ်ကြီး မကြာမီဖွင့်လှစ်တော့မည်

**မင်းတပ် ဒီဇင်ဘာ ၃**

ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့၌ အဆင့်မြင့်မြို့မဈေးကြီးကို မကြာမီဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြို့မဈေးကြီး တည်ဆောက်ခြင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုသီးသန့်ရန်ပုံငွေကျပ် ၃၁၅ ဒသမ ၈ သန်း၊ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ရန်ပုံငွေကျပ် ၁၈၄ ဒသမ ၂ သန်း၊ ဈေးသူဈေးသားများ၏ ထည့်ဝင်ငွေကျပ်သန်း ၃၀၀ စုစုပေါင်း သန်း ၈၀၀ ဖြင့် အဆောက်အအုံအမျိုးအစား အာစီနှစ်ထပ်ခွဲဖြစ်၍ သန့်စင်ခန်း၊ အမှိုက်ပုံးများနှင့်ရေမြောင်းများကို စနစ်တကျရှိစေရေးတို့အတွက်လည်း ဆောင်ရွက်ထားကြောင်း၊ ယခုမြို့မဈေးသစ်ကြီး တည်ဆောက်ခြင်းသည် ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ ချင်းပြည်နယ်အတွင်း ပထမဆုံးသော ခေတ်မီဈေးကြီးဖြစ်ပြီး မင်းတပ်မြို့နယ်နေပြည်သူလူထုအတွက် များစွာအကျိုးပြုမည်ဖြစ်ကြောင်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူး ဦးဆောင်သော ကြီးကြပ်အဖွဲ့များက သတ်မှတ်စံချိန်စံညွှန်းနှင့် ပြည့်မီရေးကိုကြပ်မတ်ဆောင်ရွက်ပေးကာ တာဝန်ရှိသူများကိုလည်း ကြီးကြပ်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

ယင်းအဆင့်မြင့်ဈေးကြီးကိုလည်း မကြာမီ ၂၀၁၉ နှစ်ဆန်းပိုင်းတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# မိုင်းအန္တရာယ် အသိပညာပေးအစီအစဉ် ကြိုတင်ရှင်းလင်း ဆွေးနွေး

**မြိတ် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မိုင်းအန္တရာယ် အသိပညာပေးခြင်း အစီအစဉ်၏ လုပ်ငန်းကြိုတင်အသိပေးဆွေးနွေးပွဲကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကြက်ခြေနီအသင်း(ခွဲ)ရုံး၌ ဒီဇင်ဘာ ၁ရက်က ကျင်းပခဲ့ကြောင်း သိရသည်။



ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသော မိုင်းအန္တရာယ် အသိပညာပေးခြင်း အစီအစဉ်၏ လုပ်ငန်းစဉ်များကို သိရှိစေရန်၊ မိုင်းအန္တရာယ်နှင့် ပတ်သက်သော သတင်းအချက်အလက်များနှင့် အကြံပြုညွှန်ကြားချက်များကို သိရှိစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာန ဦးတင်မိုးကျော်က ပြောသည်။

အသိပေးရှင်းလင်းဆွေးနွေးရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာနက ဦးဆောင်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကြက်ခြေနီကြီးကြပ်မှု ကော်မတီဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် မိုင်းအန္တရာယ်အသိပညာပေးခြင်း လုပ်ငန်းကို ၂၀၁၈ခုနှစ်အတွင်း (၁၃၄)ကြိမ်ဆောင်ရွက်နိုင်ခဲ့ပြီး မြိတ်မြို့နယ်အနေဖြင့် မိုင်းအန္တရာယ် အသိပညာပေးခြင်းလုပ်ငန်းကို (၂၂)ကြိမ်ဆောင်ရွက်ခဲ့ကြောင်း မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဌာနမှ သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# ဆောင်းသီးနှံစိုက်ပျိုးချေးငွေများ ထုတ်ချေး

**မကွေး ဒီဇင်ဘာ ၃**

မကွေးတိုင်းဒေသကြီး စလင်းမြို့၌ မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ဆောင်းသီးနှံစိုက်ပျိုးစရိတ် ချေးငွေများကို ထုတ်ချေးပေးလျက်ရှိရာ ဒီဇင်ဘာ ၂ရက်အထိ မြို့နယ်အတွင်းရှိ ဆောင်းသီးနှံစိုက်ပျိုးသည့် ကျေးရွာအုပ်စု ၁၈ အုပ်စုမှကျေးရွာအုပ်စု ခုနစ်အုပ်စုရှိ တောင်သူ ၆၇၉ ဦးအား ချေးငွေ ကျပ် ၃၀၅၅ သိန်းထုတ်ချေးပြီး ဖြစ်သည်။

ချေးငွေထုတ်ချေးရာတွင် တောင်သူတစ်ဦးချင်းအလိုက် မိမိတို့ပိုင်ဆိုင်သော ပုံစံ-(၇) မူရင်းကို မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်သို့ အပေါင်ထားရမည်ဖြစ်ပြီး ပုံစံ-(၇) ပါမြေကွက်ကို မြေစာရင်းဦးစီးဌာနမှ လက်ရှိမြေပြင်နှင့် တိုက်ဆိုင်စစ်ဆေးကာ ထောက်ခံချက်ပေးရသဖြင့် အမှုတွဲတင်ပြမှု အနည်းငယ် ကြန့်ကြာနေရကြောင်း၊ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးစရိတ် ချေးငွေကျပ် သိန်းတစ်သောင်းတစ်ထောင် ချေးပေးရန်လျာထားကြောင်းနှင့် အမှုတွဲ တင်ပြချက်ပြည့်စုံသူ တောင်သူတစ်ဦးလျှင် တစ်ဧက ငွေကျပ် တစ်သိန်းမှ ၁၀ဧက ၁၀သိန်းအထိ ထုတ်ချေးပေးမည်ဖြစ်ကာ ချေးငွေကာလမှာ အောက်တိုဘာမှ ဒီဇင်ဘာ ၃၁ရက်အထိ ဖြစ်ကြောင်း မြို့နယ်မြန်မာ့လယ်ယာစိုက်ပျိုးရေး ဘဏ်မန်နေဂျာ ဦးအေးကျော်ကပြောသည်။

**စစ်ကြည် (စလင်း)**

> ## ပင်းတယမြို့၌ ကတ္တရာလမ်း သစ်ဖွင့်
>
> **ပင်းတယ ဒီဇင်ဘာ ၃**
>
> ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် မြင်းမူးကျေးရွာ ရွာအဝင်လမ်းရပ်ရွာ လူထုအခြေပြု ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ နောက်ဆုံးပတ်က ကျင်းပခဲ့သည်။
>
> အဆိုပါ လမ်းသစ်ကို မြင်းမူးကျေးရွာ ကျောင်းထိုင်ဆရာတော် ဦးဝါယာမိန္ဒ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌဦးအာကာလင်း၊ ပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး ညွှန်ကြားရေးမှူး ဦးအေးကို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။
>
> အဆိုပါ ကျေးရွာအဝင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ကျောင်းထိုင်ဆရာတော်၏ ဩဝါဒခံယူမှုဖြင့် ကျေးရွာနေ ပြည်သူများက ကျောက်ဖိုးနှင့်လုပ်အားခ ပူးပေါင်းပါဝင်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၏ ကတ္တရာထောက်ပံ့မှု၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့မှ လိုအပ်သော စက်ယန္တရားများနှင့် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုဖြင့် ကျေးရွာသူ ကျေးရွာသားများ၏ ထည့်ဝင်လှူဒါန်းငွေကျပ် ၂၁၂၄၉၂၀၀၊ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၈-၂၀၁၉ ပထမ ခြောက်လ ဘတ်ဂျက်မှ ကတ္တရာတန်ချိန် ၂၅ တန်တို့ဖြင့် ခင်းကျင်းခဲ့သည်ဟု သိရသည်။
>
> **ခင်မျိုးနွယ် (ပင်းတယ)**

# ရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း နည်းပညာပေး သင်တန်းဖွင့်

**ကျောက်ဖြူ ဒီဇင်ဘာ ၃**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ OTOP စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသော ရေထွက်ကုန်ပစ္စည်းများထုတ်လုပ်ခြင်း နည်းပညာပေး သင်တန်းကိုနိုဝင်ဘာလနောက်ဆုံးပတ်က အဝတောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ရာ ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများက သင်တန်းပို့ချပေးပြီး သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ကြသည်။

ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝမြှင့်တင်ရေး၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ မြစိမ်းရောင်စီမံကိန်းများ ဆောင်ရွက်ခြင်း၊ လူထုဗဟိုပြုစီမံကိန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ပေးသောကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်မည်ဖြစ်ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၃-၁၂-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၁၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၅၂၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၁၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၅၂၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၉၅/၁၀၁၀ ကျပ် | ၁၀၁၀/၁၀၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၀/၁၀၂၅ ကျပ် | ၁၀၃၅/၁၀၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀/၈၅၅ ကျပ် | ၉၀၀/၉၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၉၅/၉၂၅ ကျပ် | ၉၆၀/၁၀၀၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၇၃ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၈၃ ・ ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၄၈ ・ ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၀၇ ・ ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၈၄ ・ ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၅၆ ・ ၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၅ ・ ၉၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ ・ ၅၈၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၄၁ ・ ၀၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၆ ・ ၄၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ ・ ၈၈၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး(တာဝန်)** - ဝင်းကျော်
**စာတည်းမှူး** - မြင့်ဆွေ (သတင်းထောက်ချုပ်)
**စာတည်းများ** - ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# သုတေသနထုံးနှင့် သုတေသနစာတမ်း

မောင်သာ(ရှေးဟောင်းသုတေသန)

စာပေကို ချစ်မြတ်နိုးသည့် စာဖတ်သူများတိုးပွားလာစေရန် ရည်ရွယ်လျက် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် မြို့နယ်စာရေးဆရာအသင်းများ၊ စာပေချစ်မြတ်နိုးသူများ ဖွဲ့စည်းထားသည့် Book Club များနှင့် ပူးပေါင်းကာ စာဖတ်ဝိုင်းများ၊ စာပေစကားဝိုင်းများ၊ စာတမ်းဖတ်ပွဲများကို ကျင်းပလျက်ရှိသည်။ ယင်းဆောင်ရွက်မှုကို အားပေးမှုတစ်ရပ်အဖြစ် မင်္ဂလာဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ နောက်ဆုံးရက်သတ္တပတ်က ကျင်းပခဲ့သည့် စာတမ်းဖတ်ပွဲတွင် သုတေသနထုံးနှင့် သုတေသနစာတမ်းများ ခေါင်းစဉ်ဖြင့် စာတမ်းတစ်စောင်ကို ကျွန်တော် ဖတ်ကြားခဲ့ပါသည်။

**သုတေသန**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူနေမှုဘဝများ တိုးတက်မြင့်မားရေးတွင် ပညာရပ်ဆိုင်ရာသုတေသနလုပ်ငန်းများသည် အရေးကြီးသောကဏ္ဍတွင် ပါဝင်လျက်ရှိသည်။ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတိုင်း၌ ပညာရပ်နယ်ပယ်ပေါင်းစုံတွင် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေကြပေသည်။

သုတေသနလုပ်ငန်းကို အကြမ်းအားဖြင့် သိပ္ပံပညာရပ်ဆိုင်ရာသုတေသနနှင့် ဝိဇ္ဇာပညာရပ်ဆိုင်ရာသုတေသနဟုခွဲခြားနိုင်ပြီး သိပ္ပံပညာသုတေသနလုပ်ငန်း အများစုကို ဓာတ်ခွဲခန်းများတွင် ပြုလုပ်ခြင်းဖြင့် ပစ္စည်းအသစ်များ၊ အယူအဆသစ်များ ထွက်ပေါ်လာလေ့ရှိသည်။ ဝိဇ္ဇာပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများကို ကျောက်စာ၊ ပေစာ၊ မင်စာ၊ အိုးစာ၊ ပုရပိုက်စာ၊ ပုံနှိပ်စက္ကူစာ အထောက်အထားများ၊ ရုပ်ပုံပန်းချီများ၊ ရုပ်တု၊ ပန်းပုရုပ်စသည်တို့ကို ကွင်းဆင်းရာတွင် တွေ့ရှိသည့် အထောက်အထားများနှင့် ပေါင်းစပ်သုတေသနပြုကြရသည်။ တစ်ခါတစ်ရံတွင် လက်တွေ့ကွင်းဆင်းရာမှ တွေ့ရှိရသည့် ရုပ်ဝတ္ထုပစ္စည်း အပိုင်းအစများကို သိပ္ပံနည်းကျဓာတ်ခွဲစမ်းသပ်ရခြင်းများကိုလည်း ပြုလုပ်ရပေသည်။

သုတေသီများသည် မိမိတို့၏ သုတေသနတွေ့ရှိချက်များကို စာတမ်းရေးသားပြုစုကာ မိမိသုတေသနပြုသည့် ဘာသာရပ်၏ ရှေ့ကြောင်း၊ နောက်ကြောင်း၊ အသစ်တွေ့ရှိမှု၊ အယူအဆဟောင်းကို ပြင်ဆင်လိုမှု၊ အဓိပ္ပာယ်အသစ်ဖွင့်ဆိုလိုမှု၊ ဖြည့်စွက်လိုမှုစသည်တို့ကို ပညာရှင်များထံမှောက်၌ ဖတ်ကြားခြင်း၊ ပညာရပ်ဆိုင်ရာ သုတေသနစာစောင်များတွင် ရေးသားခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းတို့ကို ဆောင်ရွက်ကြရသည်။ အများအားဖြင့် သုတေသန စာတမ်းများကို စာတမ်းဖတ်ပွဲများတွင် ဖတ်ကြား၍ ပညာရှင်များ၏ ဝေဖန်အကဲဖြတ်မှုကို ခံယူကြရသည်။

တက္ကသိုလ်အသီးသီးတွင် မဟာဘွဲ့နှင့်အထက် သင်တန်းသားများသည် သုတေသန စာတမ်းများမရေးမီ မိမိတို့ပြုလုပ်မည့် သုတေသန လုပ်ငန်း၊ အစီအစဉ်နှင့် အကိုးအကားပြုလုပ်မည့် ကျမ်းများ တင်ပြ၍ ပညာရပ်ဆိုင်ရာ ပါမောက္ခနှင့်ပြင်ပပညာရှင်များထံမှောက်တွင် အတည်ပြုချက်ယူကြရသည်။ စာတမ်းရေးသားပြီး အခန်းတစ်ခန်းပြီးတိုင်း ဖတ်ကြားကာ အစစ်ဆေးခံယူကြရသည်။ ကျမ်းတစ်ခုလုံး ရေးသားပြီးချိန်တွင် ကျမ်းတစ်စောင်လုံးကို ဖတ်ကြားပြီး အတည်ပြုချက်ရရှိပြီးမှသာ ကျမ်းကို ပုံနှိပ်၍ တင်သွင်းကြရသည်။

**သုတေသနထုံး**

သုတေသနသည် ပါဠိစကားလုံးသုတနှင့် သေနကို ပေါင်းစပ်ထားသည့် ဝေါဟာရဖြစ်ကာ သုတ (အကြားအမြင်ပညာ)၊ သေန (ရှာမှီးခြင်း)ဟု အဓိပ္ပာယ်ရှိသည်။ သုတေသနပြုသည့် ပုဂ္ဂိုလ်သည် သုတေသီဖြစ်ကာ သုတ (အကြားအမြင်ပညာ) ကို သေီ (ရှာမှီးသူ) ဟု အနက်ဖွင့်ဆိုသည်။

မြန်မာအဘိဓာန်တွင်မူ သုတေသနကို တစ်စုံတစ်ခုကို ခြေခြေမြစ်မြစ်သိရှိရန် စူးစမ်းရှာဖွေခြင်း၊ သုတေသီကို သုတေသန ပြုသူဟု ရိုးရှင်းစွာ ဖွင့်ဆိုသည်။

အင်္ဂလိပ်ဝေါဟာရ Research (သုတေသန) သည် ပြန်လည်ရှာဖွေခြင်းဖြစ်သဖြင့် သမိုင်းသုတေသီ ဆရာမကြီးဒေါ်ကြန်က Research ဟူသည့် ဝေါဟာရကို ရှေးရှေးက ရှိခဲ့ပြီး တိမ်မြုပ်နေသည်ကို ရှာဖွေဖော်ထုတ်ခြင်းဟု အနက်ဖွင့်ဆိုခဲ့သည်။

မျက်မှောက်ခေတ်တွင် ပညာရေးဆိုင်ရာ လိုအပ်ချက်အရဖြစ်စေ၊ လုပ်ငန်းလိုအပ်ချက်အရဖြစ်စေ၊ ဝါသနာအရဖြစ်စေ သုတေသနလုပ်ငန်းများကိုဆောင်ရွက်ကာ သုတေသနစာတမ်းများကို ရေးသားနေကြသော်လည်း အချို့သော စာတမ်းများသည် သုတေသနစံထုံးများနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိကြရသည်။




တစ်ဦးတစ်ယောက်က တင်ပြခဲ့ဖူးသည့် အချက်အလက်များကို စုစည်း၍ ပြန်လည်ကူးယူတင်ပြထားသည့် သုတေသနအမည်ခံ စာတမ်းများတွင် စာတမ်းရေးသူသည် စာတမ်းသုံးသပ်ချက်ဖြစ်သည့် Conclusion တွင် မိမိကိုယ်တိုင် တွေ့ရှိချက်များကို ဖော်ပြနိုင်ခြင်း မရှိကြပါချေ။ အခြားသူ၏ စာများကို ကူးယူထားသော မိမိကိုယ်ပိုင် သုတေသနမဟုတ်သည့် စာတမ်းများတွင် မိမိစိတ်ကူးကို ပုံဖော်ရန် အချက်အလက်များကို ဘက်လိုက်ရေးသားခြင်း၊ လုံလောက်သော အချက်အလက်များ မရှာဖွေနိုင်ခြင်း၊ တစ်ဆင့်ခံ အချက်အလက်များကို စိစစ်ခြင်း မရှိဘဲ အသုံးပြုခြင်း၊ သုတေသနမေးခွန်း မထုတ်နိုင်ခြင်းနှင့် အနုမာနအယူအဆကို မတင်ပြနိုင်ခြင်းတို့ကို တွေ့ရှိကြရသည်။

**သုတေသန အထောက်အထား**

သုတေသီတစ်ဦးသည် သုတေသနလုပ်ငန်းကို ရွေးချယ်ရာတွင် အများစိတ်ဝင်စားမှုနည်းလွန်းသည့် အကြောင်းအရာ၊ အထောက်အထား အကိုးအကား အလွန်နည်းပါးသည့် အကြောင်းအရာ၊ ကျယ်ပြန့်လွန်း သို့မဟုတ် ကျဉ်းမြောင်းလွန်းသည့် အကြောင်းအရာများနှင့် အငြင်းအခုံများ ကြီးမားစွာဖြစ်ပေါ်လာနိုင်မည့် အကြောင်းအရာမျိုးကို ရှောင်ကြဉ်သင့်သည်။

သုတေသနမပြုမီ မိမိသုတေသနနှင့် စပ်ဆိုင်သည့် အထောက်အထားများကို စုစည်းရန် ပုံနှိပ်အထောက်အထားများနှင့် ပုံမနှိပ်ရသေးသည့် အထောက်အထားများကို ဖတ်ရှု၍ စနစ်တကျစာရင်းတင်၍ မှတ်စုပြုကြရသည်။ မှတ်စုကို အကြောင်းအရာအလိုက်၊ ခေတ်ကာလအလိုက်၊ အခန်းလိုက် ရေးသားထားခြင်းဖြင့် စာတမ်းပြုစုချိန်တွင် များစွာအထောက်အကူဖြစ်စေသည်။

စာပေအထောက်အထားကို အလွယ်ဆုံးစုဆောင်းနိုင်သည့် နေရာသည် စာကြည့်တိုက်များနှင့် မော်ကွန်းတိုက်များဖြစ်ကြသည်။ စာကြည့်တိုက်များတွင် စာအုပ်အမျိုးမျိုးကို ကက်တလောက်များဖြင့် စုစည်းထားသဖြင့် စာအုပ်အမည် သို့မဟုတ် စာရေးသူအမည်ကိုသိလျှင် အလွယ်တကူရှာဖွေနိုင်သည်။ ထို့အတူ စာကြည့်တိုက်ကြီးများတွင် မိမိရှာဖွေလိုသည့် ပေ၊ပုရပိုက် မှတ်တမ်းများကိုဖတ်ရှု လေ့လာနိုင်ကြသည်။ မော်ကွန်းတိုက်များတွင်မူ သမိုင်းအချက်အလက်ဆိုင်ရာ မှတ်တမ်းများကို ဖတ်ရှု၍ မိမိတို့လိုအပ်သည့် အထောက်အထားများကို ရယူနိုင်ကြသည်။ ရုပ်ဝတ္ထုပစ္စည်း အထောက်အထားများကို ပြတိုက်များနှင့် ပုဂ္ဂလိက စုဆောင်းသူများထံတွင် လေ့လာ စုဆောင်းကြရသည်။

မျက်မှောက်ခေတ်တွင် အင်တာနက်ကို အလွယ်တကူ သုံးစွဲနိုင်ကြသဖြင့် အထောက်အထား အကိုးအကားများ ရှာဖွေခြင်းသည် ပိုမိုလွယ်ကူလျင်မြန်လာခဲ့သည်။ မိမိသိလိုသည့် အကြောင်းအရာကို (အထူးသဖြင့် အင်္ဂလိပ်ဘာသာစကားဖြင့်) အင်တာနက်တွင် ရှာဖွေနိုင်ကြသည်။

မိမိပြုလုပ်မည့် သုတေသနလုပ်ငန်းနှင့် ဆက်နွှယ်သည့် အကြောင်းအရာကို ရေးသားခဲ့သူများ၊ ဂဃနဏ သိရှိထားသူဟု ယူဆထားသူများကို တွေ့ဆုံမေးမြန်းကာ အချက်အလက်များစုဆောင်းရသည်။ တွေ့ဆုံမေးမြန်း အချက်အလက်စုဆောင်းခြင်းကို ကွင်းမဆင်းမီသာမက ကွင်းဆင်းနေစဉ်တွင်လည်းဆောင်ရွက်ကြရသည်။

**ကတ်တင်ခြင်း**

သုတေသီများသည် မိမိတို့စုဆောင်းထားသမျှ စာပေအထောက်အထားများကို အလွယ်တကူ ပြန်လည်ရှာဖွေနိုင်ရန် ကတ်တင်စနစ်ကို အသုံးပြုကြရသည်။ မိမိဖတ်ရှုထားသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ကတ်ပြားငယ်တစ်ခုပေါ်တွင် ရေးသားမှတ်သားထားခြင်းကို ကတ်တင်ခြင်းဟု ခေါ်ဆိုသည်။

အလျား ငါးလက်မ၊ အနံ သုံးလက်မ အရွယ်ရှိ ကတ်ထူစက္ကူများပေါ်တွင် အချက်အလက်များကို စနစ်တကျရေးသား၍ အက္ခရာစဉ်ထားခြင်းဖြင့် သုတေသနကျမ်းပြုစုရာတွင် များစွာ အထောက်အကူဖြစ်စေသည်။ ကတ်ပြားအရွယ်ကို ယေဘုယျအားဖြင့် အလျား ငါးလက်မ၊ အနံ သုံးလက်မဟု သတ်မှတ်ထားသော်လည်း ရေးမှတ်ရန်အကြောင်းအရာများပါက အရွယ်ပိုကြီးသော ကတ်ပြားများကို အသုံးပြုနိုင်သည်။

ကတ်ပြား၏ လက်ဝဲဘက်အပေါ်ထောင့်တွင် စာရေးသူအမည်ကို ရေးသား၍ ကတ်ပြားအလယ်တွင် မိမိဖတ်ရှုခဲ့သည့် စာအုပ်၊ စာတမ်း၊ ကျမ်းအမည်နှင့် စာအုပ်ကို ပုံနှိပ်ခဲ့သည့် မြို့၊ ပုံနှိပ်တိုက်အမည်၊ ပုံနှိပ်သည့် ခုနှစ်သက္ကရာဇ်၊ အတွဲ၊ အပိုင်းတို့ကို ရေးမှတ်ကြရသည်။

ကတ်ပြား၏ လက်ဝဲဘက်အောက်ထောင့်တွင် ယင်းစာအုပ်ကို တွေ့ရှိခဲ့သည့် နေရာ၊ စာကြည့်တိုက်စသည့် အမည်ကို ရေးသွင်း၍ လက်ယာဘက်တွင် စာအုပ်မှ အရေးကြီးသည့် အကြောင်းအရာအကျဉ်းကို မှတ်သားထားရသည်။

တစ်ခါတစ်ရံတွင် အရေးကြီးသော အချက်များ မှတ်သားရန်ကတ်တစ်ခုနှင့် မလုံလောက်ပါက နောက်ကတ်တစ်ခုကို တွဲကာ ကတ်အလယ်တွင် မိမိအထူးပြုလိုသည့် အကြောင်းအရာများကို ရေးမှတ်ထားနိုင်သည်။ (ဥပမာ- ခုံးဆောင်၊ ရွှေအင်ပင်၊ မန္တလေးဟု ရေးထားခြင်းဖြင့် မန္တလေးမြို့ရှိ ရွှေအင်ပင်ဘုန်းတော်ကြီးကျောင်းမှ ခုံးဆောင်အကြောင်းကို ဖော်ပြထားကြောင်း အလွယ်တကူ မှတ်မိနိုင်ပေသည်။) ကတ်များကို ထိပ်တွင်အပေါက်ဖောက်၍ ပိတ်ကြိုးဖြင့် သီကာ စုစည်းထားကြရသည်။

**သုတေသန အထောက်အကူပြု ပစ္စည်းများ**

စာပေဆိုင်ရာ အချက်အလက်များ၊ လူပုဂ္ဂိုလ်များနှင့် တွေ့ဆုံမေးမြန်းထားသည့် အချက်အလက်များကို စုဆောင်းပြီးချိန်တွင် ကွင်းဆင်းရန်စီစဉ်ရသည်။ ဥပမာအားဖြင့် ရှေးဟောင်းသုတေသနသုတေသီတစ်ဦးသည် တောစီးဖိနပ်၊ ပေတံ၊ ပေကြိုး၊ ပေဘူး၊ တူးဆွရန် ပေါက်တူး၊ ပေါက်ချွန်းငယ်များ၊ လက်ကိုင်မှန်ဘီလူး၊ အသံဖမ်းစက်၊ လက်နှိပ်ဓာတ်မီး၊ ကင်မရာ စသည်ဖြင့် ကွင်းဆင်းရာတွင် လိုအပ်မည့်အရာများကို စုစည်းယူဆောင်သွားရသည်။

ယခုအခါတွင် လက်ကိုင်ဖုန်းများဖြင့် အရည်အသွေးကောင်းမွန်သော ဓာတ်ပုံများရိုက်ကူးနိုင်ပြီဖြစ်သဖြင့် အချို့က ကင်မရာများကို သယ်ယူခြင်း မရှိကြတော့ချေ။ သို့သော် နံရံဆေးရေးပန်းချီများကဲ့သို့ အသေးစိတ်ရိုက်ကူးရန် လိုအပ်သည့်ပုံများကို ဖုန်းကင်မရာဖြင့် ရိုက်ကူးလျှင် အရည်အသွေးကောင်းမည်မဟုတ်သဖြင့် ဆွဲအားကောင်းသော ကင်မရာကို ယူဆောင်သွားသင့်ကြပေသည်။

ကွင်းဆင်းရာတွင် တွေ့ရှိရမည့် အချို့ပစ္စည်းများကို သိမ်းဆည်းနိုင်ရန် ပိတ်အိတ်နှင့် စက္ကူအိတ်အချို့၊ မှတ်တမ်းရေးသားရန် စာရေးစက္ကူများ၊ မှတ်စုစာအုပ်၊ လိုအပ်လျှင် ကျောက်စာများကို မင်ကူးနိုင်ရန် မိုင်းခံ စက္ကူနှင့် မင်ဘူး၊ ဝက်မှင်ဘီး၊ စွပ်ကျယ်စ စသည်တို့ကိုလည်း မမေ့မလျော့ ယူဆောင်သွားရန် လိုအပ်သည်။

**လက်တွေ့ကွင်းဆင်းသုတေသန**

ကွင်းဆင်းသုတေသနပြုသူတစ်ဦးသည် တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်မည့် သုတေသနလုပ်ငန်းဖြစ်ပါက ကွင်းဆင်းဆောင်ရွက်ရာတွင် အနည်းဆုံး အဖော်တစ်ယောက်ကို ခေါ်ဆောင်သွားသင့်သည်။ ထိုသူက မိမိနှင့်အတူ လိုအပ်ချက်များကို ဝိုင်းဝန်းလုပ်ဆောင်ပေးခြင်းဖြင့် သုတေသနခရီးကို ထိရောက် လျင်မြန်စေမည်ဖြစ်သည်။

မိမိဆောင်ရွက်မည့် သုတေသန နယ်မြေသို့ ရောက်လျှင် မည်သည့်လုပ်ငန်းများကို မည်သို့ဆောင်ရွက်မည်ဟူသည့် အစီအစဉ်ကို ကြိုတင်ရေးဆွဲထားရမည်ဖြစ်သည်။ ဥပမာအားဖြင့် ပုဂံသို့ သုတေသနကွင်းဆင်းသွားသူတစ်ဦးသည် မိမိသုတေသနပြုမည့် ဘုရားစေတီများကို အစဉ်လိုက်ရေးသား၍ မည်သည့်ဘုရားတွင် မည်သည့်အကြောင်းအရာကို လေ့လာမည်ဆိုသည်ကို ကြိုတင်ရေးမှတ်ထားရသည်။ မည်သူနှင့် တွေ့ဆုံမည်၊ မည်သူ့ထံမှ ခွင့်ပြုချက်ယူရမည် စသည်တို့ကို ကြိုတင်စဉ်းစားထားကြရသည်။

တစ်ခါတစ်ရံ၌ ကြိုတင်စဉ်းစားစီစဉ်ထားခြင်းမရှိသည့် အကြောင်းကိစ္စများကိုလည်း ဆောင်ရွက်ကြရသည်။ ဥပမာအားဖြင့် မိမိမျှော်လင့်မထားသည့် ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ကြုံတွေ့ရခြင်း၊ မိမိမှတ်စုတွင်မပါရှိသည့် အကြောင်းအရာသစ်၊ ပစ္စည်းသစ်များကို တွေ့ရှိရခြင်းစသည်တို့ ဖြစ်ပါသည်။

ကွင်းဆင်းခရီးရောက်ရှိသည့် နေရာများတွင် မိမိစီစဉ်ထားသည့် အစီအစဉ်အတိုင်း တိုင်းထွာခြင်း၊ ရေးကူးခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊ မေးမြန်းခြင်းတို့ကို ဆောင်ရွက်ရသည်။မိမိဆောင်ရွက်သမျှတို့ကိုလည်း အချိန်၊ နေရာနှင့်တကွ မှတ်တမ်းတိုများရေးသားကာ တွေ့ဆုံမေးမြန်းမှုများတွင် အသံဖမ်းထားခြင်းဖြင့် အချက်အလက်အားလုံးကို ပြန်လည်နားထောင်နိုင်မည်ဖြစ်သည်။

မိမိရောက်ရှိ တွေ့ဆုံခဲ့သူတိုင်းကို ကျေးဇူးစကားဆိုကာ ဖုန်းနံပါတ်များ တောင်းယူထားရန်လည်း လိုအပ်သည်။ သို့မှသာ စာတမ်းကို ရေးသားချိန်တွင် မေးမြန်းရန်လိုအပ်ပါက ဖုန်းဖြင့်ဆက်သွယ်၍ အလွယ်တကူ မေးမြန်းနိုင်မည် ဖြစ်ပေသည်။

ကွင်းဆင်းခရီးမှာပင် မိမိသံသယရှိသည့် အချက်များ၊ မရှင်းလင်းသော အချက်အလက်များ၊ မိမိရှာဖွေလိုသော အထောက်အထားများကို စုဆောင်းကြရသည်။တစ်ခါတစ်ရံတွင် မိမိဖတ်ထားသော စာနှင့်လက်တွေ့မြင်တွေ့မှု ကွဲလွဲနေမှုများနှင့် ကြုံတွေ့ရနိုင်ပြီး ကိုယ်တွေ့မျက်မြင်ကိုသာ အထောက်အထားပြုကြရပေသည်။

*စာမျက်နှာ ၁၉ သို့*

**မျက်မှောက်ခေတ်တွင် ပညာရေးဆိုင်ရာ လိုအပ်ချက်အရ ဖြစ်စေ၊ လုပ်ငန်းလိုအပ်ချက်အရဖြစ်စေ၊ ဝါသနာအရဖြစ်စေ သုတေသနလုပ်ငန်းများကို ဆောင်ရွက်ကာ သုတေသနစာတမ်းများကို ရေးသားနေကြသော်လည်း အချို့သော စာတမ်းများသည် သုတေသနစံထုံးများနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိကြရသည်။တစ်ဦးတစ်ယောက်က တင်ပြခဲ့ဖူးသည့် အချက်အလက်များကိုစုစည်း၍ ပြန်လည်ကူးယူတင်ပြထားသည့် သုတေသန အမည်ခံစာတမ်းများတွင် စာတမ်းရေးသူသည် စာတမ်းသုံးသပ်ချက်ဖြစ်သည့် Conclusion တွင် မိမိကိုယ်တိုင် တွေ့ရှိချက်များကို ဖော်ပြနိုင်ခြင်း မရှိကြပါချေ။**

# ဖုန်ကန်ရာဇီ ရေခဲတောင်ဒေသ သန့်ရှင်းရေးဆောင်ရွက်သူများ ပြန်လည်ရောက်ရှိ

**ပူတာအို ဒီဇင်ဘာ ၃**
သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတများကို မြတ်နိုးတန်ဖိုးထားသော ဒေသခံ တိုင်းရင်းသားပြည်သူများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများစုဖွဲ့ပါဝင်သည့် ရေခဲတောင်ဒေသ သာယာလှပရေး စေတနာဝန်ထမ်းအဖွဲ့သည် ဖုန်ကန်ရာဇီ ရေခဲတောင်ဒေသ တောလမ်းနှင့် တောင်တက်လမ်းတစ်လျှောက် ပလတ်စတစ်နှင့် အခြားစွန့်ပစ်အမှိုက်များ ရှင်းလင်းပြီး နိုဝင်ဘာလ နောက်ဆုံးပတ်က ပြန်လည်ရောက်ရှိလာကြကြောင်း သိရသည်။

ကချင်ပြည်နယ် ပူတာအိုမြို့နယ် ဖုန်ကန်ရာဇီ၊ ဖုန်ရင်ရာဇီ၊ ဖန်ဂရမ်ရာဇီ၊ လွှင်ခရူမတင် အစရှိရေခဲတောင်များနှင့် အခြားများပြားလှသော ရေခဲတောင်များပါဝင်ဖွဲ့စည်းထားသော မြန်မာပြည်မြောက်ဖျားပိုင်း ရေခဲတောင်ဒေသသည် မြန်မာနိုင်ငံ၏ ရေချိုအရင်းအမြစ်များ စတင်ရာဒေသဖြစ်ကြောင်း၊ ယခုအခါ လူသိများလာသည်နှင့်အမျှ တောင်တက်ခရီးသွား ဧည့်သည်များ လာရောက်ကြပြီး ပြည်ပခရီးသွားဧည့်သည်များကို ခွင့်ပြုမှုရပ်ဆိုင်းထားကြောင်း သိရသည်။

“ပလတ်စတစ် စွန့်ပစ်ပစ္စည်းတွေ အများဆုံးကတော့စားသောက်ကုန်ထုပ်ပိုးပစ္စည်းတွေပါ။ လိုက်လံကောက်ယူစုဆောင်းပြီး ကျင်းတူးပြီး မီးရှို့ပါတယ်။ တောမီးလောင်မှု မဖြစ်ပွားအောင်လည်း လူစောင့်နှင့် မီးရှို့ပြာကျမီးငြိမ်းသွားမှ ကျင်းကိုမြေဖို့ခဲ့ပါတယ်” ဟု ခရီးစဉ်တွင် လိုက်ပါခဲ့သူ ဦးပီတာ ထွန်းထွန်းဝင်းက ပြောသည်။

ဖုန်ကန်ရာဇီဒေသကိုသဘာဝဘေးမဲ့တောအဖြစ်သတ်မှတ်ထားသဖြင့် တောခုတ်ခြင်း၊ အမဲလိုက်ခြင်းများကို ခွင့်မပြုကြောင်း၊ ပြည်ပခရီးသွားဧည့်သည်များကို ပူတာအိုမြို့တွင်းသာ လည်ပတ်ခွင့်ပြုသည့်အတွက် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်အလုပ်အကိုင်များ ရပ်ဆိုင်းနေကြောင်း၊ ဒေသခံရွာသားများအနေဖြင့် တောကိုလုံးဝမှီခိုနေရသောအခါ တောနေသတ္တဝါများ မျိုးတုံးအန္တရာယ်မကျရောက်သေးသော်လည်း ယခင်ကလောက်မများတော့ကြောင်း၊ သဘာဝဘေးမဲ့တောအဖြစ် ကန့်သတ်ကာကွယ်ထားသော်လည်း ဒေသတွင်းနေရွာသူရွာသားများမှာ ဝမ်းရေးအတွက်သစ်ခုတ်ခြင်း၊ ဆေးမြစ်တူး အမဲလိုက်ခြင်းများကိုသာ လုပ်ဆောင်ရကြောင်း ဒေသခံတစ်ဦးဖြစ်သူ ဦးအားဖုံက ပြောသည်။



တောတောင်ထူထပ်၍ မှတ်တမ်းတင်သုတေသနမပြုရသေးသော သစ်ပင်ပန်းမန်များ၊ သစ်ခွနှင့်ဆေးပင်ဆေးမြစ်များ၊ လိပ်ပြာ၊ အင်းဆက်၊ ငှက်များ၊ တောရိုင်းတိရစ္ဆာန်များနှင့် ပြည့်နေသော ဖုန်ကန်ရာဇီရေခဲတောင်ဒေသကို ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ၊ နိုင်ငံတော်အတွက် နိုင်ငံခြားသုံးငွေများ ရှာဖွေပေးမည့် သဘာဝအခြေခံခရီးသွားရပ်ဝန်းအဖြစ် သက်ဆိုင်ရာမှ စီမံဖော်ဆောင်ပေးရန်လည်း ဒေသခံများက လိုလားနေကြကြောင်း သိရသည်။

**ပိန်းဇလုပ်သိန်းညွန့်၊ ကိုကိုနေ၊**
**ဓာတ်ပုံ - မိုးမင်းသိန်း (ပူတာအို)**

# မောင်တောမြို့တွင် ကျွမ်းကျင်သက်မွေးဝမ်းကျောင်းပြုဆိုင်ရာ ဆိုင်ကယ်ပြင်၊ စက်ပြင်သင်တန်းဖွင့်

**မောင်တော ဒီဇင်ဘာ ၃**
ရခိုင်ပြည်နယ် မောင်တောမြို့တွင် ဒီဇင်ဘာ ၁ ရက်က အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်ပြင်၊ စက်ပြင်သင်တန်းဖွင့်ပွဲ အခမ်းအနားကို မောင်တောမြို့ (၄)မိုင်ကျေးရွာအုပ်စု ငွေတောင်ကျေးရွာတွင် ပြုလုပ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်ကျေးလက်ဦးစီးမှူး ဦးထွန်းလှိုင် တက်ရောက်ကာ မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသိန်းထွန်းက အမှာစကားပြောကြားရာတွင် သင်တန်းမှ သင်ကြားပို့ချပေးသော ပညာရပ်များကို သင်ကြားတတ်မြောက်ခြင်းအားဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေကာ မိသားစုတစ်ပိုင်တစ်နိုင်ဝင်ငွေတိုးတက်လာစေမည် ဖြစ်ကြောင်းနှင့် ကျေးလက်နေပြည်သူများ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူရရှိနိုင်ရေး ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ဆိုင်ကယ်ပြင်၊ စက်ပြင်သင်တန်းတွင် သင်တန်းသားဦးရေ ၂၀ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး နည်းပြဆရာနှစ်ဦးက စာတွေ့လက်တွေ့ သင်ကြားပေးကာ သင်တန်းကာလမှာ ၁၅ ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သက်လွင်စိုး (ပြန်/ဆက်)**



# စေတုတ္တရာမြို့နယ်တွင် ချင်းအမျိုးသားနေ့ အကြိုအခမ်းအနား ကျင်းပမည်

**စေတုတ္တရာ ဒီဇင်ဘာ ၃**
ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျရောက်မည့် ချင်းအမျိုးသားနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချင်းအမျိုးသားနေ့ အကြိုအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက်တွင် စေတုတ္တရာမြို့နယ်၊ ကျန်စိမ့်ကျေးရွာတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ချင်းအမျိုးသားနေ့ အကြိုအခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာလ နောက်ဆုံးပတ်က စေတုတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ချင်းအမျိုးသားနေ့အကြို အခမ်းအနားဖြစ်မြောက်ရေး စီစဉ်ဦးဆောင်သူ ဦးတင်မင်းလှိုင်က အမှာစကားပြောကြားခဲ့ပြီး လုပ်ငန်းစဉ်များနှင့် အခမ်းအနားကျင်းပမည့် နေ့ရက်နှင့် နေရာဒေသများကို ဆွေးနွေးခဲ့ရာ ချင်းအမျိုးသားနေ့ အကြိုအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက်တွင် စေတုတ္တရာမြို့နယ် ကျန်စိမ့်ကျေးရွာတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။

**မျိုးမြတ် (မင်းဘူး)**

# တောင်ငူမြို့နယ်လုံးဆိုင်ရာ သံဃာ့ဒါနဆွမ်းဆန်တော်လောင်းလှူပွဲတော်ကြီး ကျင်းပ

**တောင်ငူ ဒီဇင်ဘာ ၃**
ပဲခူးတိုင်းဒေသကြီး ပဉ္စမအကြိမ် တောင်ငူမြို့နယ်လုံးဆိုင်ရာ သံဃာ့ဒါနဆွမ်းဆန်တော်လောင်းလှူပွဲတော်ကြီးကို ဒီဇင်ဘာ ၂ ရက် (အမျိုးသားအောင်ပွဲနေ့) က တောင်ငူမြို့၌ ကျင်းပရာ ရွှေဆံတော်ဘုရား အရှေ့မုခ်ဦးမှ စတင်၍ ဗိုလ်မှူးဖိုးကွန်းလမ်းအတိုင်း နှစ်(၅၀၀) ပြည့် (တောင်ငူ) ကေတုမတီ မြို့တည်နန်းတည် မုခ်ဦးအထိ အလှူမဏ္ဍာပ်ပေါင်း ၃၁၅ ခုတို့ဖြင့် ဆွမ်းဆန်တော်များနှင့်တကွ အခြား ဒါတဗ္ဗဝတ္ထုလှူဖွယ်ပစ္စည်း အစုစုစုစုပေါင်း တန်ဖိုးငွေကျပ်သိန်း ၁၈၀၀ ကျော်ဖိုး လောင်းလှူပူဇော်ခဲ့ကြကြောင်း သိရသည်။

သံဃာ့ဒါနဆွမ်းဆန်တော်လောင်းလှူပွဲတွင် တောင်ငူမြို့ပေါ်ရှိ ကျောင်းတိုက် ၁၀၀ ကျော်တို့မှ ပရိယတ္တိ၊ ပဋိပတ္တိ သာသနာတော်ကို ထမ်းဆောင်တော်မူကြကုန်သော ဆရာတော် သံဃာတော်ကြီးများ၊ ရဟန်းသာမဏေများ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများ စုစုပေါင်းအပါး၁၈၀၀ကျော် အပူဇော်ခံ၊ အကြည်ညိုခံ ကြွရောက်အလှူခံတော်မူခဲ့ကြကြောင်း သိရသည်။

ဤပွဲတော်ကြီးကို ထေရ်ကြီးဝါကြီး သက်တော်ရှည် ဆရာတော်ကြီးများ၏ မိန့်ကြားချက်ဖြင့် ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြီးကြပ်ဦးဆောင်ကာ ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဘာသာရေးဆိုင်ရာနှင့် ပရဟိတအဖွဲ့အစည်းတို့မှ စုပေါင်း၍ မြို့ကျက်သရေဆောင် ဘာသာရေးပွဲကြီးတစ်ခုအနေဖြင့် နှစ်စဉ်အစဉ်အလာမပျက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်လှ (တောင်ငူ)**

## ထာဝရကုသိုလ်ရယူဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

*စာမျက်နှာ ၁၈ မှ*

**သုတေသန စာတမ်းရေးသားခြင်း**

စာအထောက်အထား၊ ကွင်းဆင်းအထောက်အထားများကို စုဆောင်းပြီးလျှင် သုတေသနစာတမ်းကို ရေးသားပြုစုကြရသည်။ သုသေတနစာတမ်းသည် ရသစာပေ မဟုတ်သကဲ့သို့ စာနယ်ဇင်းများတွင် ရေးသားသည့် ဆောင်းပါးလည်း မဟုတ် သဖြင့် စာတမ်းမရေးသားမီ အောက်ပါအချက်များကို သတိမူရမည်ဖြစ်သည်။

၁။ ဖွဲ့နွဲ့ရေးသားခြင်းများကို ရှောင်ကြဉ်ရမည်။ ၂။ အကြောင်းအရာများကို ရှင်းလင်းကျစ်လျစ်သော ဝါကျများဖြင့် ရေးသားရမည်။ ၃။ ပညာရပ်ဆိုင်ရာ ဝေါဟာရများကို ရှင်းလင်းချက်ပေးရမည်။ ၄။ စာတမ်း၏ စာမျက်နှာတိုင်းတွင် အောက်ခြေ မှတ်စု (Footnote) များ ထည့်သွင်းရမည်။ ၅။ စာတမ်း၏ အစတွင် စာတမ်းပါ အကြောင်းအရာ အကျဉ်းချုပ် (Abstract)ကို စာတစ်မျက်နှာအတွင်းခြုံငုံရေးသားရမည်။ ၆။ စာတမ်း၏ အဆုံးတွင် မိမိ၏ သုံးသပ်ချက် (Conclusion) ကို မဖြစ်မနေ ဖော်ပြရမည်။ ၇။ မိမိ အကိုးအကားပြုခဲ့သည့် စာအုပ်စာတမ်းများ (Bibliography) ကို အက္ခရာစဉ်အလိုက် ဖော်ပြရမည်။ ၈။ ရုပ်ပုံကားချပ်များ၊ ဆွဲပုံများ၊ ဇယားချပ်များနှင့် ဓာတ်ပုံများကို နောက်ဆက်တွဲ (Appendex) တွင် ဖော်ပြရမည်။ ၉။ အထူးသဖြင့် စာတမ်းကို မြန်မာဘာသာဖြင့် ရေးသားပါက စကားပြောဖြင့် မရေးသားရဘဲ စကားပြေအရေးအသားဖြင့်သာ ရေးသားရမည်။

သုတေသနစာတမ်းတွင် မိမိရရှိထားသည့် အချက်အလက်၊ အထောက်အထားများကို စနစ်တကျ စိစစ်၍ ယခင်က မရှိခဲ့သေးသော အသိသစ် သို့မဟုတ် ယခင်က သိရှိထားသော အသိကို မွမ်းမံ၊ ဖြည့်စွက်၊ ပြင်ဆင်ခြင်းများ ပါဝင်သင့်သည်။

မိမိတင်သွင်းမည့် စာတမ်းကို မိမိသုတေသနပြုသည့် နယ်ပယ်ကို ဦးဆောင်နေသည့် ပညာရှင်များ၊ သုတေသီများက ဖတ်ရှုဝေဖန်ပြီး စနစ်တကျ သုတေသန ပြုလုပ်ထားသည့် စာတမ်းဖြစ်ကြောင်း အသိအမှတ်ပြုရန် လိုအပ်သည်။သို့သော် သုတေသနရလဒ်နှင့် သက်ဆိုင်ခြင်း မရှိပါ။

နိုင်ငံတကာတွင် သုတေသနစာတမ်းများကို ပညာရှင်များအကြား မည်မျှသက်ရောက်မှုရှိကြောင်းတိုင်းတာခြင်း (Scholarly or academic impact) နှင့် လက်တွေ့လုပ်ဆောင်သူများ၏ လိုက်နာဆောင်ရွက်မှု မည်မျှရှိကြောင်း တိုင်းတာခြင်း (Societal and economic impact) တို့ဖြင့် အကျိုးသက်ရောက်မှုကို တိုင်းတာလေ့ရှိကြသည်။

**သုတေသနစာတမ်းရေးသားရာတွင်**

ဆရာမကြီးဒေါ်ကြန်က သုတေသနထုံးနှင့် သုတေသနစာတမ်းများ ရေးသားပြုစုရာတွင် သုတေသီများ၊ကျောင်းသားများ လိုက်နာသင့်သည့် အချက်များကို အကြံပြုခဲ့သည်။

သုတေသနပြုနည်း စာအုပ်များကို လေ့လာရန်၊ သုတေသနပြုကာ သုတေသန စာတမ်းကောင်း၊ ကျမ်းကောင်း ကျမ်းမွန်များရရှိရန်၊ အကြောင်းအရာသို့မဟုတ် ခေါင်းစဉ် အရွေးမမှားစေရန်၊ မူရင်းအထောက်အထားကို ရှာ၍ အထောက်အထားများကို စိစစ်၊ ညှိနှိုင်း၊ တည်းဖြတ်၊ တန်ဖိုးဖြတ်ရန်၊ ရှေးပညာရှိများ၊ လူကြီးသူမများ၊ ဆိုခဲ့ပြောခဲ့ ရေးခဲ့သည်ဟု လွယ်လွယ်နှင့် လက်မခံဘဲ အခြားအထောက်အထားများနှင့် တိုက်ဆိုင်စစ်ဆေးရန်၊ဟိုက တစ်တုံး၊ ဒီက တစ်ဖဲ့ယူပြီး ဖြတ်ညှပ်ကပ် သုတေသန မဖြစ်စေရန်၊သူတစ်ပါးစာမှ ယူသုံးသည့်စာ၊ ဓာတ်ပုံ၊ မြေပုံ စသည်တို့ကို အောက်ခြေမှတ်စုဖြင့် မူလစာရှင်ကို အသိအမှတ်ပြုပြီး ရိုးသားစွာဖော်ပြရန်၊ စာသူခိုးမဖြစ်စေရန်၊ ကျမ်းကိုးကို စနစ်တကျပြရန်နှင့် အသုံးမပြုသည့် ကျမ်းများကို ထည့်ပြီးလူအထင်ကြီးအောင် ဖောင်းဖောင်းပွပွမပြရန် ဖြစ်ပေသည်။

သုတေသနလုပ်ငန်းများကို တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့လိုက်သော်လည်းကောင်း ဆောင်ရွက်ကြရာတွင် သုတေသီများသည် ထိရောက်သော ရလဒ်များထွက်ရှိရန် ကြိုးစားကြရသကဲ့သို့ အများအကျိုးဖြစ်ထွန်းစေမည့် သုတေသနစာတမ်းများကိုလည်း ရေးသားကြရာတွင် ကိုယ်တိုင်ရှာဖွေတွေ့ရှိမှုများကို ပြုစုခြင်းဖြင့်သာ ကောင်းမွန်သော သုတေသနစာတမ်းများ ထွက်ရှိမည်ဖြစ်သည်။

ထို့ကြောင့်သုတေသန လုပ်ငန်းဆောင်ရွက်ရာတွင်လည်းကောင်း၊ သုတေသနစာတမ်းများ ရေးသားရာတွင်လည်းကောင်း နည်းထုံးစနစ်များ မှန်ကန်စွာဆောင်ရွက်ခြင်းဖြင့် သုတေသီအတွက်သာမက ဖတ်ရှုကြားနာရသူများအတွက်ပါ အကျိုးသက်ရောက်မှုများ ရရှိစေမည်ဖြစ်ပေသည်။ ။

# ထို့ထက်လည်း မပိုမလို

**စာကြီးသား (ပနီပင်)**

သည်မနက်ကဖြစ်သည်။ လမ်းလျှောက်ကအပြန် အိမ်ရောက်တော့ ၆ နာရီခွဲပြီ။ ဈေးလိုက်ပို့ပါ၊ ဟင်းချက်စရာနဲ့ ဘုရားပန်းဝယ်ချင်သည်ဟု အိမ်သူပြော၍ လိုက်ပို့ရန် သဘောတူလိုက်သည်။

အခွန်လွတ်ဈေးနဲ့ ဦးရွှေမှန်ဈေးကို အိမ်က လမ်းလျှောက်လျှင် ငါးမိနစ်ပင်မကြာ။ Junction City ကိုဖြတ်၊ ကျွန်းတောလမ်းကျော်တာနဲ့ ဈေးရောက်ပြီ။ သို့သော် ကျွန်တော်က လမ်းလျှောက်ပြန်လာခါစမို့ ကားနဲ့လိုက်ပို့ခိုင်းခြင်းဖြစ်သည်။

ဟံသာဝတီလမ်းပေါ်မှာ ကားရပ်ထားလိုက်သည်။ ညာသို့လားသော် ဦးရွှေမှန်ဈေး။ ဟံသာဝတီလမ်းဖြတ်ကူးကာ ဘယ်သို့လားသော် အခွန်လွတ်ဈေး။ ကြိုက်ရာသို့ လားနိုင်သည်။ အိမ်သူက ညာသို့လားသည်။

ကျွန်တော်ကတော့ ဟိုငေးသည်တွေး။ သည်နေရာက အခုတော့ဖြင့် စည်ကားလှသည်။ ဆောက်လက်စ အဆင့်မြင့်တိုက်ကြီးတွေ အထပ် ၂၀ ကျော် မလားမသိပါ။ မြင့်တော့တော်တော်မြင့်သည်။ မော့ကြည့်လျှင် ဦးပေါင်းကျွတ်ကျအောင်မြင့်ပါသည်။ အလုပ်သမားတွေကို ကားကြီးတွေနဲ့ တင်လာတာတွေ့သည်။ နိုင်ငံခြား (အသားဝါသူ) လုပ်ငန်းရှင်များ လာရောက် ရင်းနှီးမြှုပ်နှံသည်ဟု ကြားဖူးသည်။ ဒါလည်း တစ်ဆင့်စကားဖြစ်သည်။

**လူတိုင်းလာချင်သောနေရာဖြစ်**

နေရာကို မြင်သာအောင်ပြောရလျှင် ယခင် ကြံတောသုသာန်တစ်ဝန်းလုံးဖြစ်သည်။ ယခင်က သေသူများနေရာတွင် ရှင်သူများနေကြပေတော့မည်။ အနိဋ္ဌာရုံသည် ဣဋ္ဌာရုံ ဖြစ်နေပြီ။ ကျွန်တော့်ကား ရပ်ထားသောနေရာသည် ယခင်က ခေါင်းတလားများ ပြုလုပ်သော ဒွန်းစဏ္ဍားများနေသည့် အိမ်စုတ်ကလေးများ ပြည့်နှက်နေသောနေရာ ဖြစ်သည်။ အုံ့ဆိုင်းကြောက်မက်ဖွယ်ကောင်းသော ညောင်ပင်များ၊ ညောင်မုတ်ဆိတ်ပင်များ၊ ကုက္ကိုပင်များကြားတွင်ရှိသော သုသာန်တစပြင် နေရာဖြစ်သည်။ အဖေနှင့်အဘိုးအသုဘအတွက် ခေါင်းတလားနှင့် အသုဘယာဉ်(မသာကားဟု ထိုစဉ်က ခေါ်သည်) ငှားဖူးလို့ မြင်ကွင်းကို မှတ်မိနေခြင်းဖြစ်သည်။ ဘယ်သူမှ မလာချင်။ အခုတော့ လူတိုင်းလာချင်သည့် နေရာဖြစ်နေပြီ။

အနိစ္စတို့ ကြီးစိုးခဲ့ရာနေရာတွင် အနိစ္စတရားကို ဆင်ခြင်နေမိသည်။ အရာအားလုံးမမြဲ။ ကျွန်တော့်ကားရပ်ထားရာနေရာသည် ဆိုက်ကားဂိတ်ဖြစ်သည်။ သည်နေ့တော့ ဘယ်ဆိုက်ကားမှ မလာသေးသဖြင့် သူတို့နေရာ ကျွန်တော့်ကားရပ်ထားသည်။ အများပိုင်နေရာ။ ဆိုက်ကားဂိတ်ကလည်း တရားဝင်မှတ်ပုံတင်ကာ နေရာချထားသည် မဟုတ်။ ကျွန်တော်ရပ်ခွင့်ရှိသည်။ ကျွန်တော့်မြင်ကွင်းတွင် ဆိုက်ကားတစ်စီးပေါ်လာသည်။ ကျွန်တော့်ကားရှေ့တွင် ဂိတ်ထိုးရန် ကြိုးစားနေပုံရသည်။ ရပ်ရန်မလွတ်မလပ် ဖြစ်နေပုံရသည်။ ဆိုက်ကားကို ရှေ့တိုးနောက်ငင် ပြုနေသည်။

ကျွန်တော့်ကို တစ်ချက်တစ်ချက် လှမ်းကြည့်သည်။ ဘုကြည့်ဖြစ်သည်။ ကျွန်တော်ကလည်း ကိုယ့်ကိုယ်ကိုယ် လူမှန်ဟုထင်သည်။ အိမ်သူကမူ လူကပ်ဟု မှတ်ချက်ပြုသည်။ ကတ်သီးကတ်သတ် အလွန်လုပ်သည်ဟု အကြောင်းပြသည်။ ကျွန်တော်ကလည်း သူ့ကို ပြန်ကြည့်လိုက်သည်။ ကျွန်တော် ယခင်ပြုနေကျအတိုင်း ဆိုရပါက အနည်းဆုံးတော့ အချေအတင် စကားပြောဖြစ်မည်ဖြစ်သည်။ ငါမှန်သည်၊ သူမှန်သည် ငြင်းခုံကြရန်သာဖြစ်သည်။ ကိုယ်မှန်သည်ထင်လျှင် ဘယ်သူ့မှ ကျွန်တော် အလျှော့မပေး။ ကော်နေကျ၊ ကလန်နေကျ၊ ကန်နေကျဖြစ်သည်။

တိကျတာကြိုက်သည်။ အရည်အချင်းရှိသော သူသာ ကျွန်တော့်ကို အုပ်ချုပ်တာနှစ်သက်သည်။ မတရားလုပ်လျှင် ကျွန်တော် သည်းမခံနိုင်။ သည်လို ဆိုက်ကားသမားမျှဖြင့် ကျွန်တော် မှုစရာမလို။ ကျွန်တော် သူ့ကိုကြည့်လိုက်သည်။

ကျွန်တော့်အကြည့်သည် သည်တစ်ခါတွင်မူ ကိုယ်ချင်းစာစိတ်ဖြင့် ကြည့်ဖြစ်ခြင်းဖြစ်ပါသည်။ မိသားစုတစ်စုအတွက် သားကျွေးမှု၊ မယားကျွေးမှုကို ပင်ပန်းကြီးစွာ လုပ်နေရရှာသူအဖြစ် လေးစားစွာကြည့်ခြင်းဖြစ်သည်။ ဆိုက်ကားသမားတွေ ဘာဖြစ်တယ်၊ ညာဖြစ်တယ် ဟူသော အတွေး ထိုအချိန်တွင် စိုးစဉ်းမျှ ကျွန်တော့်မှာမရှိ။

သူရော ကျွန်တော်ပါ သည်နေရာရမှ အဆင်ပြေမည်ကို ကျွန်တော် သိပါသည်။ သည်အသိကြောင့်ပင် သူ့ကိုပြုံးပြကာ ကျွန်တော့်ကား နောက်ဆုတ်ပေးမည့်အကြောင်း လက်ဟန်ခြေ ဟန်ပြလိုက်သည်။ သူ့မျက်နှာမှာ အံ့အားသင့်ဟန်ကို အတိုင်းသား မြင်ရသည်။ ကားကို နောက်ဆုတ်ပေးလိုက်သည်။ ကျွန်တော့်အတွက် ဘာမှမပင်ပန်း။ နောက်မှာလည်း နေရာအကျယ်ကြီးရှိသည်။ အိုကေလား၊ ရပ်လို့အဆင်ပြေလားဟု လက်ဟန်ခြေဟန်ဖြင့် သူ့ကိုမေးသည်။ ကျွန်တော့် အပြုအမူကို အံ့သြစွာကြည့်နေသောသူ တဖြည်းဖြည်းချင်း ပြုံးလာသည်ကို တွေ့ရသည်။ သူက လက်မထောင်ပြသည်။

ကွမ်းချိုးတွေတက်နေသော သွားတွေပေါ်အောင် ပြုံးပြသည်။ ရာသီဥတုဒဏ်၊ ပင်ပန်းမှုဒဏ်၊ အာဟာရမပြည့်ဝမှုဒဏ်၊ အရက်၊ ဆေးလိပ်၊ ကွမ်းဒဏ်တို့၏ နှိပ်စက်မှုကို ခံနေရပုံရသော

> **“အမိနိုင်ငံသားမြန်မာများ ချစ်ခင်ညီညွတ်စွာ ရင်ကို မြေကတုတ်ပြုစေချင်သည်။ ချစ်ခင်စွာ၊ ရင်းနှီးစွာ၊ ပွင့်လင်းစွာ ပြောဆိုညှိနှိုင်း အဖြေရှာစေချင်သည်။ အပြစ်ပြော လက်ညှိုးထိုးတရားခံမရှာစေချင်။ သူမှန်သည် ငါမှန်သည်ဟု ရှိုးစွဲကြမည့်အစား အမှန်ကို အမှန်အတိုင်းပြောပြ ညှိုကြ။ အဖြေရှာကြစေချင်သည်”**

အဆီပြန်၊ ညိုညစ်ညစ်ဖြစ်နေသော သူ့မျက်နှာပေါ်မှ အပြုံးသည် ကမ္ဘာကျော် မိုနာလီဇာအပြုံးထက် အသက်ဝင်နေသည်။ ပြုံးပြရုံမက သူဆောင်းထားသော အနားတွေဖွာလန်ကြဲနေသည့် နီးခမောက်အဝိုင်း၏ မေးသိုင်းကြိုးကို ဆွဲလှန်ပြီး ခေါင်းပေါ်မှ ချွတ်ကာ ကျွန်တော့်ကို ဝေ့ယမ်းပြသည်။

**နှလုံးသားချင်းပေါင်းစည်းမိ**

သူနှင့် ကျွန်တော် ၁၅ ပေ ခန့် ကွာမည်ထင်သည်။ သူက ကားလမ်းပေါ်မှာ ဆိုက်ကား လက်ကိုင်ကိုကိုင်၍ ရပ်လျက်၊ ကျွန်တော်က ကားထဲမှာထိုင်လျက်။ ခန္ဓာကိုယ်များ ဝေးသော်လည်း သူနှင့် ကျွန်တော့်တွင် နှလုံးသားတစ်စုံသာ ရှိတော့သည်ဟု ကျွန်တော် ခံစားလိုက်ရသည်။ ကျွန်တော်တို့ နှလုံးသားချင်း ပေါင်းစည်းမိသွားပြီဖြစ်ကြောင်း နားလည်လိုက်သည်။ သူ့ကို ကျွန်တော်က လေးစားစွာ ခေါင်းကိုညွှတ်ကာ၊ အလေးဂရုပြု၊ ဂါရဝပြုပေးလိုက်သည်။

ကားလက်ကိုင်နှင့် ကျွန်တော့်ခေါင်းတို့ ထိမိသွားမှ ဦးညွှတ်ခြင်းအမှု ပြီးပါသည်။ သူနှင့်ကျွန်တော် ဆုံရပ်တစ်ခုတွင် နားလည်မှု ရသွားခြင်းဖြင့် အေးချမ်းပျော်ရွှင်စွာ အတူနေလို့ရခဲ့ပြီဖြစ်သည်။ သူက သူ့ဆိုက်ကားက ခရီးသည်နေရာတွင် ဆိုဖာထိုင်ခုံကို လှန်ကာထိုင်သည်။ ဆေးပေါ့လိပ်ကို မီးခိုးတွေ မွှန်ထူနေအောင် ဖွာနေသည်ကို မြင်ရသည်မှာ သက်ဝင်လှုပ်ရှား သဘာဝပန်းချီကားတစ်ချပ်ကို ကြည့်ရသည့်နှယ်ဖြစ်သည်။

သို့စဉ်ခဏ ကျွန်တော့်အတွေးထဲမှာ အတွေးတစ်စ၊ ဖျတ်ခနဲ ဝင်လာသည်။

“သည်းခံခြင်း၊ နားလည်ခွင့်လွှတ်ခြင်း၊ စာနာခြင်း၊ အပြန်အလှန်လေးစားခြင်း၊ ကူညီဖေးမခြင်းတို့ဖြင့် ကျွန်တော်တို့ ရှေးရှုအတူ ချီတက်သွားနိုင်ကြသားနဲ့ကွာ”ဟူသော မချိတင်ကဲ အတွေးဖြစ်သည်။

ကျွန်တော်က စစ်သားလူထွက်ဖြစ်သည်။ မှန်တာပြော၊ မှန်တာလုပ်တာ လိုလားသည်။ အုပ်ချုပ်နေသော လူကြီးများနှင့် အစိုးရကို မကောင်း ပြောတာ၊ မှိုချိုးမှျစ်ချိုးပြောတာလည်း မကြိုက်။ လုံးဝမကြိုက်။ မကြိုက်ရေးချမကြိုက်ပါ။ ကွင်းစကွင်း ပိတ်နှင့် မကြိုက်ပါ။ မိသားစုတစ်စုကို လူတစ်လုံး သူတစ်လုံး ဖြစ်အောင်လုပ်ရတာ မလွယ်မှန်း လက်ကြောတင်းသော အိမ်ထောင်ဦးစီးနှင့် အိမ်ထောင်စုဝင်လူတိုင်းသိသည်။

**တိုင်းကျိုးပြည်ပြုလုပ်ငန်းစဉ်တွင် ပါဝင်နေ**

မိသားစုများစွာ တိုင်းရင်းသားညီအစ်ကိုမောင်နှမပေါင်းများစွာဖြင့် ဖွဲ့စည်းထားသော အမိမြေနေ တိုင်းရင်းသား နိုင်ငံသား အားလုံးကို ဝမ်းဝအောင်၊ ခါးလှအောင် ကျွေးဖို့၊ ဆင်ဖို့၊ နားပြားအောင် အိပ်နိုင်ဖို့ လုပ်ပေးရတာက လွယ်တဲ့ကိစ္စမဟုတ်။ ကျွန်တော်ဆို မလုပ်။ အဲဒီလောက်ခက်တာကို အကောင်းဆုံးဖြစ်အောင် ကြိုးစားပမ်းစားလုပ်နေသော အစိုးရဝန်ထမ်းများနှင့် တိုင်းကျိုးပြည်ပြု လုပ်ငန်းစဉ်တိုင်းတွင် ပါဝင်နေရသူများကို မကောင်းပြောတာမို့ မကြိုက်ခြင်းဖြစ်သည်။

ကိုယ်တိုင်မလုပ်တတ်ဘဲ ဝင်ပြောနေသူများကို ပိုမုန်းသည်။ ကျွန်တော့်လို လူသားများ အများကြီးရှိမည် သေချာသည်။ တကယ်တမ်းပြောရလျှင် နိုင်ငံတကာမှာ ကုန်ဈေးနှုန်းကြီးမြင့်သောဒဏ်ကို ခံနေရ၊ ဖြေရှင်းနေရသည်။ သူတို့တိုင်းပြည်မှာတော့ ဝင်ငွေနှင့် ကုန်ဈေးနှုန်းအချိုးအဆ သိပ်မကွာလှသဖြင့် ခံသာသည်ထင်သည်။

ကျွန်တော်တို့ပြည်သူများကျတော့ သည်လိုမဟုတ်။ ဝင်ငွေနည်းသည်(ထင်သည်)။ ကုန်ဈေးနှုန်းကတော့ ကြီးတာအမှန်။ ကျွန်တော့်အဖေ ဒရိုင်ဘာဘဝနှင့် ကျွေးခဲ့သော ပုစွန်တုပ်များ၊ ငါးသလောက်များကို ကျွန်တော် အစိုးရအရာရှိကြီး၊ တန်းဝင်ပင်စင်စားကြီး ဝယ်မစားနိုင်တော့ခြင်းသည် အနီးစပ်ဆုံး မှန်ကန်မှု ပြောရရင်ဖြင့် ဆုံးမယ်မထင်။ ကျွန်တော်ပြောချင်သည်မှာ အုပ်ချုပ်သူရော အုပ်ချုပ်ခံများပါ ပြဿနာပေါင်း သောင်းခြောက်ထောင်ကို ခါးစည်းခံနေရသည်မှာ အမှန်။

ဒုက္ခရောက်နေသူများအချင်းချင်း ညီညွတ်စွာ လက်တွဲ၍ အခက်အခဲကြားမှ ဖောက်ထွက်ရုန်းထွက်ကာ လွတ်မြောက်ရာနယ်မြေသို့ ရှေးရှုသင့်လှသည်။ လက်ညှိုးငေါက်ငေါက်ထိုးကာ ရန်စွယ်တငေါငေါဖြစ်နေသည်ကို ကြည့်ရတာဖြင့်ပင် ကျက်သရေ မရှိပါ။ ဘုရားအလောင်းငုံးမင်းနှင့် ငုံးပရိသတ်တို့ ပိုက်ကွန်ကြီးဖြင့် အုပ်မိုးဖုံးဖိ ဖမ်းခံရချိန်တွင် တညီတညွတ်တည်း အားကုန်ထုတ် ပျံသန်းရုန်းကန်သဖြင့် ပိုက်ကွန်ကြီးသည် ငုတ်မှပါ ပြုတ်ကာ ငုံးအပေါင်းလွတ်မြောက် အသက်ဘေးကင်းဝေးခဲ့ကြသည်ကို မမေ့စေလိုပေ။ အရင်းစစ်လျှင် အမြစ်မြေက ဖြစ်သည်။ အုပ်ချုပ်သူများ၊ အုပ်ချုပ်ခံနေရသူများပါ မြန်မာပြည်သားများသာဖြစ်သည်။

ဒုက္ခ၊ သုခကို မျှဝေခံစားရမည့်သူများဖြစ်သည်။ ဘယ်ကသူစိမ်းတစ်ရံစာမျှ လာမခံ။ စံရင်သာ စံမည်။ သွေးခွဲလာတာကို သွေးခွဲနေတာကို နားမယောင်သင့်။ ခြောက်လာလျှင်လည်း မကြောက်ဘဲ ရဲဝံ့စွာ တုံ့ပြန်ရမည်။ ကျွန်တော်က စစ်သားလူထွက်ဖြစ်သောကြောင့် နိုင်ငံကိုကာကွယ်ရသည်မှာ “မြန်မာပြည်ကာကွယ်မည်...” အစချီသော စစ်ချီတေး၊ စစ်သီချင်းဆိုရ တာလောက် မလွယ်မှန်း ၊ လုပ်ဖူးလို့သိပါသည်။ စွန့်ဖူးလို့သိပါ သည်။ သို့အတွက် မထီမဲ့မြင်၊ မချေမငံ၊ လုပ်ခံ၊ ပြောခံရတာကို ရင်နာပါသည်။ မကြိုက်ပါ။

ကျွန်တော် အရပ်သားတစ်ဖြစ်လဲ ပင်စင်စား မကြိုက်သလို၊ အခြားသော အရပ်သားအများလည်း သည်လိုအပြောအဆို၊ အပြုအမူမျိုးကို မကြိုက်မည်မှာ သေချာပါသည်။ သို့မို့ဖြင့် မင်းက ဘာကြိုက်တုံးဟု ပြောလာလျှင်... မတရားတာ မကြိုက်၊ မညီညွတ်တာမကြိုက်။ (နွားကွဲလျှင်ကျားဆွဲမည်။) ငါလုပ်မှ ရမည်ဆိုသော ငါစွဲတွေ ဖြုတ်စေချင်သည်။ သံသယတွေ ပျောက်စေချင်သည်။ အမှန်ဘဝ ရောက်စေချင်သည်။

အမိနိုင်ငံသားမြန်မာများ ချစ်ခင်ညီညွတ်စွာ ရင်ကို မြေကတုတ်ပြုစေချင်သည်။ ချစ်ခင်စွာ၊ ရင်းနှီးစွာ၊ ပွင့်လင်းစွာ ပြောဆိုညှိနှိုင်း အဖြေရှာစေချင်သည်။ အပြစ်ပြော လက်ညှိုးထိုး တရားခံမရှာစေချင်။ သူမှန်သည် ငါမှန်သည်ဟု ရှိုးစွဲကြမည့်အစား အမှန်ကို အမှန်အတိုင်းပြောပြ ညှိုကြ။ အဖြေရှာကြစေချင်သည်။ နေရာတိုင်း အမှန်ကို ချပြလို့မရတာလည်း သိပါသည်။ ရတဲ့အဆင့်ထိတော့ ချပြလို့ရတာကို ရိုးသားစွာ ချပြစေချင်သည်။ မအောင်မြင်တာကို ရိုးသားစွာ ဝန်ခံလျှင် အောင်မြင်မှုများကိုလည်း အများက ဝမ်းပန်းတသာဂုဏ်ယူစွာ အသိအမှတ်ပြု ထုတ်ဖော်ချီးကျူးပြောကြား တစ်ဆင့် စကားတစ်ဆင့်နား ကြားကြမည်ဖြစ်သည်ကို သိစေလိုသည်။

**ယနေ့ကာလ ညီညွတ်မှုရမည်**

အောင်မြင်အောင်၊ ကောင်းကျိုးရရှိအောင် လုပ်ပြဖို့သာလိုပါသည်။ ယနေ့ကာလသည် ညီညွတ်မှုရမည်။ ကျောချင်းကပ်မှုရမည်။ မြန်မာ့သွေး စွေးစွေးနီတာကို ပြရမည့် အချိန်ဖြစ်သည်ထင်သည်။ ကိုယ့်ထက်တော်လို့ ကိုယ့်ကို အုပ်ချုပ်နေသူများ၊ ကိုယ့်နိုင်ငံကို ကာကွယ်စောင့်ရှောက်နေသူများ ကိုယ့်ထက်ပိုနားလည်နိုင်၊ ပိုသိနိုင်၊ ပိုလုပ်ပြနိုင်မည်ဟု ထင်သည်။ ညီညာမှ ပြည်သာမည်။ ကျွန်တော်တို့အားလုံး ပင်ပန်းလှပြီဖြစ်ပါသည်။ ဆက်၍ ပင်ပန်းမခံချင်တော့။ ပန်းခင်းလမ်း၊ ပန်းမွေ့ရာ ရွှေကော်ဇောတွင် အမောမဖြေရချင်နေပါ။ အမိုက်သရိုက်ကင်း၊ ညီညာဖြောင့်ဖြူးသော မြေနီလမ်းလေးတွင် လျှောက်သွားရလျှင်ပင် မဟာကုသိုလ်ဟုထင်သည်။

ကျွန်တော်တို့ထက် ကြီးသူ၊ ရွယ်တူနှင့် ငယ်ရွယ်သူများ ပျော်ရွှင်အေးချမ်းသာယာစွာ၊ ဂုဏ်သိက္ခာရှိစွာ၊ လူသားပီသစွာ နေစေချင်လိုလှပါသည်။ ဆိုက်ကားဆရာနှင့် ကျွန်တော်တို့သည် မနက်ကရလိုက်သော ဆင်းရဲငြိမ်းကြောင်း အမှန်တရားကို အခြေခံကာ ရင်တွင်းဖြစ်များကို မျှဝေခြင်းသာဖြစ်သည်။ ထို့ထက် မလိုမပိုသာ ဖြစ်ပါသည်။

ကျွန်တော်ရှိရာ ကားဆီသို့ အိမ်သူပြန်ရောက်လာသည်။ ကျွန်တော်ကားစက်နှိုးကာ မောင်းထွက်လိုက်သည်။ ဆိုက်ကားဆရာက ကျွန်တော့်ကို နီးခမောက်စုတ်ကြီးဖြင့် ဝေ့ယမ်း နှုတ်ဆက်နေသည်ကို နောက်ကြည့်မှန်မှ တစ်ဆင့်တွေ့လိုက်သည်။ ကျွန်တော် လက်ကိုအပြင်ထုတ်ကာ ဝေ့ယမ်း၍ သူ့ကို ပြန်လည်အသိအမှတ်ပြုသည်။ သည်ဆိုက်ကားဆရာနှင့် ကျွန်တော့်ကြား ချစ်ခြင်းမေတ္တာတရားနှင့် နားလည်မှု ခိုင်မြဲခဲ့ပြီ။ နှလုံးစိတ်ဝမ်း အေးချမ်းလှပါသည်။

သို့နှယ်ပင် ကျွန်တော်တို့ မြန်မာနိုင်ငံသားများအကြား မေတ္တာနှောင်ကြိုး ခိုင်စွာတိုးကာ၊ ကျွန်တော်တို့ချစ်သော အမိမြေကို ချစ်ခြင်းမေတ္တာတရားဖြင့် ဂုဏ်သိက္ခာရှိစေလိုခြင်းသည်သာ ထာဝရမှန်ကန်သော သစ္စာတရားဖြစ်သည်။ မြန်မာပြည် အစွန့်ရှည်တည်တံ့စေချင်ပါသည်။ ထို့ထက်လည်း မပိုမလိုပါ။ ။

---

## မူခင်းကျဆင်းရေး အသိပညာပေး ဟောပြော

**မန္တလေး ဒီဇင်ဘာ ၃**

မန္တလေး မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက်ရှိ မဟာအောင်မြေကျောက်မျက်ရတနာဈေး(ကျောက်ဝိုင်း) အပြင်ခင်းဝိုင်း တာမခံအဆောင်တွင် ဒီဇင်ဘာ ၂ ရက်က မှုခင်းကျဆင်းရေးဆိုင်ရာအသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။ အဆိုပါ ဟောပြောပွဲသို့ ကျောက်ဝိုင်းဈေးအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ကျောက်ဝိုင်းစည်ပင်သာယာရေးကော်မတီ အုပ်ချုပ်ရေးမှူး ဦးကျော်စိုးနှင့်တာဝန်ရှိသူများ၊ ဈေးလုံခြုံရေးတာဝန်ကျ စည်ပင်ရဲတပ်ဖွဲ့ဝင်များ၊ ကျောက်ပွဲစားကုန်သည်များ စုစုပေါင်း၅၀ကျော်တို့ကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်၊ စခန်းမှူး ရဲအုပ်ခင်ဇော်နှင့် တပ်ဖွဲ့ဝင်များက စီမံချက်အရ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးများအကြောင်းနှင့် မှုခင်းကျဆင်းရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းဆိုင်ရာ အကြောင်းများကို စိတ်ဝင်စားစွာ ရှင်းလင်းဟောပြောခဲ့ကြကြောင်း သိရသည်။

**အောင်စံမောင်**

# ထိုင်းနိုင်ငံ တက္ကသိုလ်ခုနစ်ခုမှ တာဝန်ရှိသူများ မြိတ်တက္ကသိုလ်သို့ အလည်အပတ်ရောက်ရှိလေ့လာ

**မြိတ် ဒီဇင်ဘာ ၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ မြိတ်တက္ကသိုလ်နှင့် ထိုင်းနိုင်ငံရှိ Phetchaburi Rajabhat University တို့အကြား ပညာရပ်ဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရန်၊ ရိုးရာယဉ်ကျေးမှု ဖလှယ်ခြင်းအစီအစဉ်များ ကျင်းပဆောင်ရွက်နိုင်ရန်နှင့် သုတေသနဆိုင်ရာလုပ်ငန်းများ ပူးတွဲဆောင်ရွက်ရန်အတွက် ၂၀၁၉ ခုနှစ် ဇန်နဝါရီလနောက်ဆုံးပတ်နှင့် ဖေဖော်ဝါရီလ ပထမပတ် အကြားတွင် တက္ကသိုလ်နှစ်ခုတို့ နားလည်မှုစာချွန်လွှာ သဘောတူ လက်မှတ်ရေးထိုးကြမည်ဖြစ်ကြောင်း မြိတ်တက္ကသိုလ်မှ သိရသည်။

တက္ကသိုလ်နှစ်ခု၏ သဘောတူလက်မှတ်ရေးထိုးခြင်းဆိုင်ရာ အစီအစဉ်ဖြင့် ထိုင်းနိုင်ငံရှိ Rajabhat University Network Delegatiom'sအဖွဲ့၏ တက္ကသိုလ်ခုနစ်ခုမှ တာဝန်ရှိသူများသည် နိုဝင်ဘာ ၃၀ ရက်က မြိတ်တက္ကသိုလ် ပညာရပ်ဆိုင်ရာလုပ်ငန်းစဉ်များကို နှစ်ဦးနှစ်ဖက် အပြန်အလှန် လုပ်ဆောင်နိုင်မည့်လုပ်ငန်းများကို လာရောက်လေ့လာသည့် ရည်ရွယ်ချက်ဖြင့် အလည်အပတ် လာရောက်ခဲ့ကြောင်း သိရသည်။

မြိတ်တက္ကသိုလ်သို့ အလည်အပတ် လာရောက်ခဲ့သည့် ထိုင်းနိုင်ငံရှိ Thepsatri Rajabhat University မှ ASST. PROF CHINTANA ဦးဆောင်သော တက္ကသိုလ် ခုနစ်ခုမှ တာဝန်ရှိသူများနှင့် မြိတ်တက္ကသိုလ်တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာနီနီဦး ဦးဆောင်သော ဘာသာရပ်ပေါင်းစုံ ဆရာ ဆရာမများနှင့် တွေ့ဆုံခဲ့ပြီး မြိတ်တက္ကသိုလ်ရှိ ဘာသာရပ် ၁၃ ခုတွင် ကဏ္ဍအလိုက် လုပ်ဆောင်နိုင်သည့်အချက်များကို နှစ်နိုင်ငံတက္ကသိုလ်များအကြား အပြန်အလှန် လေ့လာဆွေးနွေးခဲ့ကြသည်။

"တက္ကသိုလ်အနေနဲ့ သုတေသနလုပ်ငန်းတွေကို ကျောင်းသား ကျောင်းသူတွေက လက်တွေ့ကျကျ သိရှိလုပ်ဆောင်နိုင်တာနဲ့အတူ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်ဆောင်နေတာကို တခြားနိုင်ငံတွေနဲ့ဆက်သွယ်ပြီး ပိုမိုတိုးတက်အောင် လုပ်ဆောင်စေချင်ပါတယ်။ ဒ့ါအပြင် ကျောင်းသား ကျောင်းသူတွေဟာ မိမိဒေသမှာရှိနေတဲ့ လုပ်ငန်းတွေကို ပိုမိုတိုးတက်ပြီး လုပ်ငန်းခွင်ထဲ ဝင်သွားတဲ့အခါမှာ အလုပ်အကိုင်ရရှိနိုင်တဲ့ အခွင့်အလမ်းတွေပါ ရရှိဖို့အတွက် နိုင်ငံခြားတက္ကသိုလ်တွေနဲ့ MoU ထိုးတဲ့ ရည်ရွယ်ချက်လည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်"ဟု မြိတ်တက္ကသိုလ်တာဝန်ခံ ပါမောက္ခချုပ်က ပြောသည်။

ဆွေးနွေးပွဲအပြီးတွင် ထိုင်းနိုင်ငံရှိ Thepsatri Rajabhat University မှ ASST.PROF CHINTANA ဦးဆောင်သောအဖွဲ့မှ မြိတ်တက္ကသိုလ်ရှိ ဘာသာရပ်များအလိုက် ပြခန်းများ၊ အဏ္ဏဝါသိပ္ပံပြခန်းတို့ကို ကြည့်ရှုလေ့လာခဲ့ကြသည်။




(**အပေါ်ပုံ**) မြိတ်တက္ကသိုလ်ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ များက ထိုင်းနိုင်ငံရှိ Phetchaburi Rajabhat University ကို တတိယအကြိမ်မြောက်အဖြစ် သွားရောက်လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက် )**

# အမြို့မြို့အနယ်နယ်၌ (၄၈)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပ




## မူဆယ်

(၄၈)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကို မူဆယ်ခရိုင် မူဆယ်မြို့အခြေခံပညာအထက်တန်းကျောင်း အထက ၂၊ စံပယ်ခန်းမ၌ ဒီဇင်ဘာ ၂ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့ပြီး အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ရပ်မိရပ်ဖများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားကို ကျောင်းသား၊ ကျောင်းသူများက ပြည်မြန်မာသီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့ပြီး နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သည့် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးက ဖတ်ကြားခဲ့သည်။ ဆက်လက်၍ (၄၈) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အသီးသီးဆုချီးမြှင့်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက ဇာတိမာန် သီချင်းသီဆိုမှုဖြင့် အခမ်းအနား ပြီးဆုံးခဲ့ကြောင်း သိရသည်။

**ဗန်ရိုးထန်(ပြန်/ဆက်)**

## ဘိုကလေး

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမတွင် ဒီဇင်ဘာ ၂ ရက်က အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ခင်ဗိုလ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦး၊ မြို့နယ်ပညာရေးမှူး ဦးစသိန်းကျော်နှင့် ဌာနဆိုင်ရာများ ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းနှင့်မူလတန်းအဆင့် ကျောင်းပေါင်းစုံစာစီစာကုံးပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူများကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဘိုကလေး (ပြန်/ဆက်)**

## မြောက်ဦး

ရခိုင်ပြည်နယ် မြောက်ဦးမြို့ လော်ကမူရပ်ကွက် ပြင်စျေး အထက(ခွဲ)၊ အလက(၁) ပြင်စျေးကျောင်း၌ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်တွင်ကျရောက်သော (၄၈) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို ဒီဇင်ဘာ ၂ ရက်က အဆိုပါကျောင်းရှိ မင်းဗာခန်း ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမောင်သာစိန်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ရေဖြူ

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို ဒီဇင်ဘာ ၂ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးလှထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက (၄၈)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လိပ်သို

ကရင်ပြည်နယ် လိပ်သိုမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်း၍ ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ဒီဇင်ဘာ ၂ ရက်က (၄၈) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်ဟောပြောပွဲနှင့် စာအုပ်ပြပွဲ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အထိမ်းအမှတ်ပွဲသို့ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး ခင်းကျင်းပြသထားသော အမျိုးသားအောင်ပွဲနေ့ဆိုင်ရာ သိမှတ်စရာများ၊ ဗဟုသုတဖြစ်ဖွယ် သုတ၊ ရသ၊ စာအုပ်စာစောင်များနှင့် စာပေဖတ်ရှုခြင်းဖြင့်ရရှိမည့် ဆောင်ပုဒ်များကို စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုမှတ်သားကြကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**

## ရေဦး

ရေဦးမြို့နယ် ပညာရေးဌာနမှ စီစဉ်ကျင်းပသော (၄၈)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကံ့ကော်ဆောင်ခန်းမ၌ကျင်းပရာ ကျောင်းသား ကျောင်းသူလေးများက အခမ်းအနားကို ပြည်မြန်မာသီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးခဲ့ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှပေးပို့သော (၄၈)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။

**သန်းထိုက်(ရေဦး)**

## မတူပီ

(၄၈)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ဒီဇင်ဘာ ၂ ရက်က မတူပီမြို့ ဘုံတလာခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် အ.ထ.က(၂) ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်းဖြင့်ဖွင့်လှစ်ပြီး နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သည့်သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးထွန်းက ဖတ်ကြားခဲ့သည်။ အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နေပြည်တော်

(၄၈)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၂ ရက်က နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၉)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာအထက်တန်းပြဆရာ ဦးဇေယျာဝင်းက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းနှင့်အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ရွှေကုက္ကို**

# ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စုပေါင်းသွေးစစ်ပွဲပြုလုပ်

**အောင်လံ ဒီဇင်ဘာ ၃**

မကွေးတိုင်းဒေသကြီး ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့၏ ညွှန်ကြားချက်ဖြင့် အောင်လံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်'ပြည်ကြီးခင်'လူမှုကူညီရေးအသင်းတို့ ပူးပေါင်းကျင်းပသည့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် HIV/AIDS အသိပညာပေးဆွေးနွေးခြင်းနှင့် စုပေါင်းသွေးစစ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁ ရက်က အထက(၁)ရွှေရတုခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထူးမြင့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသန်းတို့က အမှာစကားများပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာမျိုးလွင်က HIV/AIDS ပတ်သက်ပြီးရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက်ပြသထားသော HIV/AIDS ပညာပေးနံရံကပ်ပိုစတာများ၊ ဓာတ်ပုံများကို တာဝန်ရှိသူများက ရှင်းလင်းပြသကာ စုပေါင်းသွေးစစ်ခြင်း၊ ဆွေးနွေးခြင်းလုပ်ငန်းများကို ညနေ ၄ နာရီအထိ ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သိန်းလွင်(အောင်လံ)**

# နိုင်ငံတော်က ရသင့်ရထိုက်တဲ့ အခွန်ငွေများရရှိရေး၊ ကုန်သွယ်မှု လွယ်ကူချောမွေ့ရေး၊ ကုန်သွယ်မှု ပမာဏမြင့်တက်လာရေးတို့အတွက် ဥပဒေလုပ်ထုံးလုပ်နည်းတွေ၊ နိုင်ငံတကာစံနှုန်းတွေနဲ့အညီ ဆောင်ရွက်နေပါတယ်

**အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်**

## နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုရန် အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ စီးပွားရေးစကားဝိုင်းကျင်းပ

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များပါဝင်သော စီးပွားရေးစကားဝိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။

အဆိုပါ စီးပွားရေးစကားဝိုင်းတွင် အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) တွဲဖက်အထွေထွေ အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်၊ မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ အောင်ဇော်၊ United Paints Group of Co., Ltd. ၊ မန်နေဂျင်းဒါရိုက်တာ ဦးအေးဟန်၊ Proven Group of Co., မန်နေဂျင်းဒါရိုက်တာ ဦးသန်းထိုက်လွင်တို့က နိုင်ငံတော်၏စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အကောက်ခွန်ဦးစီးဌာနမှ ဆောင်ရွက်နေမှုများ၊ ကောက်ခံသည့်အခွန်အမျိုးအစားနှင့် တစ်နှစ်အတွင်းကောက်ခံရရှိသော အခွန်ငွေ ပမာဏ၊ အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် အကောက်ခွန်ဦးစီးဌာနမှ ပါဝင်သည့် အခန်းကဏ္ဍ၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဆောင်ရွက်နေမှုများ၊ SMEs လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် သွင်းကုန်အစားထိုးရေးတို့အတွက် ကြုံတွေ့နေရသော အခက်အခဲများနှင့် အကြံပြုချက်များ၊ မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်း၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအပေါ် ဆွေးနွေးကြသည်။




**အစီအစဉ်မှူး။** ။ **နိုင်ငံတော်ရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အတွက် အကောက်ခွန်ဦးစီးဌာနက ဆောင်ရွက်နေတဲ့ အခန်းကဏ္ဍများကို ရှင်းပြပေးစေလိုပါတယ်။**

**ညွှန်ကြားရေးမှူးချုပ်။** ။ နိုင်ငံတော်ရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အကောက်ခွန်ဦးစီးဌာနအနေနဲ့ **"ရှင်းလင်းလွယ်ကူသော အကောက်ခွန်လုပ်ထုံးလုပ်နည်းများဖြင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရန်နှင့် ရသင့်ရထိုက်သောအခွန်ငွေများ ပြည့်ဝစွာ ရရှိစေရန်"**ဆိုတဲ့ မူဝါဒနဲ့အညီ နိုင်ငံတော်က ရသင့်ရထိုက်တဲ့ အခွန်ငွေများရရှိရေး၊ ကုန်သွယ်မှု လွယ်ကူချောမွေ့ရေး၊ ကုန်သွယ်မှု ပမာဏမြင့်တက်လာရေးတို့အတွက် ဥပဒေလုပ်ထုံးလုပ်နည်းတွေ၊ နိုင်ငံတကာစံနှုန်းတွေနဲ့အညီ ဆောင်ရွက်နေပါတယ်။ အကောက်ခွန်လုပ်ငန်းတွေ ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့အတွက် စနစ်တကျစီမံဆောင်ရွက်တဲ့အခါမှာ အကောက်ခွန်လုပ်ငန်းများ ပြုပြင်ပြောင်းလဲမှုနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး (Customs Reform and Modernization) နဲ့ပတ်သက်ပြီး ၂၀၁၇-၂၀၂၂ အထိ ငါးနှစ်စီမံကိန်းချမှတ်ပြီး ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီလိုဆောင်ရွက်တဲ့အခါမှာ လုပ်ငန်းပမာဏနဲ့ဝန်ထမ်းအင်အား မမျှတတဲ့အတွက် ဖွဲ့စည်းပုံအသစ်ပြင်ဆင်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဥပဒေပိုင်းဆိုင်ရာ ပြင်ဆင်မှုတွေကိုလည်း ခေတ်နဲ့လျော်ညီစေဖို့ ပြင်ဆင်လျက်ရှိပါတယ်။ ဒါ့အပြင် နိုင်ငံတကာလုပ်ထုံးလုပ်နည်းတွေနဲ့အညီ ကျင့်သုံးနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပါတယ်။

### ကုန်သွယ်မှုလွယ်ကူရေး သဘောတူစာချုပ်

ဒီလိုဆောင်ရွက်ရာမှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရဲ့တန်ဖိုးသတ်မှတ်ခြင်းစနစ် (WTOVA)၊ နှောင်းစာရင်းစစ်ဆေးခြင်း (PCA) လုပ်ငန်းစဉ်တွေကို ဆောင်ရွက်နေပြီး အကောက်ခွန်ကုန်ပစ္စည်းအမျိုးအစား ကြိုတင်သတ်မှတ်ခြင်းနဲ့ တန်ဖိုးကြိုတင်သတ်မှတ်ခြင်း (Advance Ruling on Classification and Customs Valuation)၊ Bonded Warehouse System၊ အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူအစီအစဉ် (Authorized Economic Operator (AEO) Program) နဲ့ Dry Port စနစ်တို့ကို ကျင့်သုံးဆောင်ရွက်နိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူစာချုပ် (Trade Facilitation Agreement) ကို ၂၀၁၇ ခုနှစ်ကနေစတင်ပြီး ကျင့်သုံးဆောင်ရွက်နေပါတယ်။

Single Window ရဲ့အစိတ်အပိုင်းဖြစ်တဲ့ သွင်းကုန်၊ ထုတ်ကုန်ရှင်းလင်းရေးလုပ်ငန်းစဉ်တွေမှာလည်း ရှင်းလင်းလွယ်ကူစေဖို့အတွက် Myanmar Automated Cargo Clearance System (MACCS) စနစ်ကို ရန်ကုန်ရေယာဉ်နဲ့ သီလဝါအထူးစီးပွားရေးဇုန် အပါအဝင် ရေဆိပ်၊ လေဆိပ်နေရာ ၁၃ ခုမှာ ၂၀၁၆ခုနှစ် နိုဝင်ဘာလ ၁၂ ရက်မှ စတင်ပြီး အသုံးပြုခဲ့ပါတယ်။ အဆင်ပြေချောမွေ့လာပြီဖြစ်တဲ့အတွက် နယ်စပ်ဒေသများမှာပါ ကျယ်ပြန့်စွာတိုးချဲ့အသုံးပြုနိုင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ပထမအဆင့်အနေနဲ့ မြန်မာ-ထိုင်းနယ်စပ်မှာရှိတဲ့ မြဝတီနယ်စပ်မှာ ၂၀၁၈ ခုနှစ် ဇွန် လ ၅ ရက်မှာ စတင်အသုံးပြုဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း အခြားနယ်စပ်တွေကို တစ်ဆင့်ပြီးတစ်ဆင့် တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ခြင်းကြောင့် အကောက်ခွန်လုပ်ငန်းတွေမှာ နိုင်ငံတကာလုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကုန်သွယ်မှုအသိုင်းအဝိုင်းမှာ လက်တွဲဆောင်ရွက်နိုင်ပြီး ကုန်သွယ်မှုလွယ်ကူချောမွေ့လာခြင်းအားဖြင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများပြားလာရင် ကုန်သွယ်မှုပမာဏ တိုးတက်လာပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။

**ညွှန်ကြားရေးမှူးချုပ်။** ။ အကောက်ခွန် ဦးစီးဌာန အနေနဲ့ အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နဲ့ ကြိုတင်ဝင်ငွေခွန်တို့ကို ကောက်ခံပါတယ်။ အဲ့ဒီမှာ အကောက်ခွန် (CD) က အကောက်ခွန်ဦးစီးဌာနအနေနဲ့ ကောက်ခံတာဖြစ်သော်လည်း ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နဲ့ ကြိုတင်ဝင်ငွေခွန်တို့ကို ပြည်တွင်းအခွန်များဦးစီးဌာနအတွက် ကောက်ခံပေးတာဖြစ်ပါတယ်။

အကောက်ခွန် ကောက်ခံရရှိမှုအနေနဲ့ကတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ငွေ ၅၆၉ ဘီလီယံကျော်၊ ၂၀၁၈ဘဏ္ဍာနှစ် Mini Budget မှာ ငွေကျပ် ၂၉၄ ဘီလီယံကျော် ကောက်ခံရရှိခဲ့တဲ့အတွက် နှစ်စဉ် လျာထားချက်ထက် ကျော်လွန်စွာ ကောက်ခံရရှိခဲ့ပါတယ်။ ပြည်တွင်းအခွန်များဦးစီး ဌာနအတွက် ကောက်ခံ ရရှိမှုအနေနဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် စုစုပေါင်း ငွေကျပ် ၁၅၆၂ ဘီလီယံကျော်၊ ၂၀၁၈ ဘဏ္ဍာနှစ် Mini Budget အတွက် စုစုပေါင်း ငွေကျပ် ၇၇၂ ဘီလီယံကျော် ကောက်ခံပေးပြီးဖြစ်ပါတယ်။

> **"ဆောင်ရွက်တဲ့အခါမှာ လုပ်ငန်းပမာဏနဲ့ ဝန်ထမ်းအင်အား မမျှတတဲ့အတွက် ဖွဲ့စည်းပုံအသစ်ပြင်ဆင်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဥပဒေပိုင်းဆိုင်ရာ ပြင်ဆင်မှုတွေကိုလည်း ခေတ်နဲ့လျော်ညီစေဖို့ ပြင်ဆင်လျက်ရှိပါတယ်။ ဒါ့အပြင် နိုင်ငံတကာလုပ်ထုံးလုပ်နည်းတွေနဲ့အညီ ကျင့်သုံးနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပါတယ်"**

**အစီအစဉ်မှူး။** ။ **ဆက်လက် ပြီးတော့ အကောက်ခွန်ဦးစီးဌာနရဲ့ ဆွေးနွေးခဲ့မှုအပေါ်မှာ UMFCCI ရဲ့ အဖွဲ့ဝင်တစ်ယောက်အနေနဲ့ အမြင်လေးကိုလည်း ဆွေးနွေးပေးစေလိုပါတယ်။**

**ဒေါ်ခိုင်ခိုင်နွယ်။** ။ အကောက်ခွန် လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနဲ့ပတ်သက်ပြီး ညွှန်ကြားရေးမှူးချုပ် ပြောခဲ့တာတွေက တော်တော်အားတက်စရာ ရှိပါတယ်။ ဌာနအနေနဲ့ အကောင်အထည်ဖော် ဆောင်ရွက်နေတာကိုလည်း ကျွန်မအနေနဲ့ တွေ့ရ၊ မြင်ရတာတွေရှိပါတယ်။ လတ်တလော အခက်အခဲတွေကိုလည်း ဆွေးနွေးပြောကြားလိုပါတယ်။

တင်သွင်း၊ တင်ပို့လာတဲ့ ပစ္စည်းတွေကို ရုံးချုပ်မှာ MACCS စနစ်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ Non Licence နဲ့ တင်သွင်းတဲ့ပစ္စည်းတွေ၊ Licence နဲ့ တင်သွင်းရတဲ့ CMP ကဲ့သို့သော ပစ္စည်းတွေကို တင်သွင်းရာမှာ လိုအပ်တဲ့စာရွက်စာတမ်းများကိုဖိုင်တွေနဲ့ Online မှာပါ Attached File တွဲပေးရတာကြောင့် ကြန့်ကြာနေရတယ်။ ဒါ့အပြင် မြေပြင်မှာ ကုန်ပစ္စည်းစစ်ဆေးတဲ့အခါ ဆိပ်ကမ်းတွေမှာ Physical Examination များတဲ့အခါမှာ စစ်ဆေးမယ့်နေရာမလုံလောက်တာတွေ စစ်ဆေးတဲ့လူအင်အား နည်းပါးနေတာတွေကြောင့် ကြန့်ကြာမှုတွေဖြစ်နေတာကို တွေ့ရပါတယ်။

**အစီအစဉ်မှူး။** ။ **အခုလက်ရှိ ကြုံတွေ့နေရတဲ့ အခက်အခဲတွေ ပြေလည်အောင် (UMFCCI) အနေနဲ့ အကြံပြုဆွေးနွေးပေးစေလိုပါတယ်။**

**ဒေါ်ခိုင်ခိုင်နွယ်။** ။ MACCS စနစ်ကို ကျင့်သုံးနေသော်လည်း အချို့အပိုင်းတွေမှာ Online ရော စာရွက်စာတမ်းရော အသုံးပြုနေတဲ့အတွက် မလိုလားအပ်ဘဲအဆင်မပြေမှုတွေ ရှိနေပါတယ်၊ Fully Online (Paperless) အနေနဲ့ ဖြစ်အောင်ဆောင်ရွက်သင့်ပါတယ်။ အထူးသဖြင့် Payment အပိုင်းမှာလည်း Online နဲ့ ချိတ်ဆက်ဆောင်ရွက်သင့်ပါတယ်။ ဒါမှသာ Fully Online ဖြစ်ပြီး ကုန်သွယ်မှုလွယ်ကူစေမှာ ဖြစ်ပါတယ်။

MACCS စနစ် ကျင့်သုံးရာမှာ User တွေရဲ့ ကျွမ်းကျင်မှုအားနည်းတာတွေ၊ ဝန်ထမ်းတွေရဲ့ ကျွမ်းကျင်မှုအားနည်းတာတွေရှိနေတဲ့အတွက် သင်တန်းတွေ၊ ဆွေးနွေးပွဲတွေ စဉ်ဆက်မပြတ် ကျင်းပပေးသင့်ပါတယ်။ မြေပြင်ပစ္စည်းထုတ်ယူတဲ့အခါမှာလည်း Trade Facilitation Agreement (TFA) ကုန်သွယ်မှုလွယ်ကူချောမွေ့ရေး သဘောတူစာချုပ်ကိုဦးစားပေးဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက် Risk Management စနစ်ကို ပြည့်ပြည့်ဝဝ အသုံးပြုသင့်ပါတယ်လို့ ပြောချင်ပါတယ်။

### ဝန်ထမ်းအင်အား တိုးချဲ့သင့်

ဥပဒေလုပ်ထုံးလုပ်နည်းတွေမှာလည်း ခေတ်နဲ့အညီ၊ နိုင်ငံတကာစံနှုန်းတွေနဲ့အညီ ဖြစ်ဖို့အတွက် ပြင်ဆင်ပြောင်းလဲသင့်ပါတယ်။ မဖြစ်မနေပြင်ဆင်ရမယ့် အဓိကအချက်ကတော့ ဝန်ထမ်းအင်အားနည်းပါးမှုပါပဲ။ ကျွန်မလေ့လာ မိသလောက်ဆိုရင် အာဆီယံနိုင်ငံတွေထဲမှာ မြန်မာနိုင်ငံ အကောက်ခွန်ဦးစီးဌာနရဲ့ ဝန်ထမ်းအင်အားဟာ အလွန်နည်းပါးနေတာကို တွေ့ရတယ်။ အိမ်နီးချင်း ငါးနိုင်ငံနဲ့ ကုန်သွယ်မှုဆက်စပ်နေတယ်။ ပထဝီအနေအထားရလည်း ကမ္ဘာ့ကုန်သွယ်မှုလမ်းကြောင်းမှာ အရေးပါတဲ့နေရာမှာ ရှိနေတာတွေ၊ ကုန်သွယ်မှုပမာဏ များပြားလာတာတွေကြောင့် ဝန်ထမ်းအင်အားတိုးချဲ့ဖို့ မဖြစ်မနေဆောင်ရွက်သင့်ပါတယ်။ ဒါ့အပြင် Trade Facilitation Agreement (TFA) ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူစာချုပ် လုပ်ငန်းစဉ်မှာလည်း အကောက်ခွန်ဦးစီးဌာနက အဓိက အကောင်အထည်ဖော်တဲ့ဌာနဖြစ်တဲ့အတွက် အခုကျွန်မ အကြံပြုချက်တွေကို ပြင်ဆင်ပြောင်းလဲဆောင်ရွက်သင့်တယ်လို့ သုံးသပ်အကြံပြုချင်ပါတယ်။

**အစီအစဉ်မှူး။** ။ **ဒေါ်ခိုင်ခိုင်နွယ် အကြံပြုဆွေးနွေးသွားတဲ့ အပေါ် ညွှန်ကြားရေးမှူးချုပ်အနေနဲ့ သုံးသပ်ဆွေးနွေးပေးစေလိုပါတယ်။**

**ညွှန်ကြားရေးမှူးချုပ်။** ။ ဒေါ်ခိုင်ခိုင်နွယ် ဆွေးနွေးသွားတာ မှန်ပါတယ်။ MACCS စနစ်ဟာ လက်ရှိအနေအထားအရ Fully Online မဖြစ်သေးပါဘူး။ ဖြစ်အောင်လည်း ဆောင်ရွက်နေပါတယ်။ အထူးသဖြင့် Payment ပိုင်းမှာ Bank တွေနဲ့ ချိတ်ဆက်ဆောင်ရွက်မှုတွေမှာ အားနည်းချက်တွေရှိနေပါသေးတယ်။ လက်ရှိအချိန်မှာ ကုန်သွယ်မှု တိုးတက်များပြားလာတာတွေ၊ စစ်ဆေးရေးစခန်းတွေ တိုးချဲ့ဖို့နဲ့ Dry Port များ တိုးချဲ့မှာဖြစ်တဲ့အတွက် ဝန်ထမ်းအင်အားတိုးချဲ့ဖွဲ့စည်းဖို့ လိုအပ်နေပါတယ်။ လက်ရှိအချိန်မှာလည်း ဝန်ထမ်းအင်အား နည်းပါးတဲ့အတွက် လုပ်ငန်းဆောင်ရွက်ရာမှာ အခက်အခဲတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဝန်ထမ်းအင်အား တိုးချဲ့ဖွဲ့စည်းပေးဖို့ တင်ပြထားပါတယ်။

**ဒေါ်ခိုင်ခိုင်နွယ်။** ။ ကျွန်မအနေနဲ့ ထပ်မံ ဆွေးနွေးအကြံပြုချင်ပါတယ်။ ဆိပ်ကမ်းရှင်းလင်းရေးလုပ်တဲ့အခါ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် Risk Management ကိုလည်း အပြည့်အဝသုံးစေချင်ပါတယ်။ ဒါထက်ပိုပြီး Apply လုပ်မယ်လို့ ယုံကြည်ပါတယ်။ ခုနက ညွှန်ကြားရေးမှူးချုပ်ဆွေးနွေးသွားတဲ့ ဥပဒေလုပ်ထုံးလုပ်နည်းတွေမှာ နိုင်ငံတကာစံနှုန်းများနဲ့အညီ ပြင်ဆင်ပြောင်းလဲသင့်တယ်ဆိုတာလည်း ကျွန်မအနေနဲ့ အမြန်ဆုံးဖြစ်စေချင်ပါတယ်။ မဖြစ်မနေလုပ်ရမှာက ဝန်ထမ်းအင်အားလိုအပ်နေတာကို ဖြည့်ဆည်းပေးဖို့ပါပဲ။ တကယ်လို့ Dry Port တွေ၊ Bonded Warehouse တွေ လုပ်တော့မယ်ဆိုရင် ဝန်ထမ်းအင်အား မဖြစ်မနေလိုအပ်လာမှာ ဖြစ်ပါတယ်။ နောက်တစ်ခါ ကုန်သွယ်မှုတိုးမြှင့်ဖို့အတွက် နိုင်ငံတော်က ဆောင်ရွက်နေပါတယ်။ အိမ်နီးချင်းနိုင်ငံများ နယ်စပ်ဒေသကုန်သွယ်မှု Boarder Trade နဲ့ဆက်စပ်ပြီး တိုးမြှင့်ဆောင်ရွက်နေတာတွေကြောင့် အကောက်ခွန်ဦးစီးဌာနအနေနဲ့လည်း တိုးမြှင့်ဆောင်ရွက်နေတာနဲ့အမျှ နေရာတိုင်းနေရာတိုင်းမှာ ဝန်ထမ်းတွေကို ပို့ရတော့မယ်။ သင်တန်းတွေလည်း ပေးရမယ်။ တော်တော်လေးပြောင်းလဲသင့်တာက ဝန်ထမ်းအင်အားတိုးချဲ့ဖို့ပါပဲ။ ဝန်ထမ်းအင်အားတိုးချဲ့မှသာ ကျွန်မတို့အတွက် ကုန်သွယ်မှုမှာ တော်တော်လေး အဆင်ပြေမယ်လို့ထင်ပါတယ်။

**ညွှန်ကြားရေးမှူးချုပ်** ။ ။ ကျွန်တော့်တို့အနေနဲ့လည်း ဝန်ထမ်းအင်အားတိုးချဲ့ဖို့ ဆောင်ရွက်နေပါတယ်။

**အစီအစဉ်မှူး။** ။ **ဒေါက်တာ အောင်ဇော်ကလည်း ဒေါက်တာတို့ အသင်းအနေနဲ့ ဆောင်ရွက်နေတဲ့ လုပ်ငန်းအခြေအနေလေးတွေကို ပြည်သူတွေသိရှိစေဖို့ ဆွေးနွေးပေးစေလိုပါတယ်။**

**ဒေါက်တာအောင်ဇော်။** ။ ကျွန်တော်တို့ မြန်မာနိုင်ငံ ဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများ အသင်းအနေနဲ့ နိုင်ငံပိုင်ဆေးဝါး စက်ရုံ ငါးရုံ၊ ပုဂ္ဂလိကပိုင် ဆေးဝါး စက်ရုံ ခုနစ်ရုံဖြင့် ဖွဲ့စည်းထားပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာ ၂၆၀ ဒသမ ၉သန်းရှိပြီး၊ အလုပ်သမား ၆၀၀၀ ကျော်ကို အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးခဲ့ပြီးဖြစ်ပါတယ်။ ဆေးဝါးအမျိုးအစား ၃၆၂ မျိုးခန့် ထုတ်လုပ်လျက်ရှိပါတယ်။ ထုတ်လုပ်မှုတန်ဖိုးအနေနဲ့က ငွေကျပ် ၆၀ ဘီလီယံခန့် ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ကျွန်တော်တို့ ဆေးဝါးစက်ရုံတွေက နိုင်ငံတကာ အရည်အသွေးဆိုင်ရာ စီမံခန့်ခွဲမှု လက်မှတ် (ISO certificates) တွေ၊ ပြည်တွင်း FDA ရဲ့ WHO GMP နဲ့ကိုက်ညီမှုရှိကြောင်း အသိအမှတ်ပြုလက်မှတ်တွေ ရရှိထားပြီးဖြစ်ပါတယ်။ ။

**ဇော်ကြီး၊ ခတ်ပုံ-ဖေဇော်**

*(ဆက်လက်ဖော်ပြပါမည်)*

# ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

***ယမန်နေ့မှ အဆက်***

၄၁။ (က) ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် အခကြေးငွေ ကောက်ခံခြင်း၊ ဝင်ကြေးသတ်မှတ်ကောက်ခံခြင်းများကို သက်ဆိုင်ရာ စီမံခန့်ခွဲရေး ကော်မတီက သတ်မှတ်ပေးရမည်။

(ခ) စီမံခန့်ခွဲရေးကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်စေသည့် ဆောင်ရွက်မှုများ၊ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးအတွက် ဒဏ်ကြေးငွေများကို တစ်ကြိမ်တည်းသော်လည်းကောင်း၊ နှစ်စဉ်သော်လည်းကောင်း သတ်မှတ်ပေးရမည်။

၄၂။ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက်ပါ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး စည်းကမ်းချက် တစ်ရပ်ရပ်ကို လိုက်နာခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိလျှင် ကြိုတင်ခွင့်ပြုချက်ရရှိသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးပြီးစည်းကမ်းချက်နှင့်အညီ လိုက်နာဆောင်ရွက်စေခြင်း၊ ခံဝန်ချက် ရေးထိုးစေခြင်း၊

(ခ) ဒဏ်ကြေးငွေ ပေးဆောင်စေပြီး စည်းကမ်းချက်နှင့်အညီ လိုက်နာဆောင်ရွက်စေခြင်း။

၄၃။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် အသုံးစရိတ်များကို ဝန်ကြီးဌာနက ကျခံရမည်။

၄၄။ ဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး အတွက် သင့်လျော်သောရန်ပုံငွေတစ်ရပ်ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထူထောင်ထားရှိနိုင်သည်။

၄၅။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၆။ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ ဤဥပဒေနှင့် သက်ဆိုင်သည့်ပြစ်မှုများကို ဤဥပဒေအရသာ အရေးယူရမည်။

၄၇။ ဝန်ကြီးဌာနသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသနှင့် ကြားခံဒေသ အတွင်းရှိ မြို့ပြနှင့်ကျေးရွာများ၏ လူမှုရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးရေးကိစ္စရပ်များကို မထိခိုက်စေဘဲ ညှိနှိုင်းသတ်မှတ်ပေးရမည်။

၄၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ ဦးစီးဌာန၊ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၄၉။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၉/၁၉၉၈) အရ သတ်မှတ်ထားသည့် ရှေးဟောင်း အထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်နှင့် ရှေးဟောင်းနေရာဇုန်တို့ကို ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသဟု လည်းကောင်း ကာကွယ်ထိန်းသိမ်းထားသောဇုန်ကို ကြားခံဒေသဟု လည်းကောင်း မှတ်ယူရမည်။

၅၀။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၉/၁၉၉၈)အရ ထုတ်ပြန် ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ဆက်လက်ကျင့်သုံးနိုင်သည်။

၅၁။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၉/၁၉၉၈) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

## သန်လျင်၌ မွေးမြူရေးဆိုင်ရာ ဟောပြောပွဲကျင်းပ

**သန်လျင် ဒီဇင်ဘာ ၃**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးချုပ်မှ ညွှန်ကြားရေးမှူး ဒေါက်တာမြင့်နိုင် ခေါင်းဆောင်သောအဖွဲ့သည် သန်လျင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းနှင့်အတူ ဒီဇင်ဘာ ၁ ရက်က သုဓမ္မကွင်းကျေးရွာနှင့် ကရင်ဆိပ်ကျေးရွာများ၌ တိုင်းရင်းကြက်များတွင် ဖြစ်ပွားတတ်သော ကြက်လည်လိမ်ရောဂါကာကွယ်ဆေး I2 အကြောင်း ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်များနှင့် ကျွဲ၊ နွား မွေးမြူမှုဖွံ့ဖြိုးရေး ဈေးကွက်စီးပွားရေးများအကြောင်း ဟောပြောခဲ့ကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**

---


**ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**
**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**
**မွန်ပြည်နယ်ဦးစီးမှူးရုံး**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မွန်ပြည်နယ်ဦးစီးမှူးရုံး ဆောက်လုပ်ရန်အတွက် အောက်ပါလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင် မည်သူမဆို ဝင်ရောက် အဆိုပြုအိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) ရုံးဆောက်လုပ်ခြင်းလုပ်ငန်း ပေ(၄၀×၆၀) RC နှစ်ထပ် (ရေ၊ မီး အပါအဝင်)၊ ပေါ်တီကို ပေ(၂၀×၂၀)

(ခ) ပေ(၁၀၀×၁၂၀) ရုံးမြေကွက်အား ၄ ပေအမြင့် မြေကြီးဖို့ခြင်းနှင့် မြေညှိပြုပြင်ခြင်း၊

(ဂ) (၁၀၀×၁၂၀)ပေ ရုံးမြေကွက်အား ၄ ပေအမြင့် ကျောက်စီခြင်းနှင့် အုတ်တံတိုင်းခတ်ခြင်း၊ ရေမြောင်းနှင့် ပေ(၁၈×၇) ဂိတ်တံခါး ပြုလုပ်ခြင်း

(ဃ) ၁၂ပေအကျယ်၊ အရှည်ပေ ၃၀၊ ဖလက်မ ထုကွန်ကရစ်လမ်းပြုလုပ်ခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို တစ်စောင်လျှင် ကျပ် ၁၀၀၀၀ိ/နှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ မွန်ပြည်နယ်ဦးစီးမှူးရုံး၊ ခြောက်ထပ်ရုံး၊ တတိယထပ်၊ ရုံးကြီးလမ်း၊ ပန်းဘဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့တွင် ရုံးချိန်အတွင်း လာရောက် ဝယ်ယူလျှောက်ထားနိုင်ပါသည်။

(က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - ၁၀-၁၂-၂၀၁၈ ရက်မှ ၁၁-၁-၂၀၁၉ ရက်အထိ

